# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၃၂၂)


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၂၄၇ /၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူ အလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ငါးကြိမ်သတ်မှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှ ၃၁ ရက်နေ့အထိအား (ထူးခြားသည့် အခြေအနေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ယင်း၏ လက်အောက်ခံအစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှအပ) တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ်ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အခြေခံပညာကျောင်းများ ဆက်လက်၍ ယာယီပိတ်ထားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID-19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ဟန့်တားထိန်းချုပ်ရန် လိုအပ်သည့်အတွက် အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်) အား ၂၃-၈-၂၀၂၁ ရက်နေ့မှ ၃၁-၈-၂၀၂၁ ရက်နေ့အထိ ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

### ယနေ့ ဖတ်စရာ


**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း**
ဆောင်းပါး စာ - ၆

**အစွန်းလွတ်ရန် အစွဲလျှော့ရာ၏**
ဆောင်းပါး စာ - ၁၀

**အာဖဂန်နစ္စတန်ရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ပေးရန် ယူနက်စကို တောင်းဆို** စာ - ၁၂


## အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့်ဆက်စပ်ပစ္စည်းများ ပေးပို့လှူဒါန်း



ရန်ကုန် ဩဂုတ် ၂၀

အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့် ဆက်စပ်ပစ္စည်းများ ပေးပို့လှူဒါန်းသည့် အထူးကုန်တင်လေယာဉ်မှာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။(ဝဲပုံ)

အဆိုပါ ပေးပို့လှူဒါန်းသည့် ဆေးနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Sau-rabh Kumar ဦးဆောင်သော

*စာမျက်နှာ ၄ ကော်လံ ၄* ❖

# စိုက်မွေးထုတ်ကုန်များနှင့် ပြည်ပဈေးကွက်

မြန်မာနိုင်ငံသည် ရေ၊ မြေအရင်းအမြစ်တို့ ပေါများသည့်အလျောက် စိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးအပေါ် အမှီပြုခဲ့ရသည်မှာ သမိုင်းတစ်လျှောက်လုံးပင်ဖြစ်သည်။ နိုင်ငံတစ်ခုလုံး ကိုလိုနီဘဝကျရောက်ခဲ့ရသည့်အခါ နယ်ချဲ့အရင်းရှင်တို့က မိမိတို့နိုင်ငံမှထွက်သည့် သယံဇာတများနှင့် ဆန်စပါး၊ ကျွန်းသစ်စသည်တို့ကိုသာ ထုတ်ယူသွားခဲ့ကြပြီး စက်မှုလုပ်ငန်းများ ထူထောင်ခဲ့ခြင်းမရှိခဲ့။ ဆန်စက်၊ သစ်စက်၊ ရေနံချက်စက်နှင့် ရေနံမြေကဲ့သို့သော လုပ်ငန်းများမှာလည်း ဒုတိယကမ္ဘာစစ်ကာလတွင် မြေလှန်စနစ်ဖြင့် မီးရှို့ဖျက်ဆီးသွားခဲ့ခြင်းနှင့် ဗုံးကြဲဖျက်ဆီးခြင်းတို့ နှစ်ကြိမ်တိုင်တိုင်ခံခဲ့ရပြီးနောက် ပြာပုံမျှသာ ကျန်ရစ်ခဲ့ရသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရအဆက်ဆက်တို့အနေဖြင့် နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်တို့ ပါဝင်နေသည့် စိုက်ပျိုးရေးကဏ္ဍကိုသာ နိုင်ငံ၏ အဓိကစီးပွားရေးအဖြစ် အခြေခံခဲ့ကြရပြီး စက်မှုနိုင်ငံထူထောင်မည်ဆိုလျှင်ပင် နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီမည့် စိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံအဖြစ် ထူထောင်ရန်၊ စိုက်ပျိုးရေးထုတ်ကုန်များမှ ရရှိသည့် ဝင်ငွေမှ အရင်းအနှီးစုဆောင်းပြီး စက်မှုလုပ်ငန်းထူထောင်ရန်စသည့် မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးမှာ မိရိုးဖလာပုံစံအတိုင်းသာ လုပ်ကွက်ငယ်မိသားစုပိုင်လုပ်ငန်းများက အများစုဖြစ်နေသည့်အလျောက် နိုင်ငံတကာနှင့်ယှဉ်ပါက အိမ်နီးချင်းနိုင်ငံများကိုပင် မယှဉ်နိုင်ကြောင်း တွေ့ရသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် တီထွင်ဆန်းသစ်ပြီး စွမ်းဆောင်လိုစိတ်ပြင်းပြသော ကိုယ်ရည်ကိုယ်စွမ်းရှိသူများ အများအပြားပေါ်ပေါက်လာရန် အရေးကြီးသည်။ ရှေးရိုးအစဉ်အလာ လယ်ယာကုန်ထုတ်လုပ်ငန်းကို အခြေခံသည့် လူ့အဖွဲ့အစည်းများမှ ပြည်သူများမှာ ခေတ်မမီသည့် ဓလေ့ထုံးစံများတွင် ပိတ်မိနေတတ်ပြီး ကုန်ထုတ်လုပ်မှုကို အားပေးသောစိတ်ဓာတ်နှင့် ပတ်ဝန်းကျင်အခြေအနေများလည်း မရှိကြောင်း အမေရိကန်ပြည်ထောင်စု အမ်အိုင်တီ တက္ကသိုလ်မှ စီးပွားရေးပညာ ပါမောက္ခတစ်ဦးက ရေးသားခဲ့သည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်ဆိုလျှင် စိုက်ပျိုးထုတ်လုပ်နေကြသူများတွင် တီထွင်ဆန်းသစ်ပြီး စွမ်းဆောင်လိုစိတ် ပြင်းပြသူများ ပေါ်ပေါက်လာရေး ပျိုးထောင်လေ့ကျင့်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ အခြေတည်ရာ ကျေးလက်ဒေသများတွင် ကုန်ထုတ်လုပ်မှုကိုအားပေးသော စိတ်ဓာတ်နှင့် ပတ်ဝန်းကျင်အခြေအနေများ ဖန်တီးပေးရန် လိုအပ်သည်ဟူ၍ သီအိုရီအရ ဆိုရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၆)လပြည့်မြောက်သည့်နေ့ မိန့်ခွန်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ထောက်ပြခဲ့ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နည်းစနစ်တကျ ခေတ်မီအောင် ဆောင်ရွက်နိုင်ရေး အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် စိုက်ပျိုးရေးထွက်ကုန်များ၏ ဈေးကွက်သေချာရေး၊ ခေတ်မီသိုလှောင်ရေးစနစ်နှင့် တန်ဖိုးမြှင့်ထုတ်လုပ်ရေးစနစ်များ ကြိုးစားလုပ်ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ အရှုံးမပေါ်ရေး ကြိုးစားဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ပြီး မိမိတို့နိုင်ငံသည် Agro Base Industry စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းကို သွားရမည်ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

သမားရိုးကျစိုက်ပျိုးရေးမှသည် တီထွင်ဆန်းသစ်ရေးကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပြီး တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေကာ နိုင်ငံတကာဈေးကွက်တွင် ဈေးကွက်ဝေစု အခိုင်အမာရရှိရေး ထိုးဖောက်ဆောင်ရွက်နိုင်ဖို့ လိုသည်။ ပြည်တွင်းဈေးကွက်မျှဖြင့် တောင်သူတို့ဘဝ မြင့်မားရန် နှေးကွေးမည်။ တောင်သူတို့၏ စိုက်ပျိုးမွေးမြူထုတ်ကုန်များ ပြည်ပပို့ကုန်အဖြစ် ဈေးကွက်ခိုင်မာသည်နှင့်အမျှ ကျေးလက်ပြည်သူတို့ဘဝ ကြွယ်ဝလာနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော် ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၀

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ(၁၇-၈-၂၀၂၁)နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၃၁-၅-၂၀၂၁) နေ့မှ (၁၆-၇-၂၀၂၁)နေ့ထိ လုပ်ငန်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းသုံးဦး၊ အထွေထွေ သုံးဦး ပေါင်း ခုနစ်ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ သုံးဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၀၈၉ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၁၆၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ရေတာရှည်မြို့နယ်၌ ထာဝရသုခ အောက်ဆီဂျင်စက်ရုံဖွင့်



**ရေတာရှည် ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးနှင့် ရောဂါပိုးတွေ့ရှိပြီး ကုသရေးစင်တာများတွင် အောက်ဆီဂျင်လိုအပ်မှုများ ရှိနေသည်ဖြစ်ရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ စီမံကြီးကြပ်မှုဖြင့် မြို့မိမြို့ဖများ၊ ကုသိုလ်ရှင်များ စုပေါင်းမတည် လှူဒါန်းငွေများဖြင့် ကြံသနွယ်ကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းအနီး တောင်နန်ချွန်ကျေးရွာနေ ဦးမျိုး ဝင်းထွန်း-ဒေါ်သန်းသန်းချို (သုခရွှေပြည့်စုံ) မိသားစုက လှူဒါန်းသော ပေ ၆၀ x ပေ ၆၀ရှိ မြေကွက်နေရာတွင် အောက်ဆီဂျင်စက်ရုံကို ငွေကျပ်သိန်း ၁၃၀၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

PSA Oxygen Generator စက်သည် ဩဂုတ် ၁၉ ရက်က ရောက်ရှိတပ်ဆင်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် စက်ရုံဖွင့်ပွဲနှင့် စက်လည်ပတ်ခြင်းတို့ကို ဆောင်ရွက်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်လင်း၊ တောင်ငူခရိုင် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထက်နှင့် အလှူရှင်များက အားပေးကြည့်ရှုသည်။ **(အပေါ်ပုံ)**

အဆိုပါ အောက်ဆီဂျင်စက်ရုံသည် တစ်ရက်လျှင် လီတာ ၄၀ အိုး ၇၂ လုံးအထိ ထုတ်လုပ်နိုင်မည်ဖြစ်ကာ ရေနီ၊ မြို့လှ၊ သာဂရ၊ ဆွာ၊ ရေတာရှည်မြို့များရှိ ဆေးရုံများ၊ အောက်ဆီဂျင်အကူအညီပေးရေး ပရဟိတအဖွဲ့များကို လိုအပ်သလောက် ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**

# အောက်ဆီဂျင်အိုးများနှင့် အသက်ရှူစက်များ အခမဲ့ ငှားရမ်းနိုင်

**ရန်ကုန် ဩဂုတ် ၂၀**

သနဗ္ဗနမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်က ကြီးမှူး၍ ကိုဗစ်-၁၉ ဟိန္ဒူမိသားစုများ ကူညီထောက်ပံ့ရေးအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာလများတွင် တစ်နိုင်တစ်ပိုင် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဧပြီလမှစ၍ ၂၀၂၁ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ အလှူရှင်များ၏ လှူဒါန်းကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခု ကိုဗစ်-၁၉ ကာလတွင် လူသားများအား ကျန်းမာရေးဆိုင်ရာ အခက်အခဲမျိုးစုံ ကြုံတွေ့နေရချိန် တစ်နိုင်တစ်ပိုင် လူသားအကျိုးပြုလုပ်ငန်းများကို အခမဲ့ ဆက်လက် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ယင်း ကူညီထောက်ပံ့ရေးလုပ်ငန်းများအနက် အောက်ဆီဂျင်အိုးများ ငှားရမ်းခြင်း၊ အောက်ဆီဂျင်အိုးများ ဖြည့်ပေးခြင်း၊ အသက်ရှူစက် ငှားရမ်းပေးခြင်း၊ ကိုယ်တွင်းအောက်ဆီဂျင်မြင့်တက်လာစေရန် / ပုံမှန်ရှိစေရန်အတွက် အသက်ရှူ (ယောဂ လေ့ကျင့်ခန်း) ဗီဒီယိုပြုလုပ်၍ မျှဝေပေးခြင်း၊ အွန်လိုင်းဖြင့် မနက်၊ ညနေ နှစ်ကြိမ် ယောဂ လေ့ကျင့်ခန်း သင်ကြားပို့ချပေးခြင်း၊ အိမ်တွင်းဆေးဝါး (သို့) တိုင်းရင်းဆေးများ ဖော်စပ်နည်းများကို ညွှန်ကြားပေးခြင်း၊ အောက်ဆီဂျင်တိုင်းစက်များကို လိုအပ်သူများအား လှူဒါန်းပေးခြင်းစသည့် အကျိုးပြုလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လိုအပ်သူများ အနေဖြင့် ငှားရမ်းလိုပါက ဖုန်း ၀၉-၂၅၂၂၂၇၅၅၂၊ ၀၉ - ၂၅၆၃၃၄၀၇၀ တို့သို့ ဆက်သွယ်ပြီး သတ်မှတ်စည်းကမ်းချက်များနှင့် အညီ အခမဲ့ငှားရမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေ၊ စည်းကမ်းများ ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လို

ပြီးခဲ့သည့် ၆ လတာ ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေအရပ်ရပ်အား သုံးသပ်ကြည့်ပါက ဒီမိုကရေစီနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များ များစွာရှိသေးသည်ကို သင်ခန်းစာတစ်ခုအနေဖြင့် ရရှိကြောင်း၊ ဒီမိုကရေစီ၏အခြေခံမှုနှင့် ကိုက်ညီအောင်လည်း ဖော်ဆောင်ပေးရမည့် လုပ်ငန်းရပ်များရှိကြောင်း၊ အဆိုပါလုပ်ငန်းရပ်များမှာ ဥပဒေ၊ စည်းကမ်းများအား ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့သွားနေသည့် နိုင်ငံရေးလမ်းကြောင်းသည် ပြည်သူများ၏ ဆန္ဒဖြစ်သော်လည်း နိုင်ငံ၏ပကတိအခြေအနေများနှင့် ကိုက်ညီရန်လိုအပ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီတောင်းဆိုမှုများ ရှိခဲ့သော်လည်း ဒီမိုကရေစီနှင့်ပတ်သက်၍ ထဲထဲဝင်ဝင် သိရှိနားလည်သူများ နည်းပါးသည်ကို မှတ်တမ်းမှတ်ရာများအရ လေ့လာသိရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီတည်ဆောက်မှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၀

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Myanmar Golden Produce Co.,Ltd ၏ ပြည်တွင်းထွက် သစ်သီးဝလံနှင့် သီးနှံများကို တန်ဖိုးမြှင့် ထုတ်လုပ်သည့်စက်ရုံကို ကြည့်ရှုအားပေးသည်။** (ယာပုံ)



ထိုသို့ကြည့်ရှုစဉ် ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်နှောင်းနှောင်းဝင်းက တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းရောင်းချမှု၊ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ရေး၊ ဈေးကွက်တိုးချဲ့ရရှိရေး၊ ပြည်ပတင်ပို့မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် လုပ်ငန်းတွင် လက်ရှိကြုံတွေ့နေရသော အခက်အခဲများအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စပ်မျိုးစပါးများထုတ်လုပ်၍ ပြည်ပတင်ပို့ခြင်း၊ အထွက်တိုး စပါးမျိုးစေ့ထုတ်လုပ်၍ ပြည်တွင်းဖြန့်ချိရောင်းချခြင်း၊ ပြည်တွင်းစပါးမျိုးများကို မျိုးမြှင့်တင်၍ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ပြည်ပတွင် ဈေးကွက်ဝင်သည့်စပါးများ စိုက်ပျိုးထုတ်လုပ်၍ ဆန်ကြိတ်ခွဲပြီး ပြည်ပတင်ပို့သည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် MAYLP Agriculture Co., Ltd သို့ ရောက်ရှိပြီး ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးစိုးလင်းထွန်းက နေပြည်တော်ဒေသအနီးတစ်ဝိုက်ရှိ မြို့နယ်များတွင် တောင်သူလယ်သမားများနှင့် အကျိုးတူပူးပေါင်း၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်နေမှု၊ ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု၊ ကြုံတွေ့နေရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ တင်ပြရာ ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများနှင့် ကန်ထရိုက်လယ်ယာစနစ် တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့်ပြည်ပဈေးကွက်ဝယ်လိုအား ကောင်းမွန်သော ပြည်တွင်းစပါးမျိုးများ တိုးချဲ့ထုတ်လုပ်နိုင်ရေးနှင့်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ အကြံပြုဆွေးနွေးပြီး ကုမ္ပဏီမှ တင်ပြလာသည့် အခက်အခဲများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာအုပ်စုရှိ နေပြည်တော်တစ်ဝိုက်မြို့နယ်အသီးသီးမှ တောင်သူလယ်သမားများနှင့် အကျိုးတူ ကန်ထရိုက်စနစ်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်၍ ဟင်းသီးဟင်းရွက် အေးခဲထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့လျက်ရှိသည့် Myanmar Agri Foods Co., Ltd သို့ ရောက်ရှိပြီး ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးရဲမြင့်မောင်က လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ တောင်သူလယ်သမားများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပြီး တောင်သူလယ်သမားများ ဝင်ငွေပိုမိုရရှိရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးကာ စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

## တောင်တွင်းကြီးမြို့နယ် ကန်တော်ကြီးရေလှောင်ကန်အတွင်း ငါးမျိုးများစိုက်ထည့်



**တောင်တွင်းကြီး ဩဂုတ် ၂၀**

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမျိုးပြုန်းတီးမှု လျော့ပါးစေရေး၊ ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးထုတ်လုပ်မှု တိုးတက်စေရေးနှင့် ပြည်သူများ ငါးစားသုံးမှုနှုန်း မြင့်မားစေရေးတို့အတွက် မြစ်ချောင်းသဘာဝရေပြင်များနှင့် ဆည်တာတမံများအတွင်း နှစ်စဉ် ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တောင်တွင်းကြီးမြို့ ကန်တော်ကြီး ရေလှောင်ကန်အတွင်း ငါးမျိုးများ စိုက်ထည့်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူရှိန်းနှင့် အဖွဲ့ဝင်များ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေး ကော်မတီများ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဇော်ဝင်း၊ မြို့နယ်ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးကျော်စွာဝင်းနှင့် ဝန်ထမ်းများသည် မြို့နယ်ငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအောက်ခံ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၂၀၀၀၀၀ ကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ငါးမျိုးစိုက်ထည့်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျေးလက် ကုန်ထုတ်လမ်းတံတားလုပ်ငန်းများနှင့် ကျေးလက်မီးလင်းရေးအတွက် မဟာဓာတ်အားလိုင်းပြင်ပစနစ် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

**ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးစေရေးနှင့် စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းစဉ်များတွင် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည့် ကျေးလက်လယ်ယာကုန်ထုတ်လမ်းများ၊ ဆိပ်ခံတံတားများ၊ ကျေးရွာတွင်းလမ်း၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးလက်မီးလင်းရေးအတွက်လည်း ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေး မျှော်မှန်းချက်နှင့်အညီ ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု မဟာဓာတ်အားလိုင်းပြင်ပစနစ်(Off-Grid) မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။**



ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ကျေးလက်ကုန်ထုတ်လမ်း တံတားလုပ်ငန်းများနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီးလုပ်ငန်းများ၏ မြေပြင်ပကတိအခြေအနေကို မျက်ခြည်မပြတ် ကြည့်ရှုစစ်ဆေးလေ့လာသုံးသပ်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ ပိုမိုပြည့်စုံကောင်းမွန်အောင် ဖန်တီးလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်မှ ကျခံသုံးစွဲရသည့်ငွေကြေးများ အလေအလွင့်နည်းပါးပြီး အရည်အသွေး ပြည့်ဝသောလုပ်ငန်းများအဖြစ် ကျေးလက်နေပြည်သူများကို ပြည့်ပြည့်ဝဝ အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၈၁၅ ရွာတွင် ကုန်ထုတ်လမ်းအမျိုးအစားအလိုက် လမ်းမိုင်ပေါင်း (၈၂၉/၀ ဒသမ ၇)မိုင်နှင့် ကုန်ထုတ်တံတားစင်းရေ စုစုပေါင်း ၁၂၀၀ ကို ကုန်ကျငွေကျပ် ၄၀၉၅၀ ဒသမ ၁၆၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် လူထုအခြေပြုစီမံကိန်းများဖြစ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်းနှင့် မြစိမ်းရောင်စီမံကိန်းများဖြင့် ကျေးရွာတွင်းလမ်း (၁၃၆၇၉/ ၄ ဒသမ ၄၅) မိုင်၊ တံတားစင်းရေ ၄၃၇၃ စင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျေးလက်ကုန်ထုတ်လမ်းတံတားများ ဖောက်လုပ်ပေးခြင်းဖြင့် ကောက်ပဲသီးနှံ၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အချိန်ကုန်သက်သာလွယ်ကူမြန်ဆန်စေပြီး စိုက်ပျိုးမွေးမြူရေး ဧကပေါင်း ၁၀ ဒသမ ၁၄ သိန်းကျော် အကျိုးပြုပေးနိုင်ခဲ့ပါကြောင်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဆိုလာစနစ်၊ အသေးစား ရေအားစနစ်၊ ဒီဇယ်အင်ဂျင်စနစ်၊ မဟာဓာတ်အားလိုင်း တိုးချဲ့သွယ်တန်းခြင်းစနစ်တို့ဖြင့် (၂၀၁၂-၂၀၁၃) ဘဏ္ဍာရေးနှစ်မှ ယခု (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၁၈၄၆၄ ရွာတွင် အိမ်သုံးဆိုလာစနစ်ဖြင့် ၈၁၂၂၃၄ စုံ၊ အသေးစားဓာတ်အားစနစ်ဖြင့် လုပ်ငန်းပေါင်း ၃၇၃ ခု၊ မဟာဓာတ်အားလိုင်း တိုးချဲ့သွယ်တန်းပေးမှုအနေဖြင့် လုပ်ငန်းပေါင်း ၃၄၂၀ ဆောင်ရွက်ပေးခဲ့ပြီး ကျေးလက်နေပြည်သူ ၄ ဒသမ ၆၂ သန်းခန့် အကျိုးခံစားခွင့် ရရှိခဲ့ပါကြောင်း၊ ကျေးလက်မီးလင်းရေးကဏ္ဍတွင် ပြည်သူ -ပုဂ္ဂလိက ပူးပေါင်းပါဝင်ဆောင်ရွက်မှု တိုးမြင့်လာစေရေးအတွက် စီမံကိန်းအာမခံချက်ပေးနိုင်ရန် အသေးစားဓာတ်အားစနစ် စီမံကိန်းဧရိယာများသို့ မဟာဓာတ်အားလိုင်း ရောက်ရှိလာပါက ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် တိကျခိုင်မာသည့် မူဝါဒများ ချမှတ်ထားရှိရန် လိုအပ်ပါကြောင်း၊ အသေးစားဓာတ်အားစနစ်ဖွံ့ဖြိုးရေး ဆောင်ရွက်သူ Developer များအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကာလရှည်၊ ကာလလတ် ချေးငွေ အထောက်အပံ့များကို ဘဏ်လုပ်ငန်းကဏ္ဍမှ ရရှိရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားပြီး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးများက စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်ဆေးရုံများတွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၂၀**

ကရင်ပြည်နယ် ဘားအံမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုကို မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် ဆေးရုံအတွင်း လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိတပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖*ရှေ့ဖုံးမှ*

ကိုယ်စားလှယ်အဖွဲ့က ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာလှတို့ထံ လွှဲပြောင်းပေးအပ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အသုံးပြုရန် အိန္ဒိယနိုင်ငံအစိုးရက Long Surgical Glove (Elbow)size,5,7 ၅၀၀၀၀ ၊ Examination Gloves ၁၅၀၀၊ Digital BP Cuff ၅၇၀ ၊ Portable X-ray 100MA တစ်ခု၊ KN-95 Medical Mask (GP 19083) ၁၄၄၀၀ ၊ Rapid Antigen Test Kit ၂၀၀၀ ၊ High-flow nasal cannula (HFNC) ၁၀၀ ၊ Body Bed ၂၉၂ ခု ၊ PPE Coverall ၁၂၄၀ ၊ Pulse Oximeter (finger Tip) ၃၀၀ ၊ Oxygen Concentrator ၂၄ လုံး၊ Apron ၁၆၀၀ ၊ Empty Oxygen Cylinder (40-50 )LTR အလုံး ၄၀၀ တို့ကို အိန္ဒိယနိုင်ငံ နယူးဒေလီလေဆိပ်မှ ရန်ကုန်လေဆိပ်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ အစိုးရက မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပထမအကြိမ်အဖြစ် ဩဂုတ် ၁၅ ရက်က ဆေးနှင့်ဆက်စပ်ပစ္စည်း ကုန်တန်ချိန် ၅ တန်ကျော်ပါဝင်သော ဆေးပစ္စည်းရစ်မျိုးကို ပေးပို့လှူဒါန်းခဲ့ပြီး ကုန်တန်ချိန် ၄၀ ပါဝင်သော ယခုထောက်ပံ့မှုသည် ဒုတိယအကြိမ်မြောက်ဖြစ်ကာ တတိယအကြိမ်အဖြစ် ထပ်မံပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ သိရသည်။

**ဓာတ်ပုံ-ကနူးညိမ်းသူ (သတင်းစဉ်)**



အိန္ဒိယသံအမတ်ကြီး H.E. Mr. Saurabh Kumar နှင့် ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းနှင့်အဖွဲ့တို့ အိန္ဒိယနိုင်ငံအစိုးရက လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။

# တောင်ငူခရိုင်အတွင်း ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေး

ပဲခူး ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ ဝန်ကြီးများနှင့်အတူ တောင်ငူခရိုင်အတွင်း ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဩဂုတ် ၁၉ရက်က သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့ အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်းခန်းမ၌ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာ စကားပြောကြားကာ Oxygen Concentrator ၁၀လုံးနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများအား ဆေးတပ် တပ်ရင်းမှူးထံ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တောင်ငူမြို့ မိုင်ဒါကွင်း၌ တည်ဆောက်လျက်ရှိသည့် Oxygen Plant စက်ရုံအား သွားရောက်ကြည့်ရှု စစ်ဆေးပြီး အောက်ဆီဂျင်အိုး ပိုးသတ်ခန်း ထည့်သွင်းတည်ဆောက်ရန်၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ စက်ရုံလုံခြုံရေးနှင့် လေဝင်/လေထွက် ကောင်းမွန်မှုရှိစေရေး တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာရှိ ဆင်းသုခ မျိုးစေ့ထုတ်စိုက်ခင်း ၇၅ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဒေသခံတောင်သူလယ်သမားများထံ သွင်းအားစု ဓာတ်မြေဩဇာ အိတ် ၅၀ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် အုတ်တွင်းမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသည့် ကျန်းမာရေးဝန်ထမ်း ၁၇ဦးအတွက် အင်အားဖြည့်စားသောက်နိုင်ရန် ငွေကျပ် ၁၇ သိန်း၊ သီးခြားထောက်ပံ့ငွေကျပ် ငါး သိန်းနှင့် အသင့်သောက်မြန်မာ့ရိုးရာလက်ဖက်ရည်ထုပ်တို့ကို အုတ်တွင်းမြို့ ပြည်သူ့ဆေးရုံအုပ်ကြီးထံ ထောက်ပံ့ပေးအပ်ပြီး ဆေးရုံအတွင်း လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖြူးမြို့ဘိုးဘွားရိပ်သာသို့ သွားရောက်ခဲ့ပြီး ဘိုးဘွားများအတွက် အာဟာရထောက်ပံ့ငွေကျပ် ငါး သိန်း၊ Oxygen Concentrator နှစ်လုံး၊ PPE Level 1 အထည် ၁၀၀၊ Hand Gel တစ်ဖာ ၊ ခုတင် (၅၀)ဆံ့ ပဲခူးတိုင်းရင်းဆေးရုံမှ ထုတ်လုပ်သည့် ဆေးလက်ဖက်ခြောက်ထုပ်များနှင့် အသင့်သောက် မြန်မာ့ရိုးရာလက်ဖက်ရည်ထုပ်များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖြူးမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရသည့် ကျန်းမာရေးဝန်ထမ်း ၁၇ ဦးအတွက် ငွေကျပ် ၁၇သိန်း၊ သီးခြားထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် အသင့်သောက် မြန်မာ့ရိုးရာလက်ဖက်ရည်ထုပ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွန်းလွဲပိုင်း၌ ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(၃၉)မိုင်အနီး ဘောနတ်ကြီး-ဘုရားကြီးသွားလမ်းပေါ်ရှိ လုံခြုံရေးနှင့် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ် တည်ဆောက်နေမှုနှင့် ပဲခူးမြို့ ကလိဆေးရုံဝင်းအတွင်း၌ တည်ဆောက်ထားသည့် Oxygen Plant စက်ရုံမှ အောက်ဆီဂျင်များထုတ်လုပ်နေမှုအခြေအနေနှင့် စက်ရုံအနီး တန် ၂၀ ဆံ့ Liquid Oxygen Station တည်ဆောက်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး( ပဲခူး)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ BBC နှင့် CNI News က ဆက်သွယ်မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခြင်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်ကြီး အေးသဇင်မြင့်က BBC နှင့် CNI News က ဆက်သွယ်မေးမြန်းလာမှုများကို အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့သည်-**

မေး။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်မှာ ဩဂုတ်လ ၁၈ ရက်က ဂန့်ဂေါ-ကလေး ကားလမ်းအတိုင်းမောင်းလာတဲ့ တပ်မတော်ယာဉ်တန်း မိုင်းခွဲတိုက်ခိုက်ခံရတာကြောင့် တပ်သား ၃၀ လောက် သေဆုံးပြီး အများအပြား ဒဏ်ရာရသွားတယ်လို့ ဒေသခံတွေကို ကိုးကားပြီး DVB ကဖော်ပြထားပါတယ်။ ဖြစ်စဉ်မှန်ကို သိလိုပါတယ်။

ဖြေ။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်မှာ ဩဂုတ်လ ၁၈ ရက်က ဂန့်ဂေါ - ကလေး ကားလမ်းအတိုင်းမောင်းနှင်လာတဲ့ တပ်မတော်ယာဉ်တန်းတစ်ခု မိုင်းခွဲတိုက်ခိုက်ခံရတာကြောင့် တပ်မတော်သား ၃၀ ခန့်ကျဆုံးပြီး ဒဏ်ရာအများအပြားရသွား တယ်လို့ ဒေသခံတွေကို ကိုးကားပြီး DVB ကဖော်ပြထားတဲ့ သတင်းက လုပ်ကြံဝါဒဖြန့်ထားတဲ့ သတင်းမှားသာ ဖြစ်ပါတယ်။ ဖြစ်စဉ်မှန်က ဩဂုတ်လ ၁၈ ရက် မနက် ၁၁ နာရီခန့်မှာ ဂန့်ဂေါ မြို့နယ်၊ ဟံသာဝတီကျေးရွာ တိုက်နယ်ဆေးရုံမှာ မိုင်းစထိမှန် ဒဏ်ရာရရှိသူများ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စိစစ်ခဲ့ရာ ယင်းမာပင်မြို့နေ လမ်းပြုပြင်လုပ်သားများလိုက်ပါလာတဲ့ ရွှေညီကို ကုန်တင်ယာဉ်လိုင်းမှ HINO ယာဉ်အမျိုးအစား ခြောက်ဘီးယာဉ်ဟာ ကလေး - ဂန့်ဂေါကားလမ်းအတိုင်း ကလေးမြို့သို့ မောင်းနှင်လာစဉ် ရဲလှကျေးရွာလမ်းဆုံအနီးအရောက် ကားလမ်းရဲ့ ဝဲ/ယာမှ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူ ၅၀ ခန့်က လက်လုပ်ကားမိုင်း နှစ်လုံး ဖောက်ခွဲပြီး လက်နက်ငယ်၊ တူမီးသေနတ်များနဲ့ ပစ်ခတ်ခဲ့တဲ့အတွက် လမ်းလုပ်သား ငါးဦး မိုင်းစထိမှန်ဒဏ်ရာရရှိကာ မော်တော်ယာဉ် အနည်းငယ်ပျက်စီးခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များဟာ အဆိုပါ ဒဏ်ရာရရှိသူများကို ဟံသာဝတီကျေးရွာ တိုက်နယ်ဆေးရုံမှ တပ်မတော်ဆေးရုံသို့လွှဲပြောင်း ဆေးကုသမှုဆောင်ရွက်ပေးလျက် ရှိပါတယ်။

လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများဟာ အပြစ်မဲ့ပြည်သူများကို ရက်စက်စွာ အကြောင်းမဲ့ နှိပ်စက်သတ်ဖြတ်မှုများ ကျူးလွန်လျက်ရှိပြီး အဆိုပါ ဖြစ်စဉ်များကိုလည်း အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံတဲ့ မီဒီယာအချို့က အပြစ်မဲ့ ပြည်သူတွေ သတ်ဖြတ်ခံခဲ့ရမှုကိုဖုံးကွယ်ပေးပြီး တပ်မတော်သားများ၊ တပ်မတော်ယာဉ်များကို ပစ်ခတ်တိုက်ခိုက် သတ်ဖြတ်သယောင် မဟုတ်မမှန် သတင်းဖော်ပြလျက်ရှိပါတယ်။ ဒါကြောင့် အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံ ရေးသားနေတဲ့ မီဒီယာများနဲ့ အပြစ်မဲ့ပြည်သူများကို ရက်စက်စွာသတ်ဖြတ်နေတဲ့ လက်နက်ကိုင် အကြမ်းဖက်သမားတွေကို ပြည်သူအားလုံးက ဝိုင်းဝန်းဆန့်ကျင် ဖော်ထုတ်ပေးကြပါစေလိုကြောင်း ပြောကြားလိုပါတယ်။




**သတင်းစဉ်**

# ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနများသို့ လူနာတင်ယာဉ်များ ပေးပို့လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံတွင် လတ်တလော ကြုံတွေ့နေရသည့် ကိုဗစ် - ၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း လူနာများ၏အသက်ကို ကယ်တင်နိုင်ရန်အတွက် ဂျပန်နိုင်ငံအစိုးရက ကိုဗစ် - ၁၉ ရောဂါ လူနာများအား အရေးပေါ်သယ်ယူပို့ဆောင်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျန်းမာရေး စောင့်ရှောက်မှုဌာနများသို့ လူနာတင်ယာဉ်များ ပေးပို့လှူဒါန်းလျက်ရှိသည်။



အဆိုပါ ယာဉ်များကို ကိုဗစ် - ၁၉ ရောဂါ လူနာများအား ကုသပေးနေသည့် ကျန်းမာရေး စောင့်ရှောက်မှု ဌာနများတွင် အသုံးပြုရန်ဖြစ်ကြောင်း သိရသည်။

လူနာတင်ယာဉ်ပေးပို့ လှူဒါန်းမည့် ဆေးရုံကြီးများမှာ ဝေဘာဂီ အထူးကုဆေးရုံ (ကူးစက်) ၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မြောက်ဥက္ကလာပ၊ မြစ်ကြီးနား၊ လွိုင်ကော်၊ မုံရွာ၊ ပဲခူး၊ ပြည်၊ မော်လမြိုင်၊ စစ်တွေ၊ လားရှိုး၊ ပုသိမ်မြို့များရှိ အထွေထွေရောဂါကု ဆေးရုံကြီးများဖြစ်ကြသည်။

လူနာတင်ယာဉ်များ ကုန်ကျငွေအတွက် ယမန်နှစ်က စတင် အကောင်အထည်ဖော်ခဲ့သည့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၈ သန်းတန်ဖိုးရှိ ကျန်းမာရေး ထောက်ပံ့မှုအစီအစဉ်မှ တစ်စိတ်တစ်ပိုင်း ထုတ်ယူ သုံးစွဲခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသည် ဆေးဘက်ဆိုင်ပစ္စည်းများဖြစ်သည့် Automated PCR testing machines (PCR အလိုအလျောက် စစ်ဆေးစက်များ)နှင့် PCR လက်ပ်တော့များ ၊ PCR test kits ( PCR စစ်ဆေးကိရိယာများ)နှင့် molecular biological grade ethanol များ၊ လျှပ်စစ် ဓာတ်အား ထောက်ပံ့ရေးယူနစ်များနှင့် ICU အဆောက်အအုံများအတွက် မီးစက်များကို မြန်မာနိုင်ငံအတွက် ပေးအပ်ခဲ့ပြီး ဖြစ်သည်။

ဂျပန်နိုင်ငံသည် မကြာမီပေးအပ်မည့် Oxygen Concentrator များ အပါအဝင် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ အထောက်အပံ့များကို မြန်မာနိုင်ငံရှိပြည်သူများထံ တိုက်ရိုက်ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်သည့် မိတ်ဖွဲ့အဖွဲ့အစည်းများမှ တစ်ဆင့် တက်ကြွစွာ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းနှင့် ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူများသည် မြန်မာနိုင်ငံအတွက် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရှိ ဂျပန်သံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**မျိုးမင်းသူရ**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း ကမ္ဘောဒီးယားနိုင်ငံ

*အေးစုကျော်*


### နိဒါန်း

ကမ္ဘောဒီးယားနိုင်ငံ၏ တရားဝင်အမည်မှာ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်တောင်ပိုင်းတွင် တည်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ အနောက်မြောက်ဘက်တွင် ထိုင်းနိုင်ငံ၊ အရှေ့မြောက်ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့ဘက်တွင် ဗီယက်နမ်နိုင်ငံနှင့် အနောက်တောင်ဘက်တွင် ထိုင်းပင်လယ်ကွေ့တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး အကျယ်အဝန်းမှာ ၁၈၁၀၃၅ စတုရန်း ကီလိုမီတာ ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး ၂၀၁၉ ခုနှစ် စာရင်းအရ လူဦးရေ ၁၅ ဒသမ ၂၈ သန်း ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူဦးရေ၏ ၉၇ ရာခိုင်နှုန်းကျော်သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ မြို့တော်မှာ ဖနွမ်းပင်မြို့ ဖြစ်ပြီး အသုံးပြုသည့် ငွေကြေးမှာ ရီယဲဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပါလီမန်ကိုယ်စားပြု ဒီမိုကရေစီစနစ်ပေါ်တွင် အခြေခံထားသည့် စည်းမျဉ်းခံဘုရင်စနစ်ကို ကျင့်သုံးသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ အကြီးအမှူးမှာ ဘုရင်ဖြစ်ပြီး ပြည်သူများအတွက် ငြိမ်းချမ်းသာယာဝပြောရေးကို ကိုယ်စားပြုသည်။ ဘုရင်မင်းမြတ်တစ်ပါး နန်းသက်ကုန်ဆုံးပါက ၎င်း၏နေရာကို အနည်းဆုံးအသက် ၃၀ နှစ်ရှိပြီးဖြစ်သော ဆွေမျိုးသားချင်းများသာ ဆက်ခံပိုင်ခွင့်ရှိသည်။ ဘုရင်မင်းမြတ်သည် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ကို ခန့်အပ်နိုင်ပြီး ဥပဒေပြုလွှတ်တော်မှ တင်သွင်းသည့် ဥပဒေဆိုင်ရာကိစ္စရပ်များနှင့် အစိုးရအဖွဲ့မှ အဆိုပြုချက်များကို အတည်ပြုပြဋ္ဌာန်းနိုင်သည်။ အစိုးရအဖွဲ့၏ အကြီးအမှူးမှာ ဝန်ကြီးချုပ်ဖြစ်ပြီး ၎င်းသည် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံး ဆောင်ရွက်သည်။ ဝန်ကြီးချုပ်သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ရမည့်အပြင် အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ထောက်ခံချက်ဖြင့် ဘုရင်မှ ခန့်အပ်ပေးသည်။ ၎င်းသည် ဝန်ကြီးများကောင်စီ (အစိုးရအဖွဲ့) ကို ခန့်အပ်ခြင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်သည်။ ဝန်ကြီးချုပ်နှင့် ၎င်း၏ အစိုးရအဖွဲ့သည် ကမ္ဘောဒီးယားအစိုးရ၏ အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်ပြီး သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၁၉၇၀ ပြည့်နှစ် အာဏာသိမ်းပြီးချိန်နောက်ပိုင်းတွင် နှစ်ပေါင်း ၂၀ ကျော် ပြည်တွင်းစစ်ဒဏ်ကို ခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်တွင် နိုင်ငံရေးပါတီများအကြား သဘောတူညီချက် ရရှိသွားပြီး စစ်ပွဲများပြီးဆုံးသွားခဲ့သည်။ သို့သော်လည်း ၁၉၉၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ အသွင်ကူးပြောင်းရေး ကုလသမဂ္ဂအာဏာပိုင်အဖွဲ့ (United Nations Transitional Authority in Cambodia, UNTAC) အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ အာဏာအမြင့်ဆုံး အမျိုးသားကောင်စီနှင့် ပူးပေါင်း၍ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကို ၁၉၉၃ ခုနှစ် မေလ ၂၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့သည်။ ခမာလူမျိုးများ သိမ်းပိုက်ထားသည့် အချို့သောဒေသများတွင် တည်ငြိမ်အေးချမ်းမှု မရှိခဲ့သည်မှအပ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲဆန္ဒရှင်စုစုပေါင်း ငါးသန်းခန့်ရှိသည့်အနက် ၈၆ ဒသမ ၇၈ ရာခိုင်နှုန်းက မဲပေးခဲ့ကြသည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပါတီ လေးခုက အနိုင်ရရှိခဲ့သော်လည်း လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ သုံးပုံနှစ်ပုံခန့်ကို မည်သည့်ပါတီမှ မရရှိခဲ့သောကြောင့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန်သာ ဖြစ်လာခဲ့သည်။ ၁၉၉၈ ခုနှစ် အောက်လွှတ်တော်ဖြစ်သော အမျိုးသားလွှတ်တော် (National Assembly) ရွေးကောက်ပွဲပြီးနောက် ပါလီမန်အတွက် အခြားလွှတ်တော်တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ထိုလွှတ်တော်မှာ အထက်လွှတ်တော် (Senate) ဖြစ်သည်။ အောက်လွှတ်တော်၏ ကိုယ်စားလှယ်နေရာ သုံးပုံနှစ်ပုံခန့်ကို အနိုင်ရမှသာ အစိုးရဖွဲ့နိုင်မည်ဟူသောအချက်သည် လိုအပ်ချက်တစ်ခုအနေဖြင့် တည်ရှိနေသောကြောင့် မလွှဲမရှောင်သာသော နိုင်ငံရေး အခြေအနေကို ဖြေရှင်းရန်အတွက် အများသဘောဆန္ဒအရ အထက်လွှတ်တော် ပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။ ၂၀၀၆ ခုနှစ်မှစ၍ အထက်လွှတ်တော်ကိုယ်စားလှယ်များကို ကွန်မြူနီကောင်စီ (Commune Councilors) များမှ တစ်ဆင့်ခံရွေးချယ်ခြင်းနှင့် ကိုယ်စားလှယ်လေးဦးကို ဘုရင်နှင့် အောက်လွှတ်တော်တို့က ရွေးချယ်ခြင်းတို့ပြုလုပ်သည်။ ၂၀၀၂ ခုနှစ်တွင် Communes နှင့် Sangkats (အုပ်ချုပ်ရေးနယ်မြေများ) အတွက် ဒေသအလိုက် တိုက်ရိုက်ရွေးချယ်တင်မြှောက်သည့်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ (Commune/ Sangkat) ကောင်စီရွေးကောက်ပွဲဥပဒေများကို ပြဋ္ဌာန်းပြီးသည့်နောက်တွင် ထိုကောင်စီ၏အဖွဲ့ဝင်များကို PR စနစ်ကိုအခြေခံ၍ တိုက်ရိုက်ရွေးကောက်တင်မြှောက်ရန် ပြဋ္ဌာန်းခဲ့သည်။

### ကမ္ဘောဒီးယားလွှတ်တော်ဖွဲ့စည်းပုံ




**❋ အောက်လွှတ်တော် (အမျိုးသားလွှတ်တော်)၊ အထက်လွှတ်တော် ရွေးကောက်ပွဲနှင့်ကွန်မြူနီ/ ဆန်းကတ် (Commune/ Sangkat) ကောင်စီ ရွေးကောက်ပွဲများကို အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representative System- Closed List) ကို ကျင့်သုံး၍ ဆောင်ရွက်သည်။ အဆိုပါစနစ်တွင် ပါတီများမှ ဝင်ရောက်ယှဉ်ပြိုင် ရွေးကောက်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အရည်အချင်းအလိုက် စီစဉ်ပေးထားခြင်းဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုရခြင်းမျိုး မဟုတ်ဘဲ ပါတီကိုသာ ဆန္ဒပြုရခြင်းဖြစ်**

၁၉၉၇ ခုနှစ် ရွေးကောက်ပွဲဥပဒေအတိုင်း ၂၀၁၃ ခုနှစ်တွင် အောက်လွှတ်တော် ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် အောက်လွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်းသည့် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ခဲ့သည်။ ထိုပြင်ဆင်သည့် ဥပဒေအသစ်တွင် "လွှတ်တော်တွင် ပါဝင်သော နိုင်ငံရေးပါတီများက ဖြစ်စေ၊ အောက်လွှတ်တော် ပထမအကြိမ်အစည်းအဝေး၌ဖြစ်စေ၊ ကျမ်းသစ္စာကျိန်ဆိုပြီးချိန်၌ဖြစ်စေ သပိတ်မှောက်ခြင်း ပြုလုပ်ပါက ကိုယ်စားလှယ်နေရာများ တစ်နေရာမကျန် ဖယ်ရှားပစ်မည်" ဟူသော ထင်ရှားသည့် ပြဋ္ဌာန်းချက်တစ်ခုကို ထည့်သွင်း ပြဋ္ဌာန်းခဲ့သည်။

၂၀၁၃ ခုနှစ် ရွေးကောက်ပွဲအလွန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် (NEC) ကိုယ်တိုင် ပါဝင်ခဲ့သည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီ (Cambodian People's Party – CPP) နှင့် ကမ္ဘောဒီးယားအမျိုးသားကယ်ဆယ်ရေးပါတီ (Cambodia National Rescue Party– CNRP) တို့၏ သဘောတူညီချက်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၅) အရ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် (NEC) ကို နိုင်ငံ၏အမြင့်ဆုံးအဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ NEC ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရွေးကောက်ပွဲဥပဒေမဟုတ်ဘဲ သီးခြားဥပဒေတစ်ခုအဖြစ် ပြဋ္ဌာန်းခဲ့သည်။

### အမျိုးသားရွေးကောက်ပွဲကော်မရှင် (NEC)

အမျိုးသားရွေးကောက်ပွဲကော်မရှင် (NEC) ကို ၁၉၉၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေနှင့်အညီ တည်ထောင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် NEC ကို နိုင်ငံသားကိုယ်စားပြုအများ ယုံကြည်လေးစားခြင်းခံရသော ခမာလူမျိုးများ၊ အမျိုးသားညီလာခံတွင် တက်ရောက်ခွင့်ပေးထားသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်ထဲရေးနှင့် ပြည်သူ့အကျိုးပြုဆိုင်ရာဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

၂၀၁၅ ခုနှစ်တွင် အမျိုးသားရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဥပဒေပြင်ဆင်ချက်အရ NEC ကို ဘုရင်မှ အဖွဲ့ဝင် လေးဦး၊ အမျိုးသားလွှတ်တော်မှ ပါတီကိုယ်စားပြုအဖွဲ့ဝင် လေးဦး၊ အမျိုးသားလွှတ်တော်ရှိ ပါတီများမှ ထောက်ခံသော ကိုယ်စားလှယ် တစ်ဦးတို့ပါဝင်သော အဖွဲ့ဝင် ကိုးဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

အမျိုးသား ရွေးကောက်ပွဲကော်မရှင်သည် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနှင့် ဥပဒေများမှသတ်မှတ်ထားသည့် အခြားရွေးကောက်ပွဲများကို စီစဉ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် စီမံခြင်းတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ NEC သည် ပါတီစုံ၊ လစ်ဘရယ်ဒီမိုကရေစီ၏ အခြေခံမူများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများရရှိစေရန် ၎င်း၏ တရားစီရင်ပိုင်ခွင့်ကို သီးခြားရပ်တည်ပြီး ဘက်လိုက်မှုမရှိ အကောင်အထည်ဖော်ရပါသည်။

NEC သည် မဲဆန္ဒရှင်စာရင်းများကို နှစ်စဉ်ပြင်ဆင်မှုများ ပြုလုပ်ရပြီး ကမ္ဘောဒီးယား ပြည်သူများ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများကို စီစဉ်ဆောင်ရွက်ပေးသည်။ ရွေးကောက်ပွဲနှစ်များတွင် NEC သည် မဲရုံများရှိ ရွေးကောက်ပွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ပေးပြီး ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားမှုများကို ဖြေရှင်းပေးသည်။

### ကျင်းပသည့် ရွေးကောက်ပွဲများ

အမျိုးသားရွေးကောက်ပွဲကော်မရှင်မှ ကျင်းပဆောင်ရွက်ပေးသည့် ရွေးကောက်ပွဲများမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) အထက်လွှတ်တော်ရွေးကောက်ပွဲ (Senate Election )
( ခ ) အောက်လွှတ်တော်ရွေးကောက်ပွဲ ( National Assembly Election )
( ဂ ) မြို့တော်၊ စီရင်စု၊ မြူနီစီပယ်၊ ခရိုင်နှင့် ခန်ကောင်စီရွေးကောက်ပွဲ (The Election of the Capital, Provincial, Municip–ality, District, and Khan Councils Election )
(ဃ) ကွန်မြူနီ/Sangkat ကောင်စီရွေးကောက်ပွဲ (Commune/ Sangkat Council Election)

*စာမျက်နှာ ၇ သို့*

# ရန်ကုန်မြို့တော်စည်ပင် အောက်ဆီဂျင်ထုတ်စက်ရုံမှ ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးမည်

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းက သုဝဏ္ဏအားကစားကွင်း၌ ကိုဗစ်-၁၉ ရောဂါ လူနာကုသရေး စင်တာ ဖွင့်လှစ်ရန်ပြင်ဆင်နေမှု၊ အောက်ဆီဂျင်စက်ရုံ လည်ပတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားကွင်းတွင် အုတ်တစ်ချပ် သဲတစ်ပွင့် ဖောင်ဒေးရှင်းမှ တာဝန်ယူ ဆောင်ရွက်နေသည့် ကိုဗစ် -၁၉ ကုသရေး စင်တာ၌ ရောဂါပိုးတွေ့လူနာ ၅၀၀ ကုသပေးနိုင်ရန် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ HDU အခန်းနှင့် Oxygen Plant တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို တာဝန်ခံ ဦးကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်း တို့က စင်တာအတွင်း လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ ညွှန်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ၂၄ ရပ်ကွက် ရေနံ့သာလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ သိုလှောင်ရုံတွင် JAZZ 74 Group Companies မှ မတည်၍ စာနာစိတ်ထား ပေးဆပ်သူများ လူမှုကူညီရေး ပရဟိတအသင်းမှ အများပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေး ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီသို့ လှူဒါန်းထားသည့် အောက်ဆီဂျင်ထုတ် စက်ရုံ၏ စမ်းသပ် လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ (ဝဲပုံ)

အဆိုပါ Oxygen Plant မှ တစ်နေ့လျှင် လီတာ ၄၀ ဆလင်ဒါအိုး ၁၀၀ ကျော် ထွက်ရှိမည်ဖြစ်ပြီး ရန်ကုန်မြို့တော်နေ ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး

(ပြန် /ဆက်)

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၂၀

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လှည်းကူးမြို့တွင် ၄ ဒသမ၂၁ လက်မ၊ သပိတ်ကျင်းမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ မော်ဘီ (စိုက်ပျိုးရေး)တွင် ၂ ဒသမ ၇၅ လက်မ၊ နမ့်စန်မြို့တွင် ၂ ဒသမ ၂၁ လက်မ၊ ရွှေဘိုမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မုံရွာမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ လှိုင်လင်မြို့တွင် ၁ ဒသမ ၁၄ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် ကနီမြို့၊ ကျောက်ဖြူမြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၁ ဒသမ ဝ၂ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

---

*စာမျက်နှာ ၆ မှ*

**၂၀၁၃ ခုနှစ် ရွေးကောက်ပွဲအလွန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် (NEC) ကိုယ်တိုင်ပါဝင်ခဲ့သည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီ (Cambodian People's Party - CPP) နှင့် ကမ္ဘောဒီးယားအမျိုးသား ကယ်ဆယ်ရေးပါတီ (Cambodia National Rescue Party-CNRP) တို့၏ သဘောတူညီချက်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၅) အရ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင် (NEC) ကို နိုင်ငံ၏အမြင့်ဆုံးအဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ NEC ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရွေးကောက်ပွဲဥပဒေမဟုတ်ဘဲ သီးခြားဥပဒေတစ်ခုအဖြစ် ပြဋ္ဌာန်းခဲ့သည်**

အမျိုးသား ရွေးကောက်ပွဲကော်မရှင်သည် အောက်လွှတ်တော်အတွက် ရွေးကောက်ပွဲများကို ၁၉၉၃၊ ၁၉၉၈၊ ၂၀၀၃၊ ၂၀၀၈၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် အသီးသီးကျင်းပပေးခဲ့သည်။ အထက်လွှတ်တော်အတွက် ရွေးကောက်ပွဲများကို ၂၀၀၆၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် ကျင်းပပေးခဲ့သည်။ ကွန်မြူနီ (Commune/ Sangkat) ကောင်စီရွေးကောက်ပွဲများကို ၂၀၀၂၊ ၂၀၀၇၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ကျင်းပခဲ့ပြီး မြို့တော်၊ ပြည်နယ်၊ မြူနီစီပယ်နှင့် ခရိုင်များအတွက် ရွေးကောက်ပွဲများကို ၂၀၀၉၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များတွင် ကျင်းပပေးခဲ့သည်။

## ရွေးကောက်ပွဲစနစ်

အောက်လွှတ်တော် (အမျိုးသားလွှတ်တော်)၊ အထက်လွှတ်တော် ရွေးကောက်ပွဲနှင့် ကွန်မြူနီ/ဆန်းကတ် (Commune/ Sangkat) ကောင်စီ ရွေးကောက်ပွဲများကို အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representative System- Closed List) ကို ကျင့်သုံး၍ ဆောင်ရွက်သည်။ အဆိုပါစနစ်တွင် ပါတီများမှ ဝင်ရောက်ယှဉ်ပြိုင် ရွေးကောက်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို အရည်အချင်းအလိုက် စီစဉ်ပေးထားခြင်း ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုရခြင်းမျိုး မဟုတ်ဘဲ ပါတီကိုသာ ဆန္ဒပြုရခြင်း ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အချိုးကျကိုယ်စားပြုစနစ်ကို အသုံးပြုထားသော်လည်း ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီများအနေဖြင့် ရရှိရမည့် အနိမ့်ဆုံး ထောက်ခံမဲရာခိုင်နှုန်း (Threshold) သတ်မှတ်ထားခြင်းမရှိပေ။

## လွှတ်တော်ဖွဲ့စည်းမှု

ကမ္ဘောဒီးယားနိုင်ငံတွင် အောက်လွှတ်တော်ဖြစ်သော အမျိုးသားလွှတ်တော် (National Assembly) နှင့် အထက်လွှတ်တော်ဖြစ်သော ဆီးနိတ်လွှတ်တော် (Senate) ဟူ၍ လွှတ်တော်နှစ်ရပ် ရှိပါသည်။

အောက်လွှတ်တော်သည် ဥပဒေများ ပြင်ဆင်ချမှတ်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်နှင့် အခွန်အခများ၊ အုပ်ချုပ်ရေးဆိုင်ရာစာရင်းများ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့် ညီလာခံများကို အတည်ပြုခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

အထက်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁၂ အရ ပြဋ္ဌာန်းထားသော အမျိုးသား ညီလာခံနှင့် တော်ဝင်အစိုးရတို့အကြား လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ရသည်။ အထက်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေမူကြမ်းများ သို့မဟုတ် အဆိုပြုထားသော ဥပဒေများ သို့မဟုတ် အထက်လွှတ်တော်ကိစ္စရပ်များကို ဆုံးဖြတ်ခြင်းနှင့် သဘောထားမှတ်ချက်ပြုခြင်းတို့ ဆောင်ရွက်ရသည်။

## အောက်လွှတ်တော် (အမျိုးသားလွှတ်တော် - National Assembly )

အောက်လွှတ်တော်ဖြစ်သော အမျိုးသားလွှတ်တော်ကို ရွေးကောက်ခံကိုယ်စားလှယ် ၁၂၅ ဦးဖြင့် ဖွဲ့စည်းထားသည်။ ကိုယ်စားလှယ်များကို ပြည်နယ်များရှိ မဲဆန္ဒနယ်များမှ လူဦးရေကို အခြေခံကာ ပါတီကိုယ်စားပြုသည့် အချိုးကျ ကိုယ်စားပြုစနစ် (Closed List) ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ အောက်လွှတ်တော်ကိုယ်စားလှယ်၏ သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ အောက်လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် အောက်ပါအခြေအနေများအရ ရွေးကောက်ပွဲကျင်းပရသည်မှအပ သင့်လျော်သော တနင်္ဂနွေနေ့ တစ်နေ့အား ရက်သတ်မှတ်၍ ကျင်းပသည်-

- ရွေးကောက်ပွဲနေ့ရက်ကို မဖြစ်မနေ ရွှေ့ဆိုင်းရမည့်ကိစ္စရပ်များ ပေါ်ပေါက်လာခြင်း၊
- အမျိုးသားလွှတ်တော် ဖျက်သိမ်းရန်ကိစ္စရပ်များ ပေါ်ပေါက်၍ ဖျက်သိမ်းသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲမဖြစ်မနေ ကျင်းပရခြင်း၊
- လွှတ်တော်သက်တမ်း တိုးမြှင့်ရန်ကိစ္စ ပေါ်ပေါက်ခြင်း၊ ( ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၈ အပိုဒ် ၅ အရ လွှတ်တော်သက်တမ်း တိုးမြှင့်ရန် လွှတ်တော်၌ မဲခွဲဆုံးဖြတ်ရာတွင် ဆန္ဒမဲအနည်းဆုံး သုံးပုံ နှစ်ပုံရရှိပါက လွှတ်တော်သက်တမ်း တိုးမြှင့်နိုင်သည်။)

အောက်လွှတ်တော် ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲစီမံခန့်ခွဲမှုကို အမျိုးသားရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဥပဒေတွင် သတ်မှတ်ထားသည့်အတိုင်း အမျိုးသားရွေးကောက်ပွဲကော်မရှင်၏ တရားစီရင်ပိုင်ခွင့်အောက်တွင် ထားရှိသည်။

## အထက်လွှတ်တော် ( Senate )

အထက်လွှတ်တော်သည် ကိုယ်စားလှယ်ဦးရေ ၆၂ ဦးဖြင့် ဖွဲ့စည်းထားသော ဥပဒေပြုအဖွဲ့အစည်းဖြစ်သည်။ ကိုယ်စားလှယ်နှစ်ဦးကို ဘုရင်မှ ခန့်အပ်ကာ နှစ်ဦးကို အောက်လွှတ်တော်မှ ခန့်အပ်ပြီး ကျန် ကိုယ်စားလှယ်များကို ကမ္ဘောဒီးယားပြည်နယ် ၂၄ ခုရှိ ကွန်မြူနီကောင်စီဝင်များနှင့် အောက်လွှတ်တော်ကိုယ်စားလှယ်များက ပါတီကိုယ်စားပြုသည့် အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်ပေးသည်။ အထက်လွှတ်တော်ကိုယ်စားလှယ်၏ သက်တမ်းမှာ ခြောက်နှစ် ဖြစ်သည်။ အထက်လွှတ်တော် ရွေးကောက်ပွဲကို ခြောက်နှစ်လျှင် တစ်ကြိမ် တနင်္ဂနွေနေ့တွင် ကျင်းပသည်။ အထက်လွှတ်တော်တွင် အောက်လွှတ်တော်ကိုယ်စားလှယ် အရေအတွက်၏ ထက်ဝက်ထက် လျော့နည်းရမည်ဟု ပြဋ္ဌာန်းထားပါသည်။

အထက်လွှတ်တော်၏ သက်တမ်းအရ အထက်လွှတ်တော်ကိုယ်စားလှယ်များသည် အရည်အချင်း မပြည့်စုံခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် သေဆုံးခြင်း စသည့်ကိစ္စရပ်များတွင် လစ်လပ်ကြောင်း ကြေညာရမည်ဖြစ်ပြီး ရာထူးသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ခြောက်လခန့် လစ်လပ်နေသော အထက်လွှတ်တော်ကိုယ်စားလှယ်များကို ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းမပြုဘဲ မူလနေရာမှ အဖွဲ့ဝင်အသစ်များဖြင့် ဖြည့်ဆည်းပေးရသည်။

အထက်လွှတ်တော် ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲကို စီမံခန့်ခွဲသည့်ကိစ္စရပ်များတွင် အမျိုးသားရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု အထက်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂ တွင် ပြဋ္ဌာန်းထားသည်။ အထက်လွှတ်တော်၏ ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် ခြောက်နှစ်လျှင် တစ်ကြိမ် ရွေးချယ်ရမည်ဖြစ်ပြီး ကျင်းပမည့်နေ့ရက်သည် သက်တမ်းကုန်ဆုံးမည့် နေ့ရက်မတိုင်မီ ရှစ်ပတ်မြောက် တနင်္ဂနွေနေ့နှင့် ထပ်တူကျရမည်ဟုအထက်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃တွင် ပြဋ္ဌာန်းထားပါသည်။

*ဆက်လက်ဖော်ပြပါမည်*

## မူဆယ် (၁၀၅) မိုင်တွင် ကြေးမုံစိမ်းမိသားစုကုမ္ပဏီလီမိတက်က လီတာ ၄၀ အောက်ဆီဂျင်အိုးများနှင့် ကိုဗစ်ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**မူဆယ် ဩဂုတ် ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ (ကြေးမုံစိမ်းမိသားစုကုမ္ပဏီ) ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ကုန်သွယ်ရေးဦးစီးဌာနနှင့် မူဆယ်မြို့နယ်အတွင်းရှိကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ မန်တုံဆေးရုံ၊ နမ္မတူဆေးရုံ၊ နမ့်အွန်ကျေးရွာ ဆေးပေးခန်း၊ ယာဉ်ယန္တရား တင်သွင်းသူများအသင်း၊ လူသားချင်း စာနာထောက်ထားမှုအကူအညီပေးရေး ကွန်ရက်နှင့် (၁၀၅) မိုင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများသို့ လီတာ ၄၀ အောက်ဆီဂျင်အိုးများနှင့် ကျန်းမာရေး အသုံးအဆောင်ပစ္စည်းများကို (၁၀၅) မိုင်နယ်မြေအတွင်းရှိ ဘုန်းကြီးကျောင်းလေးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ဆန်အိတ်များ ထောက်ပံ့လှူဒါန်းပွဲ ကျင်းပသည်။



အဆိုပါ ထောက်ပံ့လှူဒါန်းပွဲကို မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိ ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင် အစည်းအဝေးခန်းမဆောင်၌ ဩဂုတ် ၂၀ ရက်က ကျင်းပရာ တက်ရောက်လာသည့် အဖွဲ့အစည်းများကို ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန်ပစ္စည်းကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဒေါ်ရန်ကြူဟွမ် (ကြေးမုံစိမ်းမိသားစုကုမ္ပဏီ) ကိုယ်စားကုမ္ပဏီမှ တာဝန်ရှိသူ ကိုကျော်နိုင်ဦးက ဆန်အိတ် ၂၈ အိတ်၊ လီတာ ၄၀ အောက်ဆီဂျင်အိုး ၁၅ လုံး၊ နှာခေါင်းစည်း ၃၀၀၀ နှင့် ကျန်းမာရေး ပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၇၀ ခန့် လှူဒါန်းကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

## ကန့်ဘလူမြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည်

**ကန့်ဘလူ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်း အောက်ဆီဂျင်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကန့်ဘလူမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံဝင်းအတွင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးရွှေအောင်နှင့် အဖွဲ့၊ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနေမိုးနှင့် ဌာနဆိုင်ရာများက ဩဂုတ် ၂၀ ရက်က အောက်ဆီဂျင် စက်ရုံတည်ဆောက်နိုင်ရေး မြေနေရာ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သည်။ ယခုတည်ဆောက်မည့် အောက်ဆီ ဂျင် စက်ရုံမှ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံးရေ ၁၈၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

## မြစ်ရေကြီးခြင်း ဖြစ်ပွားသည့်အခါတွင် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးဆောင်ရွက်ရန်အချက်များ

**မြစ်ရေကြီးခြင်း မကြာခဏ ဖြစ်ပွားတတ်သည့်ဒေသများတွင် မြစ်ရေမကြီးမီ ကြိုတင်ဆောင်ရွက်ရန်**

- နေအိမ်အဆောက်အဦများကို ရေမနစ်မြုပ်နိုင်သည့် ကုန်းမြင့်ဒေသ၌ ဆောက်လုပ်နေထိုင်ရန်၊
- လှေ၊ ပွဲ့ထောင်၊ အသက်ကယ်အင်္ကျီ၊ ဝါး/ ငှက်ပျောတုံး/ သစ်တုံးဆောင်ထားရန်၊
- လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းနိုင်မည့်လမ်းကို ကြိုတင်သတ်မှတ်ထားရန်၊
- မိမိတို့မိသားစုအား ရေကူးသင်ပေးရန်၊ အရေးကြီး သယ်ဆောင်ရမည့် ပစ္စည်းများကို ပြောပြထားရန်၊
- လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲသုံးရေဒီယို၊ သောက်ရေ၊ အစားအစာများ ကြိုတင်စုဆောင်းထားရန်။

**မြစ်ရေကြီးမည့် သတိပေးချက်ရရှိပါက-**

- မိမိတို့ မိသားစု ပိုမိုလုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေထိုင်ရန်၊ အန္တရာယ်ရှိမည့်နေရာများသို့ သွားခြင်းမပြုရန်၊
- ကျွဲ၊ နွား တိရစ္ဆာန်များရေလွတ်ရာသို့ အမြန်ရွှေ့ပြောင်းရန်၊
- ရေဒီယိုမှ သတိပေးချက်/ထုတ်လွှင့်ချက်ကို နားထောင်ရန်၊
- သောက်ရေကို ပုံး(သို့မဟုတ်) သန့်ပြန့်သော ဘူးများတွင် သိုလှောင်ရန်၊
- အရေးကြီးသော ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံသောနေရာသို့ ပြောင်းရွှေ့ထားရန်၊

**မြစ်ရေကြီးနေစဉ်**

- ရေနစ်မြုပ်သည့်နေရာများသို့ လမ်းလျှောက်သွားခြင်း မပြုရန်၊
- မိမိဒူးထက်မြင့်သော ရေစီးကြောင်းကို ဖြတ်ကူးရန် မကြိုးစားပါနှင့်၊
- မြွေ၊ အဆိပ်ရှိသည့် သတ္တဝါများကို သတိထားရန်၊

**မြစ်ရေကြီးပြီးနောက်**

- ရေကို ကြိုချက်သောက်ပါ၊
- အန္တရာယ်ကျရောက်သောနေရာသို့ မသွားပါနှင့်၊
- လက်နှိပ်ဓာတ်မီးကိုသာ အသုံးပြု၍ သွားလာပါ၊
- နီးစပ်ရာ ဆေးရုံ/ဆေးခန်းမှ လိုအပ်သော ကျန်းမာရေး အကူအညီ တောင်းခံပါ၊

မြစ်ရေကြီးသည့် အန္တရာယ်ကို မြစ်၊ ချောင်းများအနီး နေထိုင်သူများအနေဖြင့် အထူးသတိပြုရန် လိုအပ်ပါသည်။

## ထီးချိုင့်မြို့နယ်၌ မြစ်ရေကြီးခြင်းသတိပေး

**ထီးချိုင့် ဩဂုတ် ၂၀**

ထီးချိုင့်မြို့နယ်တွင် ယနေ့နံနက် ၆ နာရီက ဧရာဝတီ မြစ်ရေသည် ၆၂၉ စင်တီမီတာ ရောက်ရှိနေသည်။

အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း ထီးချိုင့်မြို့၏ စိုးရိမ်ရေအမှတ် ၇၄၀ စင်တီမီတာသို့ ရောက်ရှိနိုင်မည်ဖြစ်၍ ယနေ့နံနက်ပိုင်းက ထီးချိုင့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက အမှတ် (၄) ရပ်ကွက်၊ ပိတောက်လှ၊ ပန်းရွှေဝါ၊ စစ်တန်းကျေးရွာနှင့် ဆင်ကျွန်း ကျေးရွာများတွင် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြရန် နှိုးဆော်မှုများ ဆောင်ရွက်ကြောင်း သိရသည်။

**လူအောင်(ကသာ)**



ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိနေသည့် သံဃာတော်များနှင့် သီလရှင်များ စုစုပေါင်း အပါး ၅၀၀ အား ဩဂုတ် ၂၀ ရက်က ဆ/ကရပ်ကွက် လယ်တီဝိပဿနာကျောင်း၌ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ စန္ဒာမိုး(ပြန်/ဆက်)



ဩဂုတ် ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများမှ အသက် ၆၅ နှစ်အထက်ရှိသည့် ဘိုးဘွားများနှင့် အသက် ၁၈ နှစ်အထက် ပြည်သူများအား ကသာမြို့နယ်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ဆက်လက်ထိုးနှံပေးစဉ်။ လူအောင်(ကသာ)



မိတ္ထီလာမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။ (မိတ္ထီလာမြို့တွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်ဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အသက် ၆၅ နှစ်နှင့်အထက်ရှိသူ ၇၀၉၆ ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပြီးဖြစ်သည်။) ချမ်းသာ(မိတ္ထီလာ)

## မြတ်မွန်စေတနာ လူမှုကူညီရေးအသင်းသို့ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်း အလှူငွေများ လှူဒါန်း

**သီပေါ ဩဂုတ် ၂၀**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် မြတ်မွန်စေတနာ လူမှုကူညီရေး ပရဟိတအသင်းသို့ ပြည့်ဖြိုးအောင် စက်သုံးဆီရောင်းဝယ်ရေး ဦးစောနိုင်-ဒေါ်မြင့်မြင့်သိန်း မိသားစုတို့က ကိုဗစ်-၁၉ ကာကွယ်ရေး ကာကွယ်ရေး ဝတ်စုံ ၁၀ စုံ အပါအဝင် ငွေကျပ် တစ်သိန်းတို့ကို မြတ်မွန်စေတနာ လူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဝင်း ထံသို့ ယနေ့နံနက်ပိုင်းက လှူဒါန်းကြောင်း သိရသည်။



**စိုင်း(သီပေါ)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ပိတ်ရက်မရှိ တင်သွင်းခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို အများပြည်သူရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ စဉ်ဆက်မပြတ် အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Oxygen Concentrator ၆၃၅ ခု၊ Test Kit ၁၀၀၀၊ PPE ဝတ်စုံ ၄၄၀ နှင့် ဆိပ်ကမ်းများမှ အောက်ဆီဂျင် (အရည်)အိုး ၁ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၆၁ လုံးအပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ ကန်ပိုက်တီ၊ လွယ်ဂျယ် ကုန်သွယ်ရေး စခန်းများမှ အောက်ဆီဂျင် (အရည်) Bowser ယာဉ် နှစ်စီးဖြင့် ၃၉ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၁၇ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် (၀ ဒသမ ဝ၇) တန်၊ အောက်ဆီဂျင်အိုး (အခွံ) ၅၉၁၇ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၉၃၉ ခု၊ Covid Test Kit ၄၀၀၀၊ PPE ဝတ်စုံ ၈၈၁၀ နှင့် နှာခေါင်းစည်း(Mask) ၇၃ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါ ပစ္စည်းများကို ကုမ္ပဏီ ၂၁ ခုမှ ယာဉ်စီးရေ ၅၀ ဖြင့် တင်သွင်းခဲ့ခြင်းဖြစ်သည်။

**တင်သွင်းခွင့်ပြု**

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၁၀၇၂ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၁၀၆၄ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၂၇၄ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် ၇၃ တန်၊ အောက်ဆီဂျင် (အရည်) Storage Container ၁၂ ခု၊ အောက်ဆီဂျင် (အရည်) Distri-butor ခြောက်ခု၊ အောက်ဆီဂျင် (အိုးခွံ) ၁၃၅၇၅၇ ခု၊ Oxygen Plant ၃၃ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် နှစ်ခု၊ အောက်ဆီဂျင် (Generator) ၁၁ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၈၂၃၆၆ ခု၊ Test Kit ၁၆၁၈၀၈ ခု၊ PPE ဝတ်စုံ ၅၅၉၈၇၅၊ လက်အိတ် ၈၃ တန်နှင့် နှာခေါင်းစည်း (Mask) ၁၃၆၇ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ် စုစုပေါင်း ၉၃ စီး၌ ရန်ကုန်မြို့သို့ ၆၈ စီး၊ မန္တလေးမြို့သို့ ၁၅ စီး၊ မော်လမြိုင်မြို့သို့ လေးစီး၊ ပဲခူးမြို့သို့ နှစ်စီး၊ သထုံမြို့သို့ တစ်စီး၊ သံဖြူဇရပ်မြို့သို့ တစ်စီး၊ မုံရွာမြို့သို့ တစ်စီး၊ နေပြည်တော်သို့ တစ်စီး ဖြစ်ကြောင်း သိရသည်။ Oxygen Plant စုစုပေါင်း ၄၁ ခု၌ ရန်ကုန်မြို့သို့ ၁၁ ခု၊ လားရှိုးမြို့ သို့ ငါးခု၊ ပဲခူးမြို့သို့ လေးခု၊ မန္တလေးမြို့သို့ လေးခု၊ ကျောက်ပန်းတောင်းမြို့ သုံးခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင်မြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ မိုးကောင်းမြို့နှင့် ကျောက်တံခါးမြို့များသို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းလာသည့် မော်တော်ယာဉ်များ။

**စီစဉ်ဆောင်ရွက်ပေး**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်သွင်းလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ။



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင် (အရည်) များ တင်သွင်းလာစဉ်။

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# အစွန်းလွတ်ရန် အစွဲလျှော့ရာ၏

ဒေါက်တာမြတ်မိုး

ကျွန်တော်တို့တစ်တွေဟာ အစွဲတွေနောက်ကို လိုက်ရင်း လိုက်ရင်းနဲ့ ဒုက္ခရောက်နေကြရတယ်။ ပြင်းထန်တဲ့ အစွဲတွေကို သုခလို့ထင်ရင်း ဒုက္ခနှံ့နှစ်နေကြရတယ်။

### အမြစ်တွယ်နေတဲ့ အစွဲတွေ

ဒါမှဒါ... စွဲလမ်းလွန်းတာတော့ မဟုတ်သေးဘူးထင်ပါတယ်။ ကျွန်တော်တို့ဆီမှာက အစွဲတွေသိပ်များလွန်းတယ်။ ပြင်းထန်တဲ့ စိတ်ခံစားချက်အစွဲတွေဟာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတွေအကြား အမြစ်တွယ်နေတာ အတော်ကြာပါပြီ။ အစွဲလွန် ပြဿနာက ရှုံးသွပ်ခြင်းဆီ ဆိုက်သွားတတ်တယ်ဆိုတာကို သတိထားစေချင်ပါတယ်။

ချစ်ကြပါ၊ မစွဲလွန်းပါနဲ့၊ မရှုံးသွပ်ပါနဲ့၊ တန်ဖိုးထားကြပါလို့ ပြောချင်ပါတယ်။ လိုချင်တာ၊ ဖြစ်ချင်တာတွေ သိပ်များရာကနေ စွဲလမ်းမှုဖြစ်တယ်လို့ ဓမ္မတရားက မိန့်ထားတာပဲ မဟုတ်လား။ လိုချင်တာမရ၊ ဖြစ်ချင်တာကို ဖြစ်ခွင့်မရရင်တော့ ဒေါသက ပါလာပြီပဲ။ ဒေါသလိုက်လာရင်တော့ ကိုယ်မြင်သမျှ၊ ကြားသမျှ အရာရာတိုင်းဟာ သံသယတွေနဲ့ချည်းပဲ ဖြစ်လာတော့တာ မျက်မြင်ပဲလေ။ ဒေါသနောက်မှာတော့ အာဃာတတွေ အငြိုးအတေးတွေလည်း ထပ်ဆင့်ပါလာတတ်ပြီမို့ တစ်ဖက်စွန်း ရောက်မသွားအောင် ကျွန်တော်တို့အားလုံး ဉာဏ်ပညာနဲ့ သတိထားကြစေချင်ပါပြီ။

### အနာဂတ်လမ်းမပျောက်စေချင်

အစွဲဟာအမုန်းကို ဖန်တီးတယ်တဲ့...။ အစွဲလွန်မှုဟာ ပဋိပက္ခဆီကို တွန်းပို့တတ်တယ်လို့ ဆိုပါတယ်။ တစ်ခုခုကို အသည်းအသန် စွဲလမ်းလွန်းသူတစ်ယောက်ရဲ့ အားနည်းချက်က ဘာလဲဆိုတော့ တစ်ခါတစ်ရံ လှုံ့ဆော်သွေးခွဲသူရဲ့ သားကောင်ဖြစ်သွားတတ်တာပဲ။ ဒါကိုမြင်တတ်ဖို့လိုပြီး ရှောင်ရှားကာကွယ်နိုင်ဖို့ အထူးလိုပါတယ်။ ပြင်းထန်တဲ့အစွဲတွေနဲ့ အပြောင်းအလဲကို ဖန်တီးလို့ မရသလို အရှိန်အဟုန်နဲ့ ပြောင်းလဲချင်တယ်ဆိုရင် အစွဲကြီးနေလို့လည်း မရပါဘူး။

ကိုယ့်အမြင်၊ ကိုယ့်အတွေးတွေ၊ ကိုယ့်အယူအဆတွေကို အခြားသူတွေရဲ့ အမြင် အတွေးအယူအဆတွေနဲ့ ချိန်ဆနိုင်ရပါမယ်။ ညှိတန်ညှိ၊ လျှော့တန်လျှော့ဖို့လိုပါတယ်။ အရာရာ ကိုယ့်ဘက်က ချည်းတင်းခံနေရင် မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်လာနိုင်ပြီး ဖော်ဆောင်နေတဲ့ အသွင်ကူးပြောင်းမှုတစ်ခုခုဟာ ရည်မှန်းတဲ့ဆီမရောက်ဘဲ လမ်းချော်သွားနိုင်ပါတယ်။ ပန်းတိုင်ပျောက်သွားနိုင်တယ်။ အစွဲကြီးရင် အသိမှားတတ်တယ်။

အထူးသဖြင့် တိုင်းပြည်ရဲ့ အနာဂတ်လူငယ်တွေဆီမှာ ပြင်းထန်တဲ့အစွဲတွေ မထားသင့်တော့ဘူး။ မချန်ခဲ့သင့်ဘူး။ မှန်ကန်တဲ့အသိနဲ့ မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ ရှိနေသင့်တဲ့ လူငယ်မျိုးဆက်တွေအနေနဲ့ အသိမှားရင် အမြင်မှားနေရင် နာကြည်းချက် အာဃာတတွေနဲ့ပဲ ဝေဝါးမှုန်ဝါးပြီး အနာဂတ်ပျောက်နေမှာ သေချာတယ်။ အစွဲတွေအောက်မှာ လမ်းမပျောက်ကြပါနဲ့လို့ ဆိုပါရစေ။ ပြန်ပြီး ပြုပြင်ပြောင်းလဲဖို့ဆိုတာ အချိန်အတော်ယူရတဲ့သဘောရှိတော့ နိုင်ငံ့အနာဂတ်အရေး ပေါ့ပေါ့မတွေးဘဲ အမြစ်တွယ်နေတဲ့ အယူဝါဒစွဲ ပုဂ္ဂိုလ်စွဲတွေကို လျှော့ချနိုင်ဖို့ လိုပြီလို့ ယူဆမိပါတယ်။

> ❋ တိုင်းပြည်ရဲ့ အနာဂတ်လူငယ်တွေဆီမှာ ပြင်းထန်တဲ့အစွဲတွေ မထားသင့်တော့ဘူး။ မချန်ခဲ့သင့်ဘူး။ မှန်ကန်တဲ့အသိနဲ့ မှန်ကန်တဲ့ လမ်းကြောင်းပေါ်မှာ ရှိနေသင့်တဲ့ လူငယ်မျိုးဆက်တွေ အနေနဲ့ အသိမှားရင် အမြင်မှားနေရင် နာကြည်းချက် အာဃာတ တွေနဲ့ပဲ ဝေဝါးမှုန်ဝါးပြီး အနာဂတ်ပျောက်နေမှာ သေချာတယ်။ အစွဲတွေအောက်မှာ လမ်းမပျောက်ကြပါနဲ့လို့ ဆိုပါရစေ

### အစွဲကြောင့် တန်ဖိုးထားမှုတွေ ယုတ်လျော့သွားတတ်တယ်

အရာရာ သူ့တန်ဖိုးနဲ့ သူပါပဲ။ လူတစ်ဦးချင်းစီရဲ့ တန်းတူညီမျှမှုနဲ့ သူ့ရဲ့အခွင့်အရေးကို တန်ဖိုးထားတတ်ရင် အပြန်အလှန် တန်ဖိုးထားမှုမျိုးဆိုတာရှိလာမှာပါ။ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကြား အပြန်အလှန် နားလည်မှု၊ တစ်ဦးအပေါ်တစ်ဦး နားလည်ပေးမှုမျိုးနဲ့ တည်ဆောက်မှသာ အပြန်အလှန် ယုံကြည်မှုဆိုတာ ရပါတယ်။ နားလည်မှုပေးမှ တန်ဖိုးထားပေးမှလည်း ချစ်ရာရောက်တာပေါ့။ ဒါကြောင့် ချစ်တတ်ပါစေ၊ တန်ဖိုးထားတတ်ပါစေလို့ မကြာခဏပြောရတာပါ။ ပြင်းထန်တဲ့အစွဲတွေကြောင့် တန်ဖိုးထားမှုတွေ ယုတ်လျော့သွားတတ်ပါတယ်။

အားလုံးမှာ သူ့ပညာ ကိုယ့်ပညာ၊ သူ့ဘာသာ ကိုယ့်ဘာသာ၊ သူ့ယဉ်ကျေးမှု ကိုယ့်ယဉ်ကျေးမှုဆိုပြီး ကိုယ့်သရုပ်လက္ခဏာနဲ့ကိုယ် ပိုင်ဆိုင်ကြတာပဲ၊ တန်ဖိုးထားကြတာပဲလေ။ ဒါကို ကိုယ့်ပညာမှ ကိုယ့်ပညာ၊ ငါ့ဘာသာမှ ငါ့ဘာသာ၊ ငါ့အယူသာမှန်တယ်၊ ငါပြောတာသာမှန်တယ်၊ သူပြောတာမှားတယ်၊ သူလုပ်တာမမှန်ဘူးဆိုပြီး အယူသည်း၊ အစွဲလွန်နေရင်ဖြင့် အပြန်အလှန် တန်ဖိုးထားမှု လေးစားမှုဆိုတာလည်း ဘယ်ရနိုင်ပါတော့မလဲလေ...။

### တဏှာ ဒိဋ္ဌိနဲ့ မသိမှုက တွယ်ဖွဲ့ထားလို့ အစွဲလွန်နေတာ

အစွဲကြီးလွန်းသူဟာလေ... ဘုရားကိုလည်း အားမကိုးတော့ဘူး၊ တရားကိုလည်း မမြင်တော့ဘူး။ သံဃာကိုလည်း သတိမရတော့ဘူး...တဲ့။ အဲဒီတော့ အစွဲလွန်ပြီး လူသာမန်ကို မပြောနဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံတဲ့သူတွေကိုတောင် တန်ဖိုးမထားနိုင် ဖြစ်သွားတော့တာပါပဲ။ ဘုန်းကံကြီးသူတွေကိုတောင် စော်ကားသလိုဖြစ်သွားတတ်

ပါတယ်။ ပတ်ဝန်းကျင်မှာ မမြင်အပ်၊ မကြားအပ်တာတွေ မြင်နေ၊ ကြားနေရတာတွေပါ။ အထူးဂရုပြုစေချင်ပါတယ်။ ရှောင်စေချင်ပါတယ်။

ယခုလိုကာလမျိုး သတ္တဝါအပေါင်း ကပ်ပေါင်းစုံ ဆိုက်နေချိန်မှာဆို ပိုဆိုးတာပေါ့၊ ကံကြီးထိုက်တတ်တယ်။ သတိထားကြပါ။ အမှားနဲ့အမှန်ကြား၊ ကုသိုလ်နဲ့ အကုသိုလ်ကြား ခြားထားတဲ့ တကယ့်အကြားလေးက ခပ်ပါးပါးလေး “သတိ” တစ်ခုသာပါ။ မပေ့ါကြပါနဲ့။ “ကြိုက်တယ်” ဆိုရပါပြီ၊ အရမ်းကြိုက်ပြီး “သိပ်ကို စွဲလမ်း” သွားရင်တော့ တရားသဘောအရ ဥပါဒါန်ဖြစ်ပြီ။ လောဘနဲ့ ဒိဋ္ဌိတရားကိုယ် သဘောတွေပါသွားပြီ။ ဥပါဒါန်သဘောပါသွားရင် အလွန်ဆိုးသွားတယ်။

တရားသဘော မသိတဲ့သူဆိုရင် ဒီလိုစွဲလမ်းနေတာကိုပဲ မိစ္ဆာဒိဋ္ဌိဖြစ်ပြီး သဘောအကျကြီးကျနေတာ၊ “တဏှာ” ရော၊ “ဒိဋ္ဌိ” ရော၊ “အစွဲ” ရော၊ “မသိတာ” ရော ပေါင်းလိုက်ရင်တော့ အပါယ်ငရဲပါပဲ။ အစွဲတွေတစ်ပုံကြီးနဲ့ ဘဝတစ်ခုကို အဆုံးသတ်ရမှာ ကြောက်စရာကောင်းလို့ ဆင်ခြင်နိုင်ဖို့ တင်ပြရတာပါ။ အစွဲဆိုတာ တဏှာဆိုတဲ့ မာယာက တွယ်ဖက်ထားလို့ အမှန်သဘောကို မမြင်ဘဲ မဆင်ခြင်နိုင်ကြလို့ စွဲလမ်းနေကြတာဖြစ်တယ်လို့ ကျေးဇူးရှင်ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဓမ္မတရားများကဆိုထားလေတယ်မဟုတ်ပါလား။

### အစွဲပြင်းထန်မှုက အစွန်းနှစ်ပါးနဲ့ အကြမ်းဖက်မှုကိုတိုးပွားစေ

တစ်ခုခုကို အရူးအမူး အစွဲကြီးလွန်းသူဟာ သူများစိတ်နဲ့ ကိုယ်ဖြစ်နေတတ်တယ်။ သူများစိတ်နဲ့သာ အသက်ရှင်နေရသလို မိမိအသိဉာဏ်ကိုယ်နှိုက်က မိမိနလုံး ဟာဒယက မလာဘူး၊ သူများပါးစပ်ဖျားမှာပဲ လမ်းဆုံးနေတတ်တယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်နိုင်စွမ်း အင်မတန်အားနည်းတာကို တွေ့ရတယ်။ အစွဲကြီးသူ တစ်ယောက်အဖို့ အခြားသူအပေါ် အကောင်းမြင်တတ်ဖို့ အင်မတန်ခဲယဉ်းမယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစွဲသန်သူတစ်ယောက်ဟာ သူ့အမြင်ထက် ကိုယ့်အမြင်က ပိုမှန်တယ်လို့ ထင်တတ်ကြလို့ပဲ။ ဒီအခါမှာ သူတစ်ပါးအပေါ် အနုတ်လက္ခဏာဆောင်တဲ့ အမြင်မျိုးပြတတ်လာတယ်။ အကောင်းမြင်တတ်မှုတော့ အမြင်

လည်း ဘယ်ကြည်တော့ပ့ါမလဲ။ အမြင်မကြည်သူတွေအကြား ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်နိုင်စွမ်း ကိုလည်း အကြီးအကျယ် ထိခိုက်မှုရှိလာစေပါတယ်။ ဒီအခါမှာ ပေါင်းစပ်ပြီး ညှိလို့မရတဲ့သူတွေအကြား အမှန်တရားနဲ့ ချစ်ခြင်းမေတ္တာတရား ဆိုတာလည်း ဘယ်မှာရှာလို့ ရနိုင်ပါတော့မလဲ။ ယုံကြည်မှု တစ်ဖက်စွန်းရောက်တွေကြောင့် လူ့အသိုက်အဝန်းတွေဟာ ပြိုကွဲပျက်စီးသွားတတ်ကြောင်း သာဓကတွေလည်း များစွာရှိပါတယ်။ အစွဲပြင်းထန်ရင် အစွန်းနှစ်ပါးကို ရောက်စေပြီး အကြမ်းဖက်မှုကို ပိုပြီးတိုးပွားသွားစေနိုင်တယ်ဆိုတာ အထူးသတိပြုရမှာဖြစ်ပါတယ်။

### အစွဲဟာ သံသယနဲ့ ခွဲခြားဆက်ဆံမှုကိုပါ ဖြစ်စေပြန်တယ်

ငါ့ဒေသမှ ငါ့ဒေသ၊ ငါ့လူမျိုးမှ ငါ့လူမျိုး တရားသေဆုပ်ကိုင်ပြီး အစွဲထားနေကြတယ်။ ဒီလို တရားသေဆုပ်ကိုင်ထားတဲ့ တစ်ယူသန်အစွဲတွေ မြန်မာ့သမိုင်းမှာရော၊ ကမ္ဘာ့သမိုင်းမှာပါ တွေ့ဖူးကြုံဖူးကြပါလိမ့်မယ်။ ဒီလိုအစွဲကြောင့်ပဲ သံသယတွေကြီးပြီး တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ပြန်စေ့စပ်လို့မရတော့သည်အထိ ခွဲခြားဆက်ဆံမှုတွေ ဖြစ်သွားတာ၊ တန်းတူညီမျှမှုဆိုတဲ့ အခြေခံမှုကို မသိမသာ ထိခိုက်သွားတာမျိုးတွေ သတိထားမိပါလိမ့်မယ်။ ဒီလိုခွဲခြားဆက်ဆံမှုတွေကြောင့် တစ်ဦးနဲ့ တစ်ဦး ဝေးသွားကြတဲ့၊ မုန်းသွားကြတဲ့၊ ပဋိပက္ခအသွင်ဆောင်တဲ့အထိ ဖြစ်ခဲ့ရတဲ့ သင်ခန်းစာယူစရာတွေများစွာ အထင်အရှားရှိခဲ့ပြီးဖြစ်ပါတယ်။

### အစွဲကြောင့် ဆုံးဖြတ်ချက်ကို ထိခိုက်နိုင်

တစ်ယူသန် အစွဲတချို့ကြောင့် မိမိရဲ့ဆုံးဖြတ်ချက်မှာ အများကြီး သက်ရောက်မှုတွေရှိခဲ့တာရော ကြုံဖူးကြပါသလား။ အသေးအဖွဲ့ကအစ ကြီးကြီးမားမားအထိ ကိုယ့်ဘက်သူ့ဘက်အစွဲတွေကြောင့် အမှားတွေ့တတ်တာမျိုးတွေ၊ အစွဲကြောင့်ပဲ မျက်စိပိတ်၊ နားပိတ် ဘက်လိုက်ပြီး bias ဖြစ်သွားတတ်တာမျိုး၊ ကိုယ်တိုင်မှာရော ကိုယ့်အဖွဲ့ဝင်တွေကြောင့်ပါ မှားယွင်းတဲ့ ဆုံးဖြတ်ချက်ချမိတာမျိုးတွေ ဖြစ်ဖူးပါတယ်၊ ကိုယ်တိုင်ကြုံဖူး ဖြစ်ဖူးခဲ့တာပါ။ ဘက်လိုက်မိတော့ အများရဲ့ အမြင်ကို ထည့်မစဉ်းစားမိတော့ဘဲ မိမိ

ရဲ့တစ်ဖက်သတ် အစွဲကသာ အဂတိဘက်ကို ရောက်သွားပြီး ပြဿနာရဲ့ ဇာစ်မြစ်ကို ဖုန်းကွယ်နေတာကို သတိမထားလိုက်မိဘူး ဖြစ်သွားတယ်။ တစ်ခါတလေမှာ ပေးဆပ်ရတဲ့ တန်ဖိုးက ကြီးမားလွန်းခဲ့ပါတယ်။ ဒါကြောင့် တစ်ခုခုကို ဆုံးဖြတ်ချက်ချတော့မယ်ဆိုရင် အစွဲကင်းကင်းနဲ့ ဆုံးဖြတ်ချက်ချနိုင်အောင် အထူးသတိထားရတယ်ဆိုတာ အတွေ့အကြုံအရ ပြောချင်ပါတယ်။

### ပိုင်းခြားစိစစ်နိုင်စွမ်းက အစွဲကို လျှော့ချနိုင်

ပြင်းထန်တဲ့ စိတ်အစွဲတွေကို အကျိုးရှိရှိ သူ့နေရာနဲ့သူ အသုံးချနိုင်ရင်တော့ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးမှာ များစွာအကျိုးရှိလိမ့်မယ်လို့ ယူဆပါတယ်။ နယ်ပယ်အသီးသီးမှာ သူ့ကဏ္ဍနဲ့သူ၊ သူ့ပညာရပ် နယ်ပယ်အလိုက် အားသန်တဲ့သူတွေ စိတ်ခံစားပြင်းပြတဲ့သူတွေရှိပါတယ်။ တချို့အစွဲတွေကို ဉာဏ်ပညာ အမြော်အမြင်ရှိရှိနဲ့ အသုံးချတတ်ဖို့သာလိုတာပါ။ စိတ်ခံစားပြင်းပြမှုတွေနဲ့အတူ အကောင်းဆုံးတွေလုပ်နိုင်ဖို့ သူတို့ကို ဖန်တီးပေးသင့်ပါတယ်။

သူတို့ရဲ့အစွဲတွေကို အမုန်းတွေမဖြစ်အောင်ဂရုစိုက်ပြီး ပဋိပက္ခဖြစ်စေမယ့်နေရာမှာ အသုံးမချမိအောင် စီမံပေးနိုင်ရင်တော့ အတိုင်းထက်အလွန်ပေ့ါ။ ဒီနေရာမှာ အစွဲကိုဖျောက်ဖို့ အသိနှစ်မျိုးကို ပိုင်ဆိုင်ထားစေချင်ပါတယ်။ တစ်ခုက ဝေဖန်ပိုင်းခြား စိစစ်သုံးသပ်နိုင်စွမ်းရှိဖို့ပါ။ အမှားနဲ့အမှန်ကို ခွဲခြားနိုင်ဖို့ အထောက်အကူပြုပါလိမ့်မယ်။ ဆင်ခြင်တတ်တဲ့ ဉာဏ်ရအောင်တော့ လေ့ကျင့်ယူကြရတာပေ့ါ။ စာများများ ဖတ်၊ နှိုင်းယှဉ်လေ့လာ၊ အထောက်အထားယူတတ်အောင် လေ့လာရပါမယ်။ သူပြောတာလည်းမယုံနဲ့၊ ကျမ်းဂန်ကဆိုထားတိုင်းလည်းအားမကိုးနဲ့၊ ရှုထောင့်တစ်ခုတည်းကလည်း မကြည့်နဲ့၊ ကိုယ့်အတွေ့အကြုံနဲ့လည်းယှဉ်၊ ဉာဏ်ကိုအားကိုး၊ များများ ကြိုးစားလေ့လာရင် ငါစွဲနေတဲ့အရာ၊ ငါတစ်ယူသန် ဆုပ်ကိုင်ထားတဲ့အရာဟာ မှားနေပါလားဆိုတာတွေ့မြင် သိမြင်လာပါလိမ့်မယ်။

### အလယ်အလတ်မဇ္ဈိမပဋိပဒါ လမ်းစဉ်ကသာ ...

ပိုင်းခြားစိစစ်နိုင်ဖို့အပြင် အစွန်းနှစ်ဖက်ရှောင်ပြီး အလယ်အလတ်လမ်းစဉ်က လိုက်နိုင်ခြင်းသည်သာလျှင် လက်တွေ့ကျတဲ့ အမှန်တရားတစ်ခုကို ပိုင်ဆိုင်နိုင်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။ မဇ္ဈိမပဋိပဒါလမ်းစဉ်ဆိုတာ မြတ်ဗုဒ္ဓရဲ့ လမ်းစဉ်ပါပဲ။ ကျေးဇူးရှင်မြတ်စွာဘုရားရဲ့ တပည့်ဗုဒ္ဓဘာသာဝင်တွေအနေနဲ့တော့ ဘုရားရှင် ဟောကြားထားတဲ့ အစွန်းနှစ်ဖက်ရှောင်ပြီး အလယ်အလတ်လမ်းစဉ်အတိုင်း သတိလေးထား၊ လက်တွေ့ဘဝနဲ့ယှဉ်ပြီး ကျင့်ကြံနိုင်ရင် ဘာကိုတော့ပယ်ရမယ်၊ ဘာကိုတော့

*စာမျက်နှာ ၁၁ သို့*

# ဘဏ်ဝန်ထမ်းများနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ ဘဏ်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၂၅ သိန်းကျော်ကိုလည်းကောင်း၊ ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဗဟန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကမ္ဘောဇလမ်းရှိ အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိနေသော အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများ၊ ဒေသခံပြည်သူများအား ဦးစားပေး အစီအစဉ်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံမှုအခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ထွန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ကြသည်။

ဗဟန်းမြို့နယ် အတွင်း ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်ရှိပြီး ကာကွယ်ဆေး ထိုးနှံခြင်းကို သက်ဆိုင်ရာ ဦးစားပေးအုပ်စုများအလိုက် ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ရာ ဩဂုတ် ၂ ရက်မှစတင်ကာ ဩဂုတ် ၁၈ ရက်အထိ ဗဟန်းမြို့နယ်၌ အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွား ၁၈၇၉ ဦး၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဘာသာရေးကျောင်းများမှ ၁၈၉ ဦး၊ နိုင်ငံ့ဝန်ထမ်း ၁၁၇ ဦး၊ အစိုးရ၊ ပုဂ္ဂလိက၊ ကျန်းမာရေးဝန်ထမ်း ၅၇၁ ဦး၊ စေတနာ့ဝန်ထမ်း၊ ပရဟိတ ၃၃၃ ဦး၊ အကျဉ်းသား၊ အချုပ်သားနှစ်ဦးအား ကာကွယ်ဆေးထိုးနှံပေးသည်။

ဗဟန်းမြို့နယ် အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စုစုပေါင်း ၂၀၃၈ လုံး ရရှိထားပြီး မြို့နယ်အတွင်းရှိ ဦးစားပေးအလိုက် ထိုးနှံပေးလျက်ရှိရာ ဆေးတစ်လုံးလျှင် လူနှစ်ဦးနှုန်းဖြင့် ဩဂုတ် ၁၈ ရက်အထိ လူဦးရေ ၃၀၉၁ ဦးကို ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

ကျန်ရှိနေသော ပြည်သူများကိုလည်း ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်းနှင့် ကျန်ရှိနေသောမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် လာရောက်ထိုးနှံကြပါရန် နှိုးဆော်လျက်ရှိကြောင်း၊ မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီထံမှ သိရသည်။

**အာကာလင်း**

## ၂၀-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၂၃၁၉၇၂ | ၃၀၃၉၀၆၆၉ | ၆၄၃၁၁၃ |
| ၂။ | အိန္ဒိယ | ၃၂၃၆၅၉၉၆ | ၃၁၅၆၄၃၄၂ | ၄၃၃၇၅၈ |
| ၃။ | ဘရာဇီး | ၂၀၄၉၄၂၁၂ | ၁၉၃၉၃၀၄၇ | ၅၇၂၇၃၃ |
| ၄။ | ရုရှား | ၆၇၀၅၅၂၃ | ၅၉၈၃၄၀၅ | ၁၇၄၄၈၅ |
| ၅။ | ပြင်သစ် | ၆၅၅၇၃၅၆ | ၅၉၉၀၄၄၅ | ၁၁၃၁၀၃ |
| ၆။ | ဗြိတိန် | ၆၃၉၂၁၆၀ | ၄၉၅၅၆၈၉ | ၁၃၁၃၇၃ |
| ၇။ | တူရကီ | ၆၁၅၇၇၇၂ | ၅၆၆၆၅၆၂ | ၅၃၈၉၁ |
| ၈။ | အာဂျင်တီးနား | ၅၁၁၆၈၀၃ | ၄၇၈၅၃၇၉ | ၁၀၉၈၄၁ |
| ၉။ | ကိုလံဘီယာ | ၄၈၈၀၅၁၆ | ၄၇၀၆၉၇၈ | ၁၂၃၉၁၁ |
| ၁၀။ | စပိန် | ၄၇၅၈၀၀၃ | ၄၀၅၈၄၂၅ | ၈၃၀၀၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၀- ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၉၅၀၃၀၄ | ၃၄၉၉၀၃၇ | ၁၂၃၉၈၁ |
| ဖိလစ်ပိုင် | ၁၈၀၇၈၀၀ | ၁၆၅၃၃၅၁ | ၃၁၁၉၈ |
| မလေးရှား | ၁၅၁၃၀၂၄ | ၁၂၄၁၈၉၄ | ၁၃၇၁၃ |
| ထိုင်း | ၁၀၀၉၇၁၀ | ၇၉၅၈၀၅ | ၈၈၂၆ |
| မြန်မာ | ၃၆၈၇၆၈ | ၂၉၀၈၂၃ | ၁၄၀၉၆ |
| ဗီယက်နမ် | ၃၂၃၂၆၈ | ၁၃၂၈၁၅ | ၇၅၄၀ |
| ကမ္ဘောဒီးယား | ၈၈၂၄၂ | ၈၃၈၅၁ | ၁၇၆၂ |
| စင်ကာပူ | ၆၆၄၀၆ | ၆၅၂၄၂ | ၄၆ |
| လာအို | ၁၁၇၅၃ | ၄၆၀၄ | ၁၁ |
| ဘရူနိုင်း | ၁၁၃၆ | ၃၄၃ | ၃ |

❍ *ကျောဖုံးမှ*

ဆီဒင်(၁) သတ်မှတ်ခံရသည့်အသင်းနှင့် အိမ်ရှင်အား အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အသင်းများ မပါဝင်ဘဲ အုပ်စု (G)မှ တရုတ်နှင့် ဘရူနိုင်း၊ အုပ်စု (H) မှ တီမောနှင့် ဖိလစ်ပိုင်၊ အုပ်စု (I) မှ မြန်မာနှင့် ဟောင်ကောင်၊ အုပ်စု (J) မှ မလေးရှားနှင့် လာအိုတို့ရှစ်သင်းကို မဲနှိုက်ခဲ့ရာ ဟောင်ကောင်အသင်း ကျရောက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အုပ်စု (K) တွင် ဟောင်ကောင်၊ ဂျပန်၊ ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဟောင်ကောင်အသင်း ယခင်ကျရောက်ခဲ့သည့် အုပ်စု (I) တွင် ဗီယက်နမ်၊ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းတို့သာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစစ်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုမဲခွဲမှုအရ အနောက်အာရှဇုန် အုပ်စု (A) တွင် ဆီးရီးယား၊ ကာတာ၊ ယီမင်၊ သီရိလင်္ကာ၊ အုပ်စု (B) တွင် အီရန်၊ တာဂျစ်ကစ္စတန်၊ လက်ဘနွန်၊ နီပေါ၊ အုပ်စု (C) တွင် အီရတ်၊ ဘာရိန်း၊ အာဖဂန်နစ္စတန်၊ မော်လ်ဒိုက်၊ အုပ်စု(D) တွင် ဆော်ဒီအာရေဗျ၊ ဘင်္ဂလားဒေ့ရှ်၊ ကူဝိတ်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု (E) တွင် ယူအေအီး၊ အိုမန်၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ အုပ်စု (F)တွင် ဂျော်ဒန်၊ ပါလက်စတိုင်း၊ တာ့ခ်မင်နစ္စတန်၊ အရှေ့အာရှဇုန် အုပ်စု(G) တွင် ဩစတြေးလျ၊ တရုတ်၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ အုပ်စု (H) တွင် တောင်ကိုရီးယား၊ စင်ကာပူ၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု (I) တွင် ဗီယက်နမ်၊ မြန်မာ၊ တရုတ်(တိုင်ပေ)၊ အုပ်စု(J) တွင် ထိုင်း၊ မလေးရှား၊ လာအို၊ မွန်ဂိုလီးယား၊ အုပ်စု (K) တွင် ဟောင်ကောင်၊ ဂျပန်နှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စု ၁၁ ခုမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**ရဲရင့်လွင်**

*စာမျက်နှာ ၁၀ မှ*

မတွယ်သင့်ဘူး စသည်ဖြင့် သိမြင်လာပါလိမ့်မယ်။ နေ့စဉ် အပြောအဆို ၊ အလုပ်အကိုင်၊ အကြံအစည်မှန်သမျှလည်း တစ်ဖက်စွန်းရောက်ပြီး အလွန်အကျွံမဖြစ်အောင် ထိန်းသွားနိုင်တာတွေ့ရပါတယ်။ ဒါ...တကယ့် လက်တွေ့ပါ။

မိမိရဲ့ပြင်းထန်တဲ့ အယူဝါဒစွဲတွေနဲ့ ကိုယ်လိုချင်တာကို အငမ်းမရလိုက်ရင်း ဒုက္ခရောက်တတ်နိုင်တာကို ဆင်ခြင်စဉ်းစားမိမယ်ဆိုရင် ကိုယ်ကိုင်စွဲထားတဲ့ တစ်ယူသန်ဝါဒကိုလည်း စွန့်လွှတ်နိုင်မှာ သေချာပါတယ်။ အဆုံးသတ်အားလုံးဟာ ဒုက္ခချည်းသာပဲလား သိလာတဲ့အချိန် ဒုက္ခနဲ့သုခ၊ ပဓာနနဲ့ သာမည၊ အမှန်နဲ့ အမှားလည်း ခွဲခြားသိလာပါလိမ့်မယ်။ ဒီလိုဆင်ခြင်နိုင်မှုဟာ မြတ်ဗုဒ္ဓရဲ့ မဇ္ဈိမပဋိပဒါ လမ်းစဉ်ကြောင့်ပါပဲ။

အဆုံးသတ် တင်ပြချင်တာကတော့ အစွဲကြီးလွန်းတာတွေ နည်းနည်းတော့ လျှော့ကြပါ၊ လူသာမန် ပုထုဇဉ်တွေ အနေနဲ့တော့ အစွဲအကုန် ဘယ်ချွတ်လို့ရဦးမလဲ၊ ဘုရား ရဟန္တာဖြစ်မှ ဒိဋ္ဌိရော၊ လောဘရော၊ အစွဲအကုန်ကျွတ်မှာလေ... သိအောင်လေ့လာ၊ နားလည်အောင်ကျင့်၊ သိတာကို အသုံးချတတ်မှသာ ဆင်ခြင်တုံ တရားရှိရှိနဲ့ အစွဲလျှော့နိုင်မှာဖြစ်ပါတယ်။

အစွဲလျှော့ပြီး အလယ်အလတ်ကျကျ စဉ်းစားလုပ်နိုင်မှသာ မိမိရဲ့ တစ်ကိုယ်ရေ ဖွံ့ဖြိုးတိုးတက်မှုကလည်း ယှဉ်တွဲလိုက်လာမှာဖြစ်ပါတယ်။ အားလုံးဟာ အစွဲကင်းကင်းနဲ့ အမုန်းတွေဖယ်ခွာပြီး အေးအေးချမ်းချမ်းနေချင်ကြမှာ သေချာပါတယ်။ ပညာကောင်းကောင်းသင်ပြီး အလုပ်လည်းကောင်းကောင်း လုပ်ချင်ကြမှာပါ။ ဒါမှ "ကျွဲကူးရေပါ" ဆိုသလို မိမိတို့ဘဝလည်း တိုးတက်ပြီး နိုင်ငံလည်းဖွံ့ဖြိုးပြီး ငြိမ်းချမ်းသာယာလာမယ်ဆိုတာ မျှော်လင့်နိုင်မှာဖြစ်ပါတယ် ဆိုတာကို လေးစားစွာ တင်ပြရင်း ...

– "တစ်စုံတစ်ယောက်ကိုမျှ မိမိကြောင့် မထိခိုက် မနာကျင် မပျက်စီးစေရဘဲ အမျက်ဒေါသ စိုးရိမ်သောကတွေ ကင်းဝေးပြီး အေးချမ်းသာယာကြပါစေ"

– "အစွဲကင်း၍ အားလုံးလည်း ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ"

– ဖြစ်နိုင်ရင် "အစွဲကင်းပြီး ဝိမောက္ခမဂ်ဖိုလ်ဖြစ်တဲ့ စိတ်ရသည်အထိ လွတ်မြောက်ရာကိုလည်း ရှာနိုင်ကြပါစေ"

စသည်ဖြင့် ဆန္ဒပြုလျက် ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။ ။

# အာဖဂန်နစ္စတန်ရှိ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ပေးရန် ယူနက်စကိုတောင်းဆို

ကဘူးလ် ဩဂုတ် ၂၀

အာဖဂန်နစ္စတန်တွင် တာလီဘန်များက တိုင်းပြည်ကို ထိန်းချုပ်ပြီးနောက် နိုင်ငံအတွင်းရှိယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်ပေးရန် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကို ယူနက်စကို အဖွဲ့ကြီးက တောင်းဆိုခဲ့သည်။

ပြည်တွင်းစစ်ပွဲနှင့် အခြားသောပဋိပက္ခများကြောင့် အာဖဂန်နစ္စတန်တွင် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများမှာ ဖျက်ဆီးခံခဲ့ရသည်။ အပြည်ပြည်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာပြီး အာဖဂန်နစ္စတန်၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုပေးရန် ယူနက်စကိုမှ ညွှန်ကြားရေးမှူးချုပ် အာဒရီအက်ဇူလေက ကြေညာချက်ထုတ်ပြန်ခဲ့သည်။




ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ဖျက်ဆီးခံရခြင်းနှင့် ပျက်စီးခြင်းတို့မှ အကာအကွယ်ပေးနိုင်ရေးအတွက် လိုအပ်သည့် ကာကွယ်ပေးမှုများ ပြုလုပ်ရန်အတွက်လည်း ၎င်းက ဆက်လက်တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ အရေးပေါ် အခြေအနေကြေညာထားမှုကို တိုးမြှင့်

တိုကျို ဩဂုတ် ၂၀

ဂျပန်အစိုးရသည် ဩဂုတ် ၂၀ ရက်တွင် ကိုဗစ် -၁၉ အရေးပေါ် အခြေအနေကြေညာထားမှုကို တိုးချဲ့ခဲ့ကြောင်း အင်န်အိတ်ချ်ကေက ဖော်ပြသည်။ ခရိုင် ၁၃ ခုတွင် အရေးပေါ် အခြေအနေကြေညာထားပြီး ယခုအခါတွင် ခရိုင်၁၆ ခုတွင် အရေးပေါ်အခြေအနေကြေညာထားသည်။

စက်တင်ဘာ ၁၂ ရက်အထိ အဆိုပါကန့်သတ်ချက်ကို ချမှတ်ထားမည်ဖြစ်သည်။ အရေးပေါ်အခြေအနေအောက်ထားရှိသည့် ခရိုင်များတွင် နောက်ထပ်ခရိုင် ခုနစ်ခု ထပ်တိုးခဲ့ပြီး အီဘာရာကီ၊ တိုချီဂီ ၊ ဂန်မာ၊ ရှီဇူအိုကာ၊ ကျိုတို၊ ဟယိုဂိုနှင့် ဖူကူအိုကာတို့ပါဝင်လာသည်။



တိုကျိုမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

တိုကျိုနှင့် အိမ်နီးချင်းခရိုင်များမှာ အရေးပေါ်အခြေအနေကြေညာမှုအောက်တွင် ယခင်ကတည်းက ရှိနေပြီးသား ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲကလည်း ပြည်သူများ၏ လှုပ်ရှားသွားလာမှုများ လျှော့ချစေရေးအတွက် ဖုန်းမှတစ်ဆင့် ဆက်သွယ်ကာ အကြောင်းကြားပေးရန် အဓိကစီးပွားရေးလုပ်ငန်းအုပ်စုသုံးစုမှ ခေါင်းဆောင်များထံ တောင်းဆိုခဲ့သည်။ လူစုလူဝေးများပြားသည့်နေရာများ၊ ဈေးဆိုင်များသို့ အသွားအလာလျှော့ချကြရန်လည်း အစိုးရက ပြည်သူများထံ တောင်းဆိုထားသည်။

မကြာသေးမီ ရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ကူးစက်မှုများ များပြားလာသော်လည်း ကာကွယ်ဆေး၏အစွမ်းကြောင့် သေဆုံးမှုနှုန်းကို လျှော့ချပေးနိုင်သည်ဟု အစိုးရကပြောသည်။

ပြီးခဲ့သည့်လအတွင်း သေဆုံးမှုနှုန်းမှာ အကြမ်းဖျင်းအားဖြင့် ၄၀၀ ရှိခဲ့ပြီး မေလအတွင်းကမူ သေဆုံးသူ ၂၈၀၀ ကျော် ရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## လက်ဘနွန်နိုင်ငံ လျှပ်စစ်ဓာတ်အားရရှိရေး အမေရိကန် အကူအညီပေးသွားမည်

ဘေရွတ် ဩဂုတ် ၂၀

ဆီးရီးယားကိုဖြတ်ကာ ဂျော်ဒန်နိုင်ငံမှ လျှပ်စစ်ကို လက်ဘနွန်နိုင်ငံသို့ ပေးပို့နိုင်ရေး အမေရိကန်က အကူအညီပေးသွားရန် ဆုံးဖြတ်ထားသည်ဟု ဩဂုတ် ၁၉ ရက် လက်ဘနွန်သမ္မတရုံး အစီရင်ခံစာ အရသိရသည်။ အီဂျစ်သဘာဝဓာတ်ငွေ့ကို ဂျော်ဒန်သို့ ထောက်ပံ့ပေးခြင်းဖြင့် အပိုလျှပ်စစ်ဓာတ်အားများကို ဆီးရီးယားမှတစ်ဆင့် လက်ဘနွန်သို့ ပို့လွှတ်နိုင်ရေးပြုလုပ်သွားရန် စီစဉ်ထားသည်။ အလားတူ သဘာဝဓာတ်ငွေ့များ လက်ဘနွန်နိုင်ငံသို့ ပေးပို့ရာတွင် အဆင်ပြေစေရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ဘနွန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒေါရသီရှီရာက လက်ဘနွန်သမ္မတ မီရှယ်အာဝင်ထံ ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

သဘာဝဓာတ်ငွေ့အတွက် ကုန်ကျစရိတ်များ ကျခံရန် ကမ္ဘာ့ဘဏ်နှင့်လည်း ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်နေသည်ဟု ၎င်းက ပြောသည်။ လက်ဘနွန်နိုင်ငံအတွင်း ကုန်စည်စီးဆင်းမှုပြတ်လပ်နေပြီး လိုအပ်သည့်လောင်စာဆီကို သယ်ဆောင်ရန် အီရန်သို့ သင်္ဘောတစ်စင်းစေလွှတ်မည်ဟု ဟစ်ဇ်ဘိုလာခေါင်းဆောင် ဆေးယက်ဟတ်ဆန် နက်စ်ရယ်လာထံမှ မိန့်ခွန်းကြားရပြီးနောက် ယခုလိုကြေညာချက်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ လက်ဘနွန်နိုင်ငံတွင် ဘဏ္ဍာရေးပြတ်လပ်မှုနှင့် ကြုံတွေ့ရပြီးနောက် လောင်စာဆီပြတ်လပ်နေသည်။

**ဆင်ဟွာ**

## ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း တစ်သန်းကျော်ရှိလာ

ဘန်ကောက် ဩဂုတ် ၂၀

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုများမှာ ဩဂုတ် ၂၀ ရက်တွင် တစ်သန်းကျော်သွားပြီဖြစ်သည်။ ဗီဇပြောင်းဒယ်လ်တာကူးစက်မှုများကြောင့် ထိုင်းနိုင်ငံတွင် ရောဂါကူးစက်မှုများ ဆက်လက် များပြားနေဆဲဖြစ်သည်။ ဩဂုတ် ၂၀ ရက်တွင် ၁၀ ရက်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် နေ့စဉ်ကူးစက်မှုမှာ ၂၀၀၀၀ အောက် ကျဆင်းခဲ့သည်။ ကူးစက်ခံရသူ ၁၉၈၅၁ ဦး ထပ်မံတွေ့ရှိပြီးနောက် တစ်နိုင်ငံလုံးအနှံ့ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၀၀၉၇၁၀ အထိ ရှိလာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ၂၄၀ ရှိပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်းမှာ ၈၈၂၆ ဦး ရှိလာခဲ့သည်။

**ဆင်ဟွာ**

# အစ္စရေးနိုင်ငံတွင် အသက် ၄၀ အထက်များကို ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးပေးရန် ကမ်းလှမ်း

ဂျေရုဆလင် ဩဂုတ် ၂၀

အစ္စရေးနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးကို တတိယအကြိမ် ထိုးပေးရန်အတွက် ထိုးနိုင်ခွင့်ရှိသူ အသက်အပိုင်းအခြားကို အသက် ၄၀ မှ အသက် ၅၀ အထိ သတ်မှတ်သွားရန် ဩဂုတ် ၁၉ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသား အသက် ၄၀ နှင့် အထက်များကိုပါ နောက်တစ်ကြိမ် ကာကွယ်ဆေး ထပ်ထိုးပေးရန် အစ္စရေးကျန်းမာရေးဝန်ကြီးဌာန ကျွမ်းကျင်သူများကော်မတီက ထောက်ခံပေးခဲ့သည်။

ထို့ပြင် တိုင်းပြည်အတွင်း ကူးစက်မှုများ များပြားနေသည့်အတွက် ကျောင်းဆရာများကိုပါ ကာကွယ်ဆေး ထိုးပေးရန် ထောက်ခံချက် ပေးခဲ့သည်။ ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရပါက ဩဂုတ် ၂၀ ရက်တွင် ပင်စတင်ထိုးပေးနိုင်ရေး မျှော်လင့်ထားကြသည်။

ယခုအချိန်အထိ အစ္စရေးနိုင်ငံတွင်ကိုဗစ် -၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးပြီးသူ လူပေါင်း ၁ ဒသမ ၂၅ သန်း ရှိပြီဖြစ်သည်။ ၎င်းတို့ထဲမှ ၁ ဒသမ ၉ သန်းမှာ အသက် ၅၀ နှင့် အထက်များဖြစ်ကြပြီး လွန်ခဲ့သည့် ငါးလက ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးထားကြသူများ ဖြစ်သည်။

အစ္စရေးနိုင်ငံတွင် တစ်ကြိမ် ကာကွယ်ဆေး ထိုးပြီးသူ ၅ ဒသမ ၈၈ သန်း တိုင်းပြည်လူဦးရေ၏ ၆၃ ရာခိုင်နှုန်းရှိပြီး နှစ်ကြိမ် ကာကွယ်ဆေး ထိုးပြီးသူ အရေအတွက်မှာ ၅ ဒသမ ၄ သန်း ရှိသည်။

**ဆင်ဟွာ**



အစ္စရေးနိုင်ငံတွင် အသက် ၄၀ နှင့် အထက်များကို ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးပေးနေစဉ်။

# ထိုင်းနိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှု တစ်သန်းကျော်လွန်လာပြီး သေဆုံးသူ ၈၈၂၆ ဦး ရှိလာ

**ဘန်ကောက် ဩဂုတ် ၂၀**

ထိုင်းနိုင်ငံ၌ ဩဂုတ် ၂၀ ရက်က ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ တစ်သန်းကျော်လွန်လာခဲ့ပြီ ဖြစ်သည်။ အထူးသဖြင့် ကူးစက်မြန်ပြင်းထန် ဒယ်လ်တာကိုဗစ်–၁၉ အသွင်ပြောင်းမျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုကြောင့် ထိုသို့ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ များလာခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် ဩဂုတ် ၂၀ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀ ရက်အတွင်း ၂၀၀၀၀ အောက် ပထမဆုံးအကြိမ်ကျဆင်းခဲ့ပြီး ၁၉၈၅၁ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀၀၉၇၁၀ အထိ ရောက်ရှိလာခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော စာရင်းဇယားများအရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၂၄၀ ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကြောင့်သေဆုံးသူ ၈၈၂၆ ဦး ရှိလာပြီဖြစ်သည်။

ပြေီအစောပိုင်းက ထိုင်းနိုင်ငံမြို့တော်ဘန်ကောက်တွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားချိန်မှစကာ ထိုင်းနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၉၇ ရာခိုင်နှုန်းကျော် ရှိလာပြီဖြစ်သည်။

ထပ်မံတွေ့ရှိခဲ့သော ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုများမှာ များသောအားဖြင့် ကိုဗစ်–၁၉ အသွင်ပြောင်းမျိုးစိတ်များဖြစ်သည့် အယ်လ်ဖာနှင့် ဒယ်လ်တာတို့ကြောင့်ဖြစ်သည်။ ဒယ်လ်တာကိုဗစ်–၁၉ အသွင်ပြောင်းမျိုးစိတ်သစ်သည် ယခုအခါတွင် မျိုးစိတ်အားလုံးကို လွှမ်းမိုးလာပြီး အလျင်အမြန်ကူးစက်ပျံ့နှံ့လာပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း လတ်တလော ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၀၅၀၇၉ ဦးရှိလာပြီး ၎င်းတို့အနက် ၅၃၈၈ ဦးမှာ စိုးရိမ်ဖွယ်အခြေအနေရှိကာ ၁၁၆၁ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။ ဆေးရုံတက်ရောက်ကုသရသော ကိုဗစ်–၁၉ လူနာအရေအတွက် အနည်းငယ်ကျဆင်းလာသော်လည်း နိုင်ငံ၏ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများအနေဖြင့် ဝန်ပိလျက်ရှိကြောင်း သိရသည်။

အစိုးရသည် ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ပိုမိုထိုးပေးနိုင်ရေး ကြိုးစားလျက်ရှိသည်။ ယခုနှစ်ကုန်တွင် လူဦးရေ သန်း ၇၀ နီးပါး၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးရန် စီစဉ်ထားကြောင်း သိရသည်။

ဩဂုတ် ၁၉ ရက်အထိ ထိုင်းနိုင်ငံတစ်ဝန်း ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပြီးသူ ၂၅ ဒသမ ၈ သန်းရှိလာပြီဖြစ်ကြောင်းသိရပြီး စုစုပေါင်းလူဦးရေ၏ ရှစ်ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့်အဝထိုးပေးပြီးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



ထိုင်းနိုင်ငံ ဘန်ကောက်တွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁ ဒသမ ၈ သန်းကျော်ရှိလာ

**မနီလာ ဩဂုတ် ၂၀**

ဖိလစ်ပိုင်ကျန်းမာရေး ဝန်ကြီးဌာနက ဩဂုတ် ၂၀ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၇၂၃၁ ဦးတိုးလာပြီး လွန်ခဲ့သောနှစ် ဇန်နဝါရီ ကိုဗစ်–၁၉ စတင်ကူးစက်ဖြစ်ပွားချိန်မှစကာ နေ့စဉ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ကြောင်း သတင်းထုတ်ပြန်မှုနှင့်အတူ ကိုဗစ်–၁၉ ကူးစက် ဖြစ်ပွားသူပေါင်း ၁၈၀၇၈၀၀ အထိ ရောက်ရှိလာခဲ့ကြောင်း ဆင်ဟွာ၌ ဖော်ပြသည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်–၁၉ ကြောင့် နောက်ထပ် ၃၁၇ဦးထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၃၁၁၉၈ ဦးအထိ ရောက်ရှိလာခဲ့သည်။



ဖိလစ်ပိုင်နိုင်ငံ၌ အမျိုးသမီးတစ်ဦးအား ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

ဒယ်လ်တာ အသွင်ပြောင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ရန် တင်းကျပ်သော ကိုဗစ်–၁၉ ကန့်သတ်ပိတ်ဆို့မှုများကို မြို့တော်မနီလာတွင် ဩဂုတ် ၃၁ ရက်အထိ ဆက်လက်ထုတ်ပြန်ထားသည်။ လူဦးရေ သန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်–၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၆ ဒသမ ၅ သန်းကျော် ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်မှု ဩဂုတ် ၂၀ ရက်တွင် စံချိန်တင်မြင့်တက်

**ကွာလာလမ်ပူ ဩဂုတ် ၂၀**

မလေးရှားနိုင်ငံ၌ ဩဂုတ် ၂၀ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၃၅၆၄ ဦး တိုးလာကြောင်း အတည်ပြုဖော်ပြခဲ့သည်။ ယင်းပမာဏသည် ကိုဗစ်–၁၉ စတင်ဖြစ်ပွားချိန်မှစကာ တစ်နေ့တည်း အများဆုံး ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုဖြစ်ပြီး နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၁၃၀၂၄ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူ ၂၃ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၂၃၅၄၁ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။

နောက်ထပ် ၂၃၃ ဦး ကိုဗစ်–၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၁၃၇၃၁ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီး ဆေးရုံမှဆင်းလာသူ ၂၁၄၄၈ ဦး အပါအဝင် စုစုပေါင်း ကိုဗစ်–၁၉ ကင်းစင်သွားသူပေါင်း ၁၂၄၁၈၉၄ ဦး သို့မဟုတ် ၈၂ ဒသမ ၁ ရာခိုင်နှုန်း ရှိလာပြီဖြစ်သည်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၅၇၄၁၇ ဦးအနက် ၁၀၆၂ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၅၁၈ ဦးမှာ အသက်ရှူအထောက်အကူ လိုအပ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ



မလေးရှားနိုင်ငံ၌ ကိုဗစ်–၁၉ စမ်းသပ်စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာများ ရယူနေစဉ်။

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၀၀၄ ဦးရှိ ၁၃၄၈ ဦး ထပ်မံသေဆုံး

**ဂျကာတာ ဩဂုတ် ၂၀**

အင်ဒိုနီးရှားနိုင်ငံ၌ ဩဂုတ် ၂၀ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၀၀၄ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၉၅၀၃၀၄ ဦးအထိ ရောက်ရှိလာခဲ့သည်။ ထို့အတူကိုဗစ်–၁၉ ကြောင့် ၁၃၄၈ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်–၁၉ သေဆုံးသူ ၁၂၃၉၈၁ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၂၆၁၂၂ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၄၉၉၀၃၇ ဦးအထိ ရောက်ရှိလာသည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် နေ့စဉ် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန်ရည်ရွယ်ကာ လူဦးရေအထူထပ်ဆုံးနေရာများဖြစ်သည့် ဂျာဗားကျွန်းနှင့် အပန်းဖြေဘာလီကျွန်း၌ ဩဂုတ် ၂၃ ရက်အထိ ပီပီကေအမ်ဟုခေါ်သော အဆင့်ဆင့်သော လူထုလှုပ်ရှားမှုကန့်သတ်ချက်အစီအစဉ်ကို စတင်ခဲ့ပြီး သက်ဆိုင်ရာအာဏာပိုင်များကလည်း ကိုဗစ်–၁၉ ထိတွေ့မှုဆိုင်ရာ ခြေရာခံမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ကူးစက်မြန်ပြင်းထန် ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုကိုလျှော့ချရန် ချမှတ်ကျင့်သုံးခဲ့သော အဆိုပါမူဝါဒကို ဇူလိုင် ၃ ရက်မှစတင်ကာ ဂျာဗားနှင့် ဘာလီတွင် ချမှတ်ကျင့်သုံးခဲ့ရာ ယခုအချိန်အထိ နောက်ထပ် ထပ်မံသက်တမ်းတိုးမည့်ရက်ကို အစိုးရက မကြေညာသေးပေ။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးများသည် အင်ဒိုနီးရှားနိုင်ငံသားများအားလုံးအတွက် အခမဲ့ဖြစ်သည်။

ဩဂုတ် ၂၀ ရက်အထိ လူပေါင်းအနည်းဆုံး ၃၀ ဒသမ ၇၅ သန်း ကိုဗစ်–၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးပြီဖြစ်ကြောင်းသိရကာ ကိုဗစ်–၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၆ ဒသမ ၅၀ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

ဆင်ဟွာ

# ပြည်တွင်းစစ်ရဲ့အကျိုးဆက် ယီမင်မြောက်ပိုင်း ကလေးငယ်များ ကာကွယ်ဆေးထိုးနှံရေး အခက်ကြုံ

*လင်းဟန်သစ်*

**ယီမင်နိုင်ငံမြောက်ပိုင်း ဝန်းရံခံထားရတဲ့ ဟာဂျာပြည်နယ်ရဲ့ ခရိုင်ဒေသတွေမှာ ကလေးငယ် ၁၁၃၅၀ ခန့်ဟာ သုံးနှစ်ကျော်လာသည့်တိုင် ရောဂါတွေကို ခုခံကာကွယ်ပေးမယ့် ကာကွယ်ဆေးတွေ မထိုးရသေးပါဘူးလို့ ဒေသကျန်းမာရေးအာဏာပိုင်တွေက ပြောကြားလိုက်ပါတယ်။ အဲဒီထဲမှာ အသက်သုံးနှစ်ရှိပြီဖြစ်တဲ့ အာမာနီလည်း ပါဝင်ပါတယ်။**

## ဘာကာကွယ်ဆေးမှ မထိုးရသေးဘူး

"ကျွန်တော့်သမီးလေးဟာ ရောဂါကူးစက်နိုင်ခြေများနေပါတယ်။ သူဟာ မွေးကတည်းက အခုချိန်အထိ ပိုလီယိုရောဂါကာကွယ်ဆေး သို့မဟုတ် တခြားဘယ်ကာကွယ်ဆေးမှ မထိုးရသေးပါဘူး။ ကျွန်တော့်သမီးရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်မိတယ်"လို့ စိတ်မကောင်းစွာနဲ့ ပြောလာတဲ့သူကတော့ သူ့အဖေ အဗ္ဗဒူလာ ဖာရက်ပဲဖြစ်ပါတယ်။ သူတို့ဟာ မြောက်ပိုင်း ဟေရန်ခရိုင်မှာနေထိုင်ကြပါတယ်။

"အလုပ်အကိုင်လည်းမရှိဘူး။ အစားအစာလည်းမရှိဘူး။ ဆေးလည်းမရှိဘူး။ ကြောက်ရွံ့ခြင်းတွေသာ ကျွန်တော်တို့ကို လွှမ်းခြုံထားတယ်"လို့ သူကပြောပါတယ်။

## စစ်ပွဲကြောင့် ရွှေ့ပြောင်းစခန်းကို ထွက်ပြေးကြရ

ဖာရက်ရဲ့ မိသားစုဟာ စစ်ပွဲကြောင့် ရွှေ့ပြောင်းစခန်းကို ထွက်ပြေးလာရတဲ့ မိသားစုတွေထဲက သနားစရာ မိသားစုတစ်စုဖြစ်ပါတယ်။ အဲဒီ ရွှေ့ပြောင်းစခန်းဟာ ဆော်ဒီနယ်စပ်နားမှာရှိပါတယ်။

စစ်ဘေးရှောင်မိသားစုထဲမှာ ပါဝင်နေတဲ့ သူတို့မိသားစုဟာ ဒီနှစ်ထဲမှာ ဟေရန်ဒေသမှာရှိတဲ့ သူတို့ရဲ့ရွာကို ပြန်သွားမယ်ဆိုရင်တော့ စိတ်မကောင်းစွာနဲ့ တွေ့လိုက်ရမှာကတော့ စစ်ပွဲအတွင်းမှာ လုံးဝကို ပျက်စီးခဲ့တဲ့ သူတို့ရဲ့ အိမ်တွေပဲဖြစ်ပါတယ်။

## ဒုက္ခနွံ့အတွင်းသက်ဆင်းခဲ့တဲ့ယီမင်

အီရန် ကျောထောက်နောက်ခံပြုထားတဲ့ ဟူသီပြည်သူ့စစ်တွေက နိုင်ငံရဲ့မြောက်ပိုင်းပြည်နယ် အများစုကို ထိန်းချုပ်လိုက်ပြီး နိုင်ငံတကာအသိအမှတ်ပြု အစိုးရဖြစ်တဲ့ သမ္မတ အက်ရာဘူးမန်ဆော်ဟာဒီကို မြို့တော် ဆာနားက ထွက်ခွာစေခဲ့တဲ့ ၂၀၁၄ ခုနှစ် နှောင်းပိုင်း ပြည်တွင်းစစ်ဖြစ်ကတည်းက ယီမင်ဟာ ဒုက္ခနွံ့အတွင်းသက်ဆင်းခဲ့ရပါတယ်။

ယီမင်ပြည်တွင်း စစ်ကြောင့် လူပေါင်း ထောင်ချီအသက်ဆုံးရှုံးခဲ့ရပါတယ်။ လူပေါင်း လေးသန်းကျော် ပြောင်းရွှေ့မှုများ လုပ်ဆောင်ခဲ့ရပြီး ယီမင်ပြည်သူတွေကို ငတ်မွတ်ခေါင်းပါးမှုတောထဲ တွန်းပို့လိုက်ပါတော့တယ်။



ရွှေ့ပြောင်းစခန်းတစ်ခုရှိ ယီမင်ကလေးငယ်များကို တွေ့ရစဉ်။

## ကာကွယ်ဆေးမထိုးရတာ သုံးနှစ်ကျော် ကာလထဲ ဝင်ရောက်လာ

နောက်ထပ် ယီမင်တစ်ဦးဖြစ်တဲ့ အာလီအက်ဒီက သူ့သမီးဆီဟန်လည်း လွန်ခဲ့တဲ့သုံးနှစ် သူ့ကိုမွေးခဲ့တဲ့အချိန်ကစပြီး အခုချိန်အထိ ဘာကာကွယ်ဆေးမှ မထိုးရသေးဘူးလို့ စိတ်မကောင်းစွာ ပြောကြားခဲ့ပါတယ်။

အစိုးရထိန်းချုပ်ထားတဲ့ မြောက်ပိုင်းခရိုင်တွေမှာရှိတဲ့ တစ်နှစ်အောက်ကလေးငယ် ၂၄၅၀ နီးပါးနဲ့ ငါးနှစ်အောက်ကလေးငယ် ၈၉၀၀ တို့ဟာ အခုချိန်အထိ ပိုလီယိုရောဂါကာကွယ်ဆေးအပါအဝင် ဘယ်ကာကွယ်ဆေးမှ မထိုးရတာ သုံးနှစ်ကျော်ကာလထဲ ဝင်ရောက်လာပြီလို့ ဟေရန်ခရိုင် ကျန်းမာရေးရုံး ညွှန်ကြားရေးမှူး ဒေါက်တာ တာရစ်မီ ဆဝက်ခ်ဟီဘာက ပြောပါတယ်။

## ကိုယ်ဝန်ဆောင်အများစု အသက်အန္တရာယ်နဲ့ရင်ဆိုင်နေရ

ကာကွယ်ဆေးထိုး အဖွဲ့တွေနဲ့ ဆေးဝါးတွေ ပြတ်လပ်မှုကြောင့် ကိုယ်ဝန်ဆောင်အများစုလည်း ကျန်းမာရေးစောင့်ရှောက်မှု မရရှိတဲ့အတွက် အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်လို့ သူက ပြောပါတယ်။

ယီမင်မှာလုပ်ကိုင်ဆောင်ရွက်နေတဲ့ အပြည်ပြည်ဆိုင်ရာ ဒုက္ခသည်ကူညီစောင့်ရှောက်ရေး အဖွဲ့အစည်းတွေကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး အဲဒီကာကွယ်ဆေးတွေကို အဝိုင်းခံထားရတဲ့ ခရိုင်ဒေသတွေဆီ အရောက်ပို့ပေးပို့ အနူးအညွတ်မေတ္တာရပ်ခံ ပန်ကြားလိုပါတယ်လို့ သူက ဆက်ပြောခဲ့ပါတယ်။

ဟေရန်ခရိုင်အပြင် အစိုးရဟာ အိမ်နီးချင်းခရိုင်တွေဖြစ်တဲ့ မီဒီ၊ ဟာရက်၊ အက်ဘ်တို့ကို ထိန်းချုပ်ထားပါတယ်။ အဲဒီခရိုင်တွေကတော့ ဟာဂျာပြည်နယ်မြောက်ပိုင်းမှာ တည်ရှိပါတယ်။

## ပိုလီယိုကာကွယ်ဆေးဟာ ကလေးငယ်တွေအတွက် အလိုအပ်ဆုံး

ဟေရန်ကျန်းမာရေးရုံးရဲ့ ထုတ်ပြန်ဖော်ပြချက်အရ အဲဒီခရိုင်ဒေသတွေမှာရှိတဲ့ လူနာပျမ်းမျှ အယောက် ၃၀၀ လောက်ဟာ ကျန်းမာရေးဌာနကို လာရောက်ကြရတယ်လို့ သိရပါတယ်။ အဲဒီထဲမှာ အများစုကတော့ ကလေးတွေနဲ့ အမျိုးသမီးတွေပဲဖြစ်ပါတယ်။

ပိုလီယိုကာကွယ်ဆေးဟာ အဲဒီခရိုင်ဒေသတွေမှာရှိတဲ့ ကလေးတွေအတွက် အလိုအပ်ဆုံး ကာကွယ်ဆေးတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် ဆုံဆို့နာ၊ ဝက်သက်၊ အသည်းရောင်အသားဝါ ဘီ၊ ကြက်ညှာချောင်းဆိုးနဲ့ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးတွေလည်း လိုအပ်ပါတယ်လို့ ဟေရန်ကျန်းမာရေးရုံးရှိ ဒေါက်တာ မိုဟာ မက်အယ်လ်ဖာဟီဒီက ပြောပါတယ်။

## ရေညစ်ညမ်းခြင်းနဲ့ အာဟာရမပြည့်ဝခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွား

ဒီကာကွယ်ဆေးတွေ မထိုးဘူးဆိုရင် အပြင်းအထန် နေမကောင်းဖြစ်နိုင်ပြီး ဒုက္ခိတဘဝတောင် ရောက်နိုင်တယ်လို့ သူက အသိပေးပြောကြားပါတယ်။

တစ်ရုံးတည်းအတူနေ ဒေါက်တာ မိုဟာမက် အယ်လ်ရှာရဘီကလည်း ဒီဒေသတွေမှာ ရောဂါကူးစက်ပြန့်ပွားရတဲ့ အဓိကအကြောင်းရင်းကတော့ ရေညစ်ညမ်းခြင်းနဲ့ အာဟာရမပြည့်ဝခြင်းတို့ကြောင့်ပဲ ဖြစ်တယ်လို့ပြောကြားလိုက်ပါတယ်။

## နာရီအနည်းငယ်အတွင်းမှာ အကြောသေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဖြစ်တဲ့ (ဒဗလျူအိတ်ချ်အို) က ပိုလီယိုဗိုင်းရပ်စ်ဟာ အသက်ငါးနှစ်အောက်ကလေးတွေရဲ့ အာရုံကြောစနစ်ထဲ ဝင်ရောက်ပြီး နာရီအနည်းငယ်အတွင်းမှာ သွက်ချာပါဒလိုမျိုး လေငန်းဖမ်းခြင်း၊ အကြောသေသွားခြင်း လေဖြတ်ခြင်းတွေဖြစ်စေတယ်လို့ဆိုထားပါတယ်။

အဲဒီဗိုင်းရပ်စ်ဟာ ညစ်ညမ်းတဲ့ရေနဲ့ အစားအစာကတစ်ဆင့် ကလေးတွေကြားထဲမှာ ကူးစက်ပျံ့နှံ့စေပါတယ်။ အဲဒီဗိုင်းရပ်စ်ကူးစက်ခံထားရတဲ့ ကလေးအယောက် ၂၀၀ လောက်မှာ တစ်ယောက်လောက်ဟာ ခြေထောက် ထာဝရအကြောသေခြင်းကို ဖြစ်ပေါ်စေပါတယ်။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က ဇွန်လအစီရင်ခံစာမှာ ကာကွယ်ဆေးတားဆီးနိုင်တဲ့ ရောဂါဖြစ်ပွားမှုကြောင့် ယီမင်မှာ ဆယ်မိနစ်ကို ကလေးတစ်ယောက်နှုန်း သေဆုံးနေတယ်လို့ ဖော်ပြထားပါတယ်။ အစီရင်ခံစာအရ ယူနီဆက်ဖ်နဲ့ ဒဗလျူအိတ်ချ်အိုတို့ဟာ သုံးရက်အတွင်းမှာ ပြည်နယ်ပေါင်း ၁၄ ခုမှာရှိတဲ့ အသက်ငါးနှစ်အောက် ကလေးငယ်ပေါင်း ၃၇၉၁၅၁၁ ဦးကို ကာကွယ်ဆေးတွေ ထိုးပေးခဲ့တယ်။ အဲဒီကာကွယ်ဆေးထိုးပေးခဲ့တဲ့ ပမာဏဟာ ကာကွယ်ဆေးထိုးပေးရမယ့် စုစုပေါင်း ပမာဏရဲ့ ၈၉ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ။

**ကိုးကား - ဆင်ဟွာ**

> **အစိုးရထိန်းချုပ်ထားတဲ့ မြောက်ပိုင်းခရိုင်တွေမှာရှိတဲ့ တစ်နှစ်အောက်ကလေးငယ် ၂၄၅၀ နီးပါးနဲ့ ငါးနှစ်အောက်ကလေးငယ် ၈၉၀၀ တို့ဟာ အခုချိန်အထိ ပိုလီယိုရောဂါကာကွယ်ဆေး အပါအဝင် ဘယ်ကာကွယ်ဆေးမှ မထိုးရတာ သုံးနှစ်ကျော်ကာလထဲ ဝင်ရောက်လာပြီလို့ ဟေရန်ခရိုင် ကျန်းမာရေးရုံး ညွှန်ကြားရေးမှူး ဒေါက်တာ တာရစ်မီ ဆဝက်ခ်ဟီဘာကပြော**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



◆ *ကျောဖုံးမှ*

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၉–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၀–၈–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၁,၂၃၈)ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၃,၀၀၉)ဦးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၀၆,၃၆၃)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၆၈,၇၆၈) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄,၀၄၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၉၀,၈၂၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၅၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၀၉၆) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၀–၈–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၂၆၇)ခု | (၅၅၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၅)ခု | (၂၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၃၉)ခု | (၄၉)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅၆)ခု | (၇၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၄၆)ခု | (၁၇)ဦး |
| စစ်တွေမြို့၊အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင်၁၀၀) | (၁၅)ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၃၅)ခု | (၄၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၈၅)ခု | (၄၄၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၂၅၀)ခု | (၁,၈၀၅)ဦး |
| စုစုပေါင်း | (၁၁,၂၃၈)ခု | (၃,၀၀၉)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်ရန် အသိပေးကြေညာချက်

၁။ COVID–19 ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် COVID – 19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund)ကို မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် အောက်ပါအတိုင်း ဖွင့်လှစ်ထားပါသည်–

(က) **COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။**

၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် ၃၃၈ ဘီလီယံခန့်နှင့် ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို ထည့်သွင်းထားပါသည်။

(ခ) **COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)။**

၎င်းစာရင်းတွင် နိုင်ငံတော်မှမတည်ရန်ပုံငွေကျပ် သန်း ၁,၀၀၀ ကို ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012) သို့ မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းသူများအနေဖြင့် ပြည်တွင်းနေရာဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် အခြားပြည်တွင်း ပုဂ္ဂလိက ဘဏ်အသီးသီးတို့တွင် အထက်အပိုဒ် ၁ (က) နှင့် (ခ) ပါ ငွေစာရင်းအမှတ်များကို ဖော်ပြလှူဒါန်းနိုင်ပါသည်။

၄။ အလှူရှင်စာရင်းကို မှတ်တမ်းထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက email: treasury05@365mopf.gov.mm, treasury10@365mopf.gov.mm သို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇–၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၉–၄၅၀၄၅၅၂၃၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇–၃၄၁၀၁၅၈ |
| ငွေတိုက်ဦးစီးဌာန | ၀၉–၂၅၄၅၅၈၄၂၄ |

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်–၁၉)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%) ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain–Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။

# မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ သဘင်ပညာရှင်များ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး



**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ သဘင်ပညာရှင် အဘိုးအဘွားများနှင့် တာဝန်ထမ်းဆောင်ဆဲ အဖွဲ့ဝင်များကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်း ဆရာဝန်/ ဆရာမများက ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံ ဆောင်ရွက်ပေးသည်။

ယင်းသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရာ၌ ကျန်းမာရေးဝန်ထမ်း ဆရာဝန်/ ဆရာမများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် ရောဂါအခံ ရှိ/မရှိ မေးမြန်းခြင်းတို့ ဆောင်ရွက်ပေးကြပြီး မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ သဘင်ပညာရှင် အဘိုးအဘွားများနှင့် တာဝန်ထမ်းဆောင်ဆဲ အဖွဲ့ဝင် ၁၀၀ ကို ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ သဘင်ပညာရှင် အဘိုးအဘွားများနှင့် တာဝန်ထမ်းဆောင်ဆဲ အဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) နှင့် အမျိုးသားဇာတ်ရုံ (မန္တလေး) တို့၌ ယနေ့တစ်ချိန်တည်း ထိုးနှံပေးခြင်းဖြစ်ပြီး ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို စက်တင်ဘာ ၂၀ ရက်တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်(သတင်းစဉ်)**
**ဓာတ်ပုံ-ဇော်ဇော်လတ်**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ပညာရှင်များအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ပညာရှင်များအား ဆေးထိုးစုရပ်နေရာဖြစ်သော အမျိုးသားဇာတ်ရုံ(မန္တလေး) ၌ ကာကွယ်ဆေးထိုးနှံပေးသည်။

အဆိုပါစုရပ်နေရာတွင် နံနက် ၁၀နာရီမှ စတင်၍ ကာကွယ်ဆေးထိုးနှံရန် လျာထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ပညာရှင်ဦးရေ ၁၀၀ အနက် ၆၂ ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများက ဆေးထိုးနှံပေးကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံမှုနှင့် စပ်လျဉ်း၍ အနုပညာဦးစီးဌာန (မန္တလေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဆွေက "ဒီနေ့ဆေးထိုးနှံမှုမှာ အသက် ၆၀ နှစ်အထက်နဲ့ အသက် ၆၀ နှစ်အောက်ဆိုပြီး လျာထားဆောင်ရွက်ပါတယ်။ အသက် ၆၀ နှစ်အောက်ကို မြို့နယ်အတွင်းရေးမှူး၊ မြို့နယ်အမှုဆောင် စသဖြင့် သဘင်လုပ်ငန်းတွေမှာ လှုပ်ရှားဆောင်ရွက်နေတဲ့သူတွေကို အဓိကထိုးပေးခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ပညာရှင်တွေကို ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ပထမဦးဆုံးအကြိမ် ထိုးနှံပေးခြင်းလည်းဖြစ်ပါတယ်" ဟုပြောသည်။




ကာကွယ်ဆေးလာရောက်ထိုးနှံသူ သဘင်ပညာရှင် ဦးချစ်စွမ်းသာက "ဒီအချိန်က ကျန်းမာရေးဂရုစိုက်ဖို့ အရေးတကြီးလိုအပ်နေတဲ့အချိန်ဖြစ်ပါတယ်။ ကျန်းမာမှသာ ကိုယ်လုပ်ချင်တာ ဖြစ်ချင်တာတွေကို လုပ်ခွင့်ရှိမှာဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်က ပရဟိတလုပ်ငန်းတွေ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကိုယ်ကကာကွယ်ထားမှ သူများကို ကူညီနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးနှံပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုရှိရှိနဲ့ သူများကိုကူညီနိုင်ရတာ ပိုပြီးဝမ်းသာဖို့ကောင်းပါတယ်။ အခုလို ကျွန်တော်တို့ သဘင်ပညာရှင်တွေကို ကာကွယ်ဆေးထိုးနှံပေးလို့ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ သဘင်ပညာရှင်တွေဟာ လူအများနဲ့ဆက်ဆံရတာဖြစ်တဲ့အတွက် ကာကွယ်ထားဖို့ လိုအပ်ပါတယ်။ အဓိက ကိုယ်ခံအားကောင်းဖို့ ကြိုးစားရမယ်။ လိုအပ်မယ့်ဆေးဝါး ကြိုတင်ဆောင်ထားရမယ်။ ရောဂါပိုးကူးစက်ခံရရင်လည်း ဘာမှအားငယ်စရာမလိုပါဘူး။ ကိုယ်ခံအားကောင်းရင် ခုခံနိုင်စွမ်းရှိပါတယ်။ ကာကွယ်မှုအနေနဲ့ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမယ်။ အတတ်နိုင်ဆုံး လူစုလူဝေး ရှိရာမသွား ဖို့လိုအပ်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးနည်းလမ်းတွေကို အသိပညာပေးပါလို့ တိုက်တွန်းလိုပါတယ်" ဟု ပြောသည်။

ထို့ပြင် ကာကွယ်ဆေးလာရောက်ထိုးနှံသူ သဘင်ပညာရှင် ဒေါ်ခင်ဝင်းကလည်း "ကိုဗစ် – ၁၉ ရောဂါက တစ်ကမ္ဘာလုံးနဲ့ချီပြီး ဖြစ်နေတဲ့အတွက် ကာကွယ်ဆေးထိုးနှံထားတာ အကောင်းဆုံးပါပဲ။ ပြည်သူတွေအနေနဲ့လည်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးကို ယုံယုံကြည်ကြည်နဲ့ ထိုးနှံကြဖို့ ဖိတ်ခေါ်လိုပါတယ်။ ရောဂါပိုးကူးစက်ခံရရင်လည်း စိတ်ဓာတ်မကျဖို့ လိုအပ်ပါတယ်။ ပုံမှန်စား၊ ပုံမှန်အိပ်ပါ။ ရောဂါအမြန်ဆုံးပျောက်ကင်းရမယ်ဆိုတဲ့ ယုံကြည်စိတ်နဲ့ နေထိုင်ပါ။ နိုင်ငံတော်အစိုးရရဲ့ ကိုဗစ် – ၁၉ ရောဂါ အတွက်လမ်းညွှန်ချက်တွေကိုလည်း လိုက်နာပါလို့ ပြောကြားလိုပါတယ်" ဟု ပြောသည်။

ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့နောက် ကာကွယ်ဆေးထိုးနှံပြီးသူများ နာရီဝက်နားနေနိုင်စေရန် နားနေခန်းများ စီစဉ်ဆောင်ရွက်ထားပေးခြင်း၊ အနားယူနေစဉ် အချိန်အတွင်း ရုတ်တရက် ကျန်းမာရေးချို့ယွင်းလာပါကလည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့အပြင် ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာပါကလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**







❑ *ကျောဖုံးမှ*

ရွေ့လျားဈေးကား Mobile Market စနစ်ဖြင့် အခြေခံစားကုန်များကို မြို့နယ်အသီးသီးရှိ ဝန်ထမ်းအိမ်ရာများ၊ လူနေရပ်ကွက်များသို့ သက်သာသောဈေးနှုန်းများဖြင့် သွားရောက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာတွင် အဓိကစားကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် အမယ်စုံပစ္စည်းများ၊ အသား၊ ငါး၊ ဥအမျိုးမျိုးတို့ကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုအခက်အခဲများကြောင့် စားရေးအခက်အခဲဖြစ်ပေါ်နေမှုများကို တစ်ဖက်တစ်လမ်းမှ ဖြေလျှော့ပေးလျက်ရှိသည်။

ထို့ပြင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ကောလာဟလသတင်းအမှားများ၊ သတင်းစကားများ ထွက်ပေါ်နေမှုနှင့် မသမာသူလူတချို့၏ ဈေးကစားမှုများကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများနှင့် အိမ်သုံးအခြေခံဆေးဝါးများ သဘာဝမဟုတ်သည့် ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ဈေးနှုန်းမြင့်တက်မှုများ၊ ကုန်ပစ္စည်းပြတ်လပ်မှုဖြစ်ပေါ်အောင် သိုလှောင်၍ ဈေးကစားမှုများဖြစ်ပေါ်မှုမရှိစေရေးအတွက် ကြပ်မတ်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့်ကာလအတွင်း ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရေး၊ ဆေးဝါးများအား အရည်အသွေးနှင့် ဈေးနှုန်း မှန်ကန်စွာ ဝယ်ယူရရှိနိုင်စေရန်အတွက် အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် ကမ်းနားလမ်း အမှတ်(၁၀၄/၁၀၈ )၌ ဩဂုတ် ၁၉ ရက်မှစ၍ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဝင် ကုမ္ပဏီ ၂၇ ခုမှ အိမ်သုံးဆေးဝါး ၃၂၃ မျိုးကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသဖြင့် မိဘပြည်သူများအနေဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ကမ္ဘာလုံးက ပြည်သူတွေတောင် ကာကွယ်ဆေး ထိုးနေကြတာ ငါလည်းရောဂါကာကွယ်တဲ့ ပြည်သူတစ်ဦးအနေနဲ့ ထိုးရမယ်လို့ ဆန္ဒဖြစ်ပြီး လာရောက်ထိုးနှံခြင်း ဖြစ်ပါတယ်

ဦးအောင်တင်ဝင်း

သတင်း-ကိုကိုဇော်၊ ကျော်စိုးဝင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်

မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ သဘင်ပညာရှင် အဘိုးအဘွားများနှင့် တာဝန်ထမ်းဆောင်ဆဲ အဖွဲ့ဝင်များအား ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရာ ကိုဗစ်-၁၉ ကာကွယ်ဆေး လာရောက်ထိုးနှံကြသည့် မြန်မာနိုင်ငံသဘင် အစည်းအရုံးမှ သဘင်ပညာရှင်များနှင့် တာဝန်ရှိသူများ၏ စကားသံများကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်။




ဦးကျော်သူရ



ဒေါက်တာတင်တင်ဆွေ



ဦးအောင်တင်ဝင်း



ဦးရဲဒွေး



ဦးလှစိုး



ဦးကျော်ဝင်းမြင့်

**ဦးကျော်သူရ**
**(ဌာနမှူး၊ စီမံ/ဘဏ္ဍာ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်)**

သဘင်ပညာရှင်တွေကို ကာကွယ်ဆေးထိုးပေးတာကတော့ ရန်ကုန်နဲ့ မန္တလေး တစ်ပြိုင်တည်း ထိုးပေးတာဖြစ်ပါတယ်။ ဒီကနေ့မှာတော့ ရန်ကုန်မှာ အယောက် ၁၀၀၊ မန္တလေးမှာ အယောက် ၁၀၀ ထိုး ဖြစ်ပါတယ်။ မထိုးရသေးတဲ့သူတွေရှိသေးရင်လည်း အနုပညာဦးစီးဌာနကို တင်ပြပြီးတော့ ဆက်လက်ထိုးနှံနိုင်ဖို့ ဆောင်ရွက်မှာပါ။ ကာကွယ်ဆေး မထိုးထားတဲ့သူနဲ့ ထိုးထားတဲ့သူ တော်တော်လေးကို သိသာပါတယ်။ ဆေးရုံဆေးခန်းတွေမှာ ရောက်နေတဲ့သူတွေကို ကြည့်လိုက်ရင် ကာကွယ်ဆေးမထိုးရသေးတဲ့သူတွေ အဖြစ်များတာ တွေ့ရပါတယ်။ ရောဂါဆိုးဆိုးရွားရွား ဖြစ်တဲ့သူတွေကလည်း ကာကွယ်ဆေးမထိုးထားတဲ့ သူတွေဖြစ်တာများပါတယ်။ ကာကွယ်ဆေးထိုးထားခြင်းအားဖြင့် ရောဂါကူးစက်မှုနည်းတာကို တွေ့ရပြီး ရောဂါကူးစက်ရင်တောင် အပြင်းအထန် မခံစားရတာကို တွေ့ရပါတယ်။ ဒီကနေ့မှာ မထိုးလိုက်ရရင်လည်း ကျွန်တော့်အနေနဲ့ အနုပညာဦးစီးဌာနကို တင်ပြပြီး ဆေးထိုးနှံရေးအတွက် ဆောင်ရွက်ပေးသွားမှာပါ။

**ဒေါက်တာတင်တင်ဆွေ**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန)**

မြန်မာနိုင်ငံ သဘင်အစည်းအရုံးက သဘင်ပညာရှင်အဘိုးအဘွားတွေနဲ့ တာဝန်ထမ်းဆောင်ဆဲ အဖွဲ့ဝင်တွေကို အခုလို တစ်စုတစ်စည်းတည်း ကာကွယ်ဆေးထိုးပေးရတဲ့အတွက် ကျွန်မတို့ဘက်က များစွာအဆင်ပြေပါတယ်။ အခု သဘင်ပညာရှင် လူဦးရေ တစ်ရာလို့ ပြောထားပေမယ့် ကျွန်မတို့မှာ ကာကွယ်ဆေးအလုံးရေ တစ်ရာ့နှစ်ဆယ်ပါလာပြီး ထိုးနှံလိုသူအားလုံးကို ထိုးနှံပေးသွားပါမယ်။ အခုထိုးနှံပေးတဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm ဟာ ဘေးထွက်ဆိုးကျိုး မရှိသလောက် နည်းပါးပါတယ်။ နှစ်ကြိမ် ကာကွယ်ဆေးထိုးလိုက်ရင်တော့ ရောဂါကို ၈၅ ရာခိုင်နှုန်းလောက် ကာကွယ်ပေးပါတယ်။ ဒါပေမယ့် ကာကွယ်ဆေးလည်း ထိုးထားမယ်၊ စည်းကမ်းချက်တွေကိုလည်း လိုက်နာမယ်ဆိုရင် တော့ ရောဂါကူးစက်ခြင်းက ကာကွယ်နိုင်မှာဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးထားရင် ရောဂါကူးစက်လာခဲ့ရင်တောင်မှ ရောဂါဆိုးဆိုးရွားရွား မခံစားရပါဘူး။ ရောဂါကာကွယ်ဆေးကို ပြည်သူတော်တော်များများ ထိုးနှံနေကြပါတယ်။ လာရောက်ထိုးနှံသူတွေကို အပူချိန်တိုင်းပေးခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်းနဲ့ အခြား ရောဂါတွေ ရှိ မရှိ မေးမြန်းပြီးမှ ဆေးထိုးနှံပေးပါတယ်။ ကျွန်မတို့ ဒဂုံမြို့သစ်တောင်ပိုင်းကို တိုင်းကျန်းမာရေးဦးစီးဌာနက ဆေးတွေ နေ့စဉ်ထုတ်ပေးလျက်ရှိပါတယ်။ တောင်ဒဂုံမြို့နယ်မှာ ရပ်ကွက်နဲ့ စက်ရုံတွေရှိပြီး ဆေးအဖွဲ့ကိုလည်း နှစ်ဖွဲ့ခွဲပြီး နေ့စဉ်ထိုးနှံပေးနေပါတယ်။ ရပ်ကွက်အနေနဲ့ ပြည်သူတစ်သောင်းကျော်လောက် ထိုးပြီးပါပြီ။ စက်ရုံတွေအနေနဲ့ တော်တော်များများ ထိုးပြီးသွားပါပြီ။

**ဦးအောင်တင်ဝင်း**
**(နာယက၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး)**

ဘဘကို အခြားလူတွေက အခု ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးဖို့ကို မထိုးဖို့ပြောကြတယ်။ ကာကွယ်ဆေးထိုးပြီးရင်လည်း သေကြတယ်လို့ ပြောကြတယ်။ ဒါပေမယ့် ဘဘကတော့ တစ်ကမ္ဘာလုံးက ပြည်သူတွေတောင် ကာကွယ်ဆေး ထိုးနေကြတာ ငါလည်းရောဂါကာကွယ်တဲ့ ပြည်သူတစ်ဦးအနေနဲ့ ထိုးရမယ်လို့ ဆန္ဒဖြစ်ပြီး လာရောက်ထိုးနှံခြင်း ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပြည်သူတွေ ထိုးနှံထားကြဖို့ အကြိမ်ကြိမ် နှိုးဆော်ပေးနေတယ်။ ကာကွယ်ဆေးထိုးထားခြင်းကြောင့် ပြင်ပရောဂါတွေကို ကာကွယ်ရာ ရောက်ပါတယ်။ အနည်းဆုံး ၈၅ ရာခိုင်နှုန်းလောက် ကာကွယ်တယ်လို့ သိရတယ်။ ဘဘရဲ့ ပြည်တွင်း ပြည်ပမှာရှိတဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ တပည့်တွေကလည်း ဘဘကို ကာကွယ်ဆေး သွားရောက်ထိုးနှံဖို့ တိုက်တွန်းကြတယ်။

**ဦးရဲဒွေး (ရုပ်သေးပညာရှင်)**

ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက်ကြီးသူရော ငယ်သူတွေပါမကျန် ထိုးနှံသင့်ပါတယ်လို့ တိုက်တွန်းချင်ပါတယ်။ ကာကွယ်ဆေးထိုးပြီးရင်လည်း ပြည်သူတွေအနေနဲ့ နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်း၊ ၆ ပေအကွာ နေထိုင်ခြင်းစတဲ့ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနဲ့အညီ သတိပြုနေထိုင်ပြီး လိုက်နာဆောင်ရွက်စေလိုပါတယ်။

> ❍ ကာကွယ်ဆေး မထိုးထားတဲ့သူနဲ့ ထိုးထားတဲ့သူ တော်တော်လေးကို သိသာပါတယ်။ ဆေးရုံဆေးခန်းတွေမှာ ရောက်နေတဲ့သူတွေကို ကြည့်လိုက်ရင် ကာကွယ်ဆေး မထိုးရသေးတဲ့သူတွေ အဖြစ်များတာ တွေ့ရပါတယ်။ ရောဂါဆိုးဆိုးရွားရွား ဖြစ်တဲ့သူတွေကလည်းကာကွယ်ဆေးမထိုးထားတဲ့သူတွေ ဖြစ်တာများပါတယ်။ ကာကွယ်ဆေးထိုးထားခြင်း အားဖြင့် ရောဂါကူးစက်မှုနည်းတာကို တွေ့ရပြီး ရောဂါကူးစက်ရင်တောင် အပြင်းအထန် မခံစား ရတာကို တွေ့ရပါတယ်။

**ဦးလှစိုး**
**(အတွင်းရေးမှူး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး)**

မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအနေနဲ့ အခုတတိယလှိုင်းမှာ ပြည်သူတွေ တော်တော်များများ အသက်တွေ ဆုံးရှုံးခဲ့ကြတာတွေကို တွေ့မြင်ခဲ့ရပါတယ်။ အခုဆို ပြည်သူတော်တော်များများက ကာကွယ်ဆေး ထိုးနှံနေကြတဲ့အတွက် ရရှိလာတဲ့ အခွင့်အရေးကို လက်လွှတ်မခံချင်ဘဲ အခုလိုလာရောက် ပါဝင်ထိုးနှံခြင်းဖြစ်ပါတယ်။ အားလုံး ကာကွယ်ဆေးထိုးနှံပြီးရင် ကိုဗစ်-၁၉ ကူးစက်နိုင်မှု ကင်းစင်တဲ့ ပတ်ဝန်းကျင်အဖြစ် နေ့စဉ်ဆောင်ရွက်ဖွယ် ကိစ္စတွေမှာ စိတ်ချယုံကြည်စွာနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ သက်ဆိုင်ရာ စုရပ်တွေမှာ ကာကွယ်ဆေး ထိုးကြပါစို့လို့ ပြည်သူတွေကို မေတ္တာရပ်ခံတိုက်တွန်းပါတယ်။

**ဦးကျော်ဝင်းမြင့် (စိန်မုန့်လုံး- ဆိုင်း)**

ကျွန်တော်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စိတ်ဆန္ဒအရ တော်တော်ကိုထိုးချင်ပါတယ်။ ကာကွယ်ဆေးထိုးခြင်းဟာ ကိုယ့်ကိုယ်ကိုယ် လုံခြုံတယ်လို့ ထင်မြင်ယူဆမိပါတယ်။ လာရောက် ထိုးနှံပေးကြတဲ့ ဆရာဝန်/ဆရာမအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုကာကွယ်ဆေးထိုးပြီး နောက်လမှာ ဒုတိယအကြိမ် ထိုးနှံရမယ်လို့ သိရပါတယ်။ ကာကွယ်ဆေးကို ပြည်သူအားလုံး ထိုးသင့်တယ်လို့ အကြံပြုပါတယ်။ အခု ကာကွယ်ဆေးထိုး ပြီးရင်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေကိုလည်း လိုက်နာသွားမှာပါ။

**ဒေါ်အောင်ညွန့်စိန် (ဇာတ်မင်းသမီးကြီး)**

အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေတယ်၊ အမေ့ကို ဆေးထိုးချင်ရင် လာထိုးဖို့ ဖိတ်ခေါ်တဲ့အတွက် အမေ ဝမ်းသာသွားတယ်။ အရင်ကဆိုရင် အမေက ဆေးထိုးရမှာဆို သိပ်ကြောက်တယ်၊ အခုတော့ ဆေးထိုးရမှာ မကြောက်တော့ဘူး။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပေးတဲ့ ဆေးဖြစ်ပြီး မိသားစုတစ်စုလုံးနဲ့ ပြည်သူတွေ ရောဂါကူးစက်မှု အန္တရာယ်ကင်းဝေးစေတဲ့ ကာကွယ်ဆေးဖြစ်လို့ အမေလာရောက်ထိုးနှံခြင်း ဖြစ်ပါတယ်။

*စာမျက်နှာ ၁၈ သို့*

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

**ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။**

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၉၀ နှင့် အမျိုးသမီး ၁၂၇ ဦး စုစုပေါင်း ၃၁၇ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခွဲခြားအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး နှစ်ဦး၊ စုစုပေါင်း ၁၂ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခွဲခြားအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၁၁ ဦးနှင့် အမျိုးသမီး ၁၀၃ ဦး စုစုပေါင်း ၂၁၄ ဦး ကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခွဲခြားအတည်ပြုပိုးတွေ့လူနာအမျိုးသား ၄၆ ဦးနှင့် အမျိုးသမီး ၂၃ ဦး၊ စုစုပေါင်း ၆၉ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။



တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ ရဲမွန်တပ်မြို့ ကိုဗစ်စင်တာ၌ ကိုဗစ်အတည်ပြုလူနာများ နေထိုင်စားသောက်ရေး ပြင်ဆင်ထားသည်ကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခွဲခြားအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိရာ ရဲမွန်တပ်မြို့ရှိ ကိုဗစ်ကုသရေးစင်တာရှိ ခွဲခြားအတည်ပြု ပိုးတွေ့လူနာများ၏နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ ဝိန်းနေရပ်ကွက်၌ အသစ်ထပ်မံပြုလုပ်မည့် Quarantine Center အတွက် ပြင်ဆင်နေမှုများကို ဩဂုတ် ၁၉ ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ရှစ်လုံးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ မကွေးမြို့ သုဂတိရှင်နာရေးကူညီမှု အသင်းရှိ အောက်ဆီဂျင်စက်ရုံမှ ထွက်ရှိသော အောက်ဆီဂျင်အိုး အလုံး ၂၀ နှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပြည်သူ့ဆေးရုံသို့ စေတုတ္တရာမြို့ အမှတ် (၂) ရပ်ကွက်ရှိ အောက်ဆီဂျင်စက်ရုံမှ ထွက်ရှိသော အောက်ဆီဂျင်အိုး အလုံး ၃၀ တို့ကို လည်းကောင်း၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံတပ်မတော်သား၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေး အဖွဲ့အစည်းများက အသီးသီး သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် စေတနာရှင် အလှူရှင်များက အထောက်အကူပစ္စည်းများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ရှိ ကျုံကူးတိုက်နယ်ဆေးရုံသို့ နိုင်ငံတော်သမ္မတ(အငြိမ်းစား) ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစုက PPE ဝတ်စုံ ၃၀ နှင့် Mask ဘူး ၃၀ တို့ကို လည်းကောင်း၊ ရေကြည်မြို့ ပြည်သူ့ဆေးရုံသို့ စေတနာရှင် အလှူရှင်များက Oxygen Concentrator တစ်လုံး၊ Flow Meter တစ်ခု၊ အောက်ဆီဂျင်အိုး ကိုးလုံးနှင့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၂၅ သိန်းကို လည်းကောင်း၊ ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ စေတနာရှင် အလှူရှင်များက Oxygen Concentrator တစ်လုံးနှင့် ဆေးဝါးများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ အရေးပေါ်လူနာများအတွက် လိုအပ်သော အောက်ဆီဂျင် ထောက်ပံ့မှုပေးနိုင်စေရန် ကျိုင်းတုံမြို့ သီလဓမ္မတောရ ကုန်းသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကောဝိဒ (ဝစီပိတ်ဆရာတော်)၏ ဦးဆောင်အလှူငွေထည့်ဝင်မှုနှင့် စေတနာရှင် အလှူရှင်များ၏ စုပေါင်းအလှူငွေများဖြင့် လှူဒါန်းထားသည့် အောက်ဆီဂျင် Plant ထားရှိထုတ်လုပ်နေမှုကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် စာနာစိတ်ထားပေးဆပ်သူများ လူမှုကူညီထောက်ပံ့ရေး ပရဟိတအသင်းမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်းအတွင်းသို့ လှူဒါန်းထားသည့် သင်္ဃန်းကျွန်းမြို့နယ် စည်ပင်သာယာရေး ကော်မတီဝင်းအတွင်းရှိ Oxygen Plant တပ်ဆင်နေမှုများကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



နယ်မြေခံတပ်မတော်သားများ မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ လှူဒါန်းမည့် အောက်ဆီဂျင်အိုးများ သယ်ဆောင်ပေးစဉ်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

အခု ဆေးထိုးပြီးတော့လည်း ဘာမှ မခံစားရပါဘူး။ ပြည်သူအားလုံး နေထိုင်ကောင်းကြဖို့ ဒီကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးကြပါလို့ ပြည်သူအားလုံး ကို တိုက်တွန်းချင်ပါတယ်။

**ကိုထက်ကို (ဓာတ်မင်းသား၊ မဟာရန်ကုန် ဓာတ်သဘင်)**

ကိုဗစ်-၁၉ ရောဂါ အပြင်းအထန် ဖြစ်ပွားနေတဲ့ အချိန်မှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကို အရေးအကြီးဆုံး သော့ချက်အဖြစ် တစ်ခုတည်းသော ကာကွယ်ဆေး ဖြစ်ပါတယ်။ ဗိုင်းရပ်စ်တွေက ခန္ဓာကိုယ်မှာဝင်ပြီး ပွားများလာရင် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်တွေက ပြန်လည်တုံ့ပြန်ပေးပါတယ်။ ကာကွယ်ဆေးထိုးနှံထားရင် ကာကွယ်ဆေးအပေါ်



ဒေါ်အောင်ညွန့်စိန်



ကိုထက်ကို



မချမ်းချမ်းမိုး

မူတည်ပြီး ရောဂါကူးစက်မှုကို ၈၅ ရာခိုင်နှုန်း အကာအကွယ်ပေးနိုင်တဲ့အတွက် အခုလို လာရောက်ထိုးနှံခြင်းဖြစ်ပြီး ပြည်သူအားလုံးလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။

**မချမ်းချမ်းမိုး (ခေါင်းဆောင်မင်းသမီး၊ မဟာရန်ကုန်ဓာတ်သဘင်)**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရင် ရောဂါခံစားရမှုကို ၈၅ ရာခိုင်နှုန်းကျော် ကာကွယ်ပေးနိုင်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးနှံဖို့ အဓိကကျပါတယ်။ ကာကွယ်ဆေးထိုးနှံထားရင် ခန္ဓာကိုယ်ထဲကို ဝင်လာတဲ့ ဗိုင်းရပ်စ်တွေကို တားဆီးလိုက်တဲ့အတွက် ရောဂါကြောင့် သေဆုံးမှုနှုန်းလည်း ကျဆင်းသွားစေပါတယ်။ ကာကွယ်ဆေးထိုးထားရင် မတော်တဆ ပိုးဝင်လာရင်တောင်မှ အများကြီးပွားလို့မရတော့ သူ့မိသားစု၊ ကိုယ့်မိသားစု၊ သူနဲ့ထိတွေ့တဲ့သူတွေကိုလည်း ကူးစက်ဖို့ အခွင့်အလမ်း နည်းသွားပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးထားရင် တစ်ဦးက တစ်ဦးကို ရောဂါကူးစက်မှုနှုန်း လျော့ကျစေတဲ့အတွက် အခုလို ကာကွယ်ဆေးထိုးနှံရခြင်း ဖြစ်ပါတယ်။

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း



ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး ကရင်ပြည်နယ် ဘားအံမြို့ တောင်ကလေး ပရိယတ္တိ သာသနာ့အေးရိပ်သာ စာသင်တိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဩဂုတ် ၂၀

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ တောင်ကလေး ပရိယတ္တိ သာသနာ့အေးရိပ်သာ စာသင်တိုက်နှင့် လမင်းပရိယတ္တိ စာသင်တိုက်သို့ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အထောက်အကူပြု ဆေးဝါးများကို ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ ကျိုက်ဒေးဝကျောင်းတိုက်နှင့် လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာရှိရေးဟောင်းတောရဓမ္မဝိယာရကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ နယားကျောင်း၊ သပိတ်ကျင်းမြို့နယ် ကျောက်ကြီးကျေးရွာရှိ မင်္ဂလာတောရဘုန်းကြီးကျောင်း၊ ပျော်ဘွယ်မြို့နယ် ဝါးရင်းတုတ်ကျေးရွာ ဘုန်းကြီးကျောင်းနှင့် မင်းလှမြို့နယ် မလွန်စာကြောစာသင်တိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၀ | ကျပ် | ၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၀ | ကျပ် | ၉၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၀ | ကျပ် | ၁၀၈၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၄ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၂၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃ | ၂၇၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၂၅၁၂ | ၈၂၈၉၆၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၄ | ၂၀၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀၅၀၆ | ၁၃၆၃၆၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၆ | ၇၉၉၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၈-၂၀၂၁ စနေနေ့

**MRTV HD**

- **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ခန္ဓပရိတ်သုတ် အနတ္တလက္ခဏသုတ်၊ ပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** Weekly Sports Info
- **၀၉:၁၀** ဓေတ်အလိုက်ကြေးမုံပြင် 'ကျောက်ဖြစ်ရုပ်ကြွင်း'
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၃၀** MRTV National News
- **၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် 'တာဝန်သိစိတ်'
- **၁၇:၀၅** ရှုလေပြင်လေကမ္ဘာမြေ
- **၁၇:၂၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၇:၃၅** MRTV Travelogue
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လှို့ဝှက်ချက်' (အပိုင်း-၁၅)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- **၂၁:၃၅** 'မဟာဒုတ်ဇာတ်တော်ကြီး' (တော်ဝင်ရုပ်စုံ-ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)

**mitv**

- **07:01** News
- **07:26** Great Shwedagon - Nine Wonders Around The Platform Of Shwedagon Pagoda
- **07:38** Htan Taw Drums (Part-I) "Osi"
- **07:51** Creations of a Designer: Fashion
- **08:00** Weekly Review
- **08:16** Myanmar Masterclass "Caricature"
- **08:22** Historic Of Kyaukka Shwe Gu Ni Pagoda
- **08:29** Discovering Tribes: Da Nu (Their Life and Customs) (Part-2)
- **08:48** Ancient Heritage In Natalin
- **09:00** Myanmar Family Life: Togetherness of Family Meal Time
- **09:11** Simple Living With High Spirit
- **09:24** One of the Useful Purposes of Bamboo
- **09:32** Ecotourism: White City Block & Japanese Underground Hospita
- **09:47** Myanmar Puppeteers (Tha Nge Taw Dance)

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
တောင်ပေါ်ဒေသတို့လက်ရာ

**ဝကကကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဂေါ်ရန်ဂျီကျွန်းသဘာဝအလှ (အပိုင်း-၁)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကျေးလက်ဆီကပုံတင်သံ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖားစည်မြေမှ ရောင်စုံအလှ (အပိုင်း-၃)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
JH Thang ရဲ့ရင်တွင်းသီချင်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ပြောင်းဖူးစေးပေါက်ထုပ်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ရိုးရာတူရိယာ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လေးရှင်းတောင် မီးပြတိုက်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကြက်သားဖရုံသီးချက်နည်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မျိုးနှစ်ကြောင်းရဲ့ချစ်ခြင်း (ဇာတ်လမ်း)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ'
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# သမိုင်းပညာရှင် ဆရာကြီးစည်သူဒေါက်တာခင်မောင်ညွန့်

ကြည်ကြည်မြင့်(စာပေဗိမာန်)

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်ရှိ စာပေဗိမာန်သည် ပြည်သူလူထုအား ပညာမျက်စိပေးရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ မြန်မာစာပေဖွံ့ဖြိုးရေးနှင့် အများပြည်သူများ အသိဉာဏ်ဖွံ့ဖြိုးစေမည့် စာအုပ်စာပေများ ထုတ်ဝေခြင်းနှင့် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားစာပေဆုများ စိစစ်ရွေးချယ်ရေးနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိပါသည်။ စာပေဗိမာန်ဆုကို ၁၉၄၈ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ပြီး ၁၉၅၆ ခုနှစ်မှစတင်ကာ အမျိုးသားစာပေဆုများအဖြစ် နှစ်စဉ်ချီးမြှင့်ခဲ့ပါသည်။ အမျိုးသား စာပေ တစ်သက်တာဆုကို ၂၀၀၁ခုနှစ်မှစတင်၍ ချီးမြှင့်ခဲ့ပါသည်။**



ဆရာကြီး စည်သူ
ဒေါက်တာ ခင်မောင်ညွန့်

အမျိုးသားစာပေ တစ်သက်တာဆုဟူသည်မှာ မိမိ၏ဘဝတစ်သက်တာလုံး သုတစာပေ သို့မဟုတ် ရသစာပေများကို တစိုက်မတ်မတ် ရေးသားလျက် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာပေများနှင့် သုတေသနဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သူ ပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့် ပေးအပ်ခြင်းဖြစ်ပါသည်။ ယခုအခါ အမျိုးသား စာပေတစ်သက်တာဆု ရရှိသူ ဆရာ၊ ဆရာမကြီး ၃၁ဦး ရှိပြီဖြစ်ပါသည်။

တစ်သက်တာစာပေဆု ရရှိခဲ့သော ဆရာ၊ ဆရာမကြီးများထဲတွင် သုတစာပေရေးသားသူ၊ ရသစာပေ ရေးသားသူ၊ ရှေးဟောင်းစာပေ ပြုစုရေးသားသူ၊ သုတေသနပြုလုပ်သူ၊ သိပ္ပံဝိဇ္ဇာဆိုင်ရာ ဘာသာရပ်များ ကျွမ်းကျင်သူ စသည်ဖြင့် ပညာရှင်မျိုးစုံတို့လည်း ပါဝင်ပါသည်။

၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု ရရှိခဲ့သူမှာ ဘာသာပြန်၊ ယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ စာပေများကို ရေးသားခဲ့သည့် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ စည်သူ ဆရာကြီးဒေါက်တာ ခင်မောင်ညွန့် ဖြစ်သည်။

ဆရာကြီးသည် နိုင်ငံတကာမှ ပညာဆည်းပူးလေ့လာခဲ့သဖြင့် စာပေများကို ပုံဖော်ညွှန်းရာ၌ အင်္ဂလိပ်ဘာသာ အနေဖြင့်ရော မြန်မာဘာသာဖြင့်ပါကျွမ်းကျင် ပိုင်နိုင်စွာ ခြယ်မှုန်းနိုင်သော လေးစားထိုက်သည့် စာပေပညာရှင်ကြီးတစ်ဦး ဖြစ်ပါသည်။ ဆရာကြီးသည် သမိုင်းနှင့် သုတေသနပညာရှင်ဖြစ်သည့် အားလျော်စွာ စာဖတ်သူများအတွက် တန်ဖိုး မဖြတ်နိုင်သော စာပေမြောက်မြားစွာကို ရေးသား ပြုစုခဲ့ပါသည်။ ဆရာကြီးသည် သမိုင်းဘာသာနှင့် ပတ်သက်၍ ကိုယ်တိုင် သုတေသနများပြုလုပ်ပြီး သုတေသန စာတမ်းများစွာကို ပြုစုရေးသားကာ မြန်မာ့သမိုင်းကြောင်းကို ကမ္ဘာက သိရှိသည်အထိ စွမ်းဆောင်ခဲ့ပါသည်။

## ဆရာကြီး၏ ငယ်ဘဝနှင့် ပညာရေးခရီး

ဆရာကြီးကို ၁၉၂၉ ခုနှစ် မေလ ၁၃ ရက်တွင် မန္တလေးမြို့၌ အဖဦးသိန်း၊ အမိ ဒေါ်ကြည်တို့မှ မွေးဖွားခဲ့ပါသည်။

ဆရာကြီးသည် မန္တလေးမြို့ သံတဲကျောင်းတွင် ၁၉၃၅ ခုနှစ်မှစတင်ကာ မူလတန်းနှင့် အလယ်တန်းပညာတို့ကို သင်ကြားခဲ့ပါသည်။ စစ်အတွင်းကာလတွင် ပညာသင်ကြားခြင်းကို ခေတ္တရပ်ဆိုင်းခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် မန္တလေးမြို့ စိန့်ပီတာ အင်္ဂလိပ်သာသနာပြုကျောင်းတွင် ပညာဆက်လက် သင်ကြားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့ပါသည်။ ထို့နောက် မန္တလေးကောလိပ် ဥပစာအထက်တန်းတွင် မြန်မာစာဆုနှင့် ဝိဇ္ဇာနောက်ဆုံးနှစ်တွင် သမိုင်းဘာသာရွှေတံဆိပ်ဆုတို့ကို ရရှိခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ ၁၉၅၄ ခုနှစ်တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့နှင့် ၁၉၅၅ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့တို့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ကို ရရှိခဲ့သည်။

ဆရာကြီးသည် ရန်ကုန်တက္ကသိုလ်၊ အနောက်တိုင်းသမိုင်းနှင့် နိုင်ငံရေးသိပ္ပံဌာနတွင် ၁၉၅၂ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ နည်းပြဆရာနှင့် လက်ထောက်ကထိကအဖြစ် အမှုထမ်းဆောင်လျက်မှပင် ဝိဇ္ဇာဂုဏ်ထူးနှင့် မဟာဝိဇ္ဇာဘွဲ့များကို ရယူခဲ့ပါသည်။ ၁၉၅၆ ခုနှစ်တွင် နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်ခံရ၍ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးတက္ကသိုလ်သို့ ဘွဲ့လွန်ပညာဆည်းပူးရန် သွားရောက်ခဲ့ကာ နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ဖြင့် ၁၉၆၀ ပြည့်နှစ်တွင် ဒေါက်တာဘွဲ့ကို ရယူဆွတ်ခူးခဲ့ပါသည်။

## ဆရာကြီး၏ နိုင်ငံ့တာဝန် ထမ်းဆောင်မှုများ


ဆရာကြီးသည် ရန်ကုန်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ လုပ်သားများကောလိပ်၊ ပညာရေးတက္ကသိုလ်တို့တွင် ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၅ ခုနှစ် အထိ ဌာနမှူး၊ ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာနနှင့် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၁၉၇၆ မှ ၁၉၈၁ ခုနှစ်အထိ မြန်မာသမိုင်းအဖွဲ့နှင့် တက္ကသိုလ်များသမိုင်း သုတေသနဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ပူးတွဲတာဝန်အဖြစ်လည်းကောင်း၊ ၁၉၈၉ မှ ၁၉၉၃ ခုနှစ်အထိ မြန်မာ့သမိုင်းဖြစ်ရပ်အမှန် ပြုစုရေးကော်မရှင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မြန်မာ့သမိုင်းကော်မရှင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ်လည်းကောင်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။


ဆရာကြီးသည် ၁၉၈၃ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ မန္တလေးတက္ကသိုလ် သမိုင်းဌာနနှင့် နိုင်ငံတကာဆက်ဆံရေးပညာဌာန၏ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၇ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ရှေးဟောင်းသုတေသန ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့ အမှုထမ်းခဲ့ပါသည်။ ၁၉၈၉ တွင် ယင်းဌာနမှ သက်ပြည့် အငြိမ်းစားယူခဲ့ပြီးနောက် မြန်မာ့သမိုင်း ဖြစ်ရပ်အမှန်များ ပြုစုရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်က တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။ ထို့ပြင် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ၏ တက္ကသိုလ်ကောင်စီဝင်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ သာသနာပြုတက္ကသိုလ် သမိုင်းဌာန၏ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ယခုတိုင် စာပေများကို သင်ကြားဆဲဖြစ်ပါသည်။ ဆရာကြီးသည် မဟာဘွဲ့များနှင့် ဒေါက်တာဘွဲ့များအတွက် သမိုင်းပညာ၊ နိုင်ငံတကာ ဆက်ဆံရေးပညာနှင့် ရှေးဟောင်းသုတေသနပညာဆိုင်ရာ ဘွဲ့ယူကျမ်းများကိုလည်း ကြီးကြပ်နေဆဲဖြစ်သည်။ ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မြန်မာ့နိုင်ငံခြားရေးဝါဒ၊ သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်တို့ကို ပို့ချနေဆဲဖြစ်ပါသည်။


ဆရာကြီးသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အမျိုးသားညီလာခံ အဖွဲ့ခွဲ (၈) တွင် အဖွဲ့ဝင်အဖြစ်နှင့် ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် အဖြစ်လည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် စတင်ကျင်းပသည့်နှစ်မှစ၍ ၂၀၀၈ ခုနှစ်အထိ အတိုင်ပင်ခံအကြံပေးနှင့် ဦးစီးကော်မတီဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၀၈ ခုနှစ်အောက်တိုဘာလမှစတင်၍ အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး၊ အမျိုးသားကော်မတီ၏ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အစိုးရက တာဝန်ပေးအပ်ခဲ့သည်။ ထို့ပြင် မြန်မာ့ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် သမိုင်းပညာ၊ ယဉ်ကျေးမှုပညာနှင့် ရှေးဟောင်းသုတေသန ပညာရပ်များ အကြောင်းကို အသံလွှင့်ဟောပြောခဲ့ပြီး Myanmar Perspectives နှင့် Internet Magazine တို့၏ စာတည်းမှူးချုပ်အဖြစ်လည်း ဆောင်ရွက်ခဲ့ပါသည်။

“ ဆရာကြီးသည် နိုင်ငံတကာမှ ပညာဆည်းပူးလေ့လာခဲ့သဖြင့် စာပေများကို ပုံဖော်ညွှန်းရာ၌ အင်္ဂလိပ်ဘာသာအနေဖြင့်ရော မြန်မာဘာသာဖြင့်ပါကျွမ်းကျင် ပိုင်နိုင်စွာ ခြယ်မှုန်းနိုင်သော လေးစားထိုက်သည့် စာပေပညာရှင်ကြီးတစ်ဦး ဖြစ်ပါသည်။ ဆရာကြီးသည် သမိုင်းနှင့် သုတေသနပညာရှင်ဖြစ်သည့် အားလျော်စွာ စာဖတ်သူများအတွက် တန်ဖိုး မဖြတ်နိုင်သော စာပေမြောက်မြားစွာကို ရေးသားပြုစုခဲ့ ”







*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

**ဆရာကြီး၏ စာပေဆောင်ရွက်မှုများ**

ဆရာကြီးသည် ကလေးဘဝကပင် စာပေ၌မွေ့လျော်ကာ ကျောင်းသားဘဝတွင် နံရံကပ်စာစောင်များ ရေးသားခဲ့ပြီး ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည့် တက္ကသိုလ်များနှင့် ဌာနများတွင်လည်း စာတမ်းများပြုစုခြင်း၊ နှစ်ပတ်လည် မဂ္ဂဇင်းများ၌ ရေးသားခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။ ကောလိပ်ကျောင်းသုံး စာအုပ်များ၊ လမ်းညွှန်စာအုပ်များ၊ သုတေသန စာတမ်းများ၊ စာနယ်ဇင်းများတွင် ဆောင်းပါးပေါင်း ၂၀၀၀ ကျော်နှင့် စာအုပ်ပေါင်း ၁၀၀ နီးပါး ရေးသားခဲ့ပါသည်။ စာပေများရေးသားရာ၌ ရွှေမန်းမောင်၊ မောင်ကျော်ဇော၊ မောင်လူဇော်၊ ငွေခြည် နှင့် Moon Beam စသည့်ကလောင်ခွဲများဖြင့်လည်း ရေးသားခဲ့သည်။ သမိုင်းနှင့် သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များကိုသာမက ဒေသန္တရဆိုင်ရာ ဗဟုသုတများကိုပါ ရာမီးကာ တိုင်းရင်းသားဓလေ့များ၊ ခရီးသွားစာပေများကိုလည်း ရေးသားခဲ့ပါသည်။ ဆရာကြီးသည် ခရီးသွားခြင်းကို ဝါသနာပါကာ ပညာသင်ကာလမှစတင်၍ ဝန်ထမ်းဘဝ တာဝန်ထမ်းဆောင်စဉ်ကာလအထိ တွေ့ကြုံခဲ့ရသည်များအား ရေးသားခဲ့သည်များကိုလည်း ဖတ်ခဲ့ရပါသည်။ ဆရာကြီးသည် လမ်းစဉ်ပါတီ၏ တာဝန်ပေးချက်အရ တိုင်းရင်းသားဓလေ့ထုံးစံများ(ချင်း)နှင့် တိုင်းရင်းသားဓလေ့ထုံးစံများ(ရှမ်း) တို့ကိုလည်း လက်တွေ့သွားရောက်လေ့လာကာ ပြုစုရေးသားခဲ့ပါသည်။

ငယ်စဉ်ဘဝ မန္တလေးမြို့၌ နေစဉ်ကပင် လူထုသတင်းစာ၌ ရေးသားခဲ့ပြီး ရှုမဝ၊ ပညာတန်ဆောင်၊ ပညာလောက၊ မြဝတီ၊ ငွေတာရီ၊ နေ့စဉ်သတင်းစာနှင့် Myanmar Time တို့တွင် ဆောင်းပါးများ၊ ဝတ္ထုများ၊ စုံထောက်နှင့် လျှို့ဝှက်သည်းဖိုများကို ရေးသားခဲ့ပါသည်။

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် နိုင်ငံတကာ ရေးရာဆိုင်ရာ ဟောပြောသင်ကြားပို့ချခြင်း၊ စာတမ်းဖတ်ခြင်း၊ သုတေသနပြုခြင်းတို့ကို ပြည်တွင်းပြည်ပတို့တွင် ဆောင်ရွက်ခဲ့သည်။ ဆရာကြီးသည် ဌာနဆိုင်ရာတာဝန်များ၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများနှင့် စာတမ်းဖတ်ပွဲများ တက်ရောက်ရန် နိုင်ငံပေါင်း ၆၀ ကျော်သို့ သွားရောက်ခဲ့ပါသည်။ ဂျီနီဗာ၊ ဘာလင်၊ ရောမ၊ ပါရီ၊ ဘေကျင်း၊ မော်စကို၊ နယူးဒေလီ၊ တိုကျို၊ ဆိုးလ်၊ မနီလာ၊ ဘန်ကောက်၊ ကွာလာလမ်ပူ၊ ဂျကာတာ၊ ဘာလီ၊ နန်နင်း၊ နီပေါ၊ သီဟိုဠ်၊ ရုရှ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင် နှင့် အမေရိကားတို့တွင် ကျင်းပသော နိုင်ငံတကာ ညီလာခံများ၊ အာဆီယံဆိုင်ရာ ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ နိုင်ငံတော်မှ တာဝန်ပေးချက်အရ စာတမ်းများ တင်သွင်းကာ ဖတ်ကြားဆွေးနွေးခဲ့သည်။

ဆရာကြီး ပြုစုထုတ်ဝေခဲ့သည့် စာအုပ်များအနက် ထင်ရှားသော စာအုပ်များမှာ 'ကျွန်တော် မစ္စတာဘားမား' (၁၉၈၆)၊ The Seventh Myanmar Traditional Cultural Regatta Festival (1996)၊ 'An Outline History of Myanmar Literature' (1999)၊ Sule Pagoda = Kyaik Athok Ceti (2000)၊ 'An Anthology of Conference Paper's' (2002–2003)၊ 'Selected Writings' (2004)၊ 'Radio Talks on Myanmar Culture' (2006)၊ 'Myanmar Traditional Monthly Festivals' (2005)၊ 'Myanmar Gems' (2008)၊ 'Myanmar Superlatives' (2012)၊ 'The Historic Bells of Yangon' (2016) စသည်တို့ ဖြစ်ပါသည်။

**အမျိုးသားစာပေ တစ်သက်တာစာပေဆုနှင့် အမျိုးသားစာပေဆုအပါအဝင် ထူးချွန်ဆုများရှင်**

ဆရာကြီးသည် နိုင်ငံတော်မှ ချီးမြှင့်သည့် အေးချမ်းသာယာ ဝန်ထမ်းကောင်း လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်–၁၉၉၂)၊ စီမံထူးချွန်တံဆိပ်(ပထမဆင့်–၂၀၀၁)၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်– ၂၀၀၃)နှင့် မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့ (၂၀၀၆) တို့ကို နိုင်ငံတော်က ချီးမြှင့်ခဲ့ပြီး ဆရာဝန်တင်ရွှေ စာပေဆု (၂၀၀၅)နှင့် သုတစွယ်စုံ တစ်သက်တာ စာပေဆု(၂၀၀၇)၊ ဆရာဝန်တင်ရွှေ စာပေဆု(၂၀၁၂)၊ စည်သူဘွဲ့ (၂၀၁၂)၊ အမျိုးသားစာပေဆု(၂၀၁၆)၊ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ်(ပထမဆင့်–၂၀၂၁)နှင့် ပညာတန်ဆောင် ထပ်ဆင့်ဂုဏ်ပြုဆု (၂၀၂၁)တို့ကို ရရှိခဲ့သည်။

**အမျိုးသားစာပေ တစ်သက်တာစာပေဆုနှင့် အမျိုးသားစာပေ ဆုရွေးချယ်ရေး အဖွဲ့ဝင်များ၏ အစီရင်ခံစာနှင့် ဆရာကြီး၏ မှတ်တမ်းစကားများ**

ပြည်ထောင်စု မြန်မာနိုင်ငံတွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသော အားဖြင့် ဆရာကြီးအား ၂၀၀၉ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို ချီးမြှင့်ခဲ့ပါသည်။

ကြေးမုံသတင်းစာတွင် ဆရာကြီးက "ကျွန်တော့်တစ်သက်တာမှာ အခြားဆုတွေလည်း ရခဲ့ဖူးတယ်။ အခု ရတဲ့ဆုကတော့ တစ်သက်မှာ တစ်ခါပဲရတဲ့ဆု ဖြစ်တဲ့အတွက် ပြီးတော့ နိုင်ငံတော်က ချီးမြှင့်တာဖြစ်တဲ့အတွက် အထူး ဝမ်းမြောက်မိပါတယ်။ ပိုက်ဆံနဲ့ အခုလိုဆု ဘယ်ဟာကိုရွေးမလဲဆိုရင် နိုင်ငံတော်က ချီးမြှင့်တဲ့ဆုကိုပဲ ကျွန်တော် ရွေးပါမယ်။ အဲဒီဆုလက်မှတ်က သား၊ သမီး၊ မြေး၊ မြစ်တွေအထိ ပြသလို့ရတယ်။ အဲဒီဂုဏ်က အတိုင်းမသိတဲ့ဂုဏ်လို့ ခေါ်နိုင်




ဆရာကြီးစည်သူ ဒေါက်တာခင်မောင်ညွန့်အား အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်စဉ်။

ပါတယ်။ မြန်မာအကြောင်းကို ရေးမယ်ဆိုလျှင် မြန်မာဘာသာနဲ့ပဲ ရေးရေး၊ အင်္ဂလိပ်ဘာသာနဲ့ပဲ ရေးရေး၊ မြန်မာ့ယဉ်ကျေးမှုအကြောင်းနဲ့ မြန်မာဓလေ့စရိုက်ကို ပံ့ပိုးပေးတာမျိုး ဖြစ်သင့်တယ်။ ရေးသမျှက အနှစ်သာရရှိအောင် အမြဲကြံဆနေဖို့လည်းလိုတယ်"ဟု မှတ်တမ်းစကား ပြောကြားခဲ့ပါသည်။

ထို့ပြင် ဆရာကြီးသည် ၂၀၁၆ ခုနှစ်အတွက်(အင်္ဂလိပ်ဘာသာ–သုတ)ဆုကို THE HISTORIC BELLS OF YANGON ဖြင့် ရရှိခဲ့သည်။

"THE HISTORIC BELLS OF YANGON စာအုပ်သည် သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးထားပါသည်။ ခေါင်းလောင်းစာသည် ကျောက်စာလောက် အရေးမပါဟု ယူဆတတ်သူများအား ခေါင်းလောင်းစာများ၏ အရေးပါပုံကို သိမြင်စေသည်။ စာရေးသူသည် ရန်ကုန်မြို့၏ ဘုရားပုထိုး စေတီဝင်းများတွင် ချိတ်ဆွဲထားသည့် သမိုင်းဝင် ခေါင်းလောင်းများ၏ သမိုင်းဝင် ခေါင်းလောင်းစာများကို လေ့လာဆန်းစစ် တင်ပြထားသည်ကို တွေ့ရှိရသည်။ ရွှေတိဂုံစေတီတော်ရှိ စဉ့်ကူးမင်း ခေါင်းလောင်းကြီးနှင့် သာယာဝတီမင်း ခေါင်းလောင်းကြီးကို အသေးစိတ် တင်ပြထားပြီး ဆူးလေစေတီတော်မှ ခေါင်းလောင်းများနှင့် ကိုးထပ်ကြီးဘုရား၊ ငါးထပ်ကြီးဘုရား၊ ကျိုက္ကဆံဘုရား၊ ကျိုက်ဝိုင်းဘုရား၊ ကျိုက္ကလို့ဘုရားတို့၏ ပရဝဏ်များတွင် ချိတ်ဆွဲပူဇော်ထားသော ခေါင်းလောင်းများ၏ စာများကိုပါ ဝန်းရံရှင်းလင်းထားသည်။ အထူးသဖြင့် အေဒီ ၁၇၇၉ ခုနှစ်တွင် အပြီးသတ်သွန်းလုပ်ခဲ့သော သမိုင်းတန်ဖိုးမြင့်သည့် စဉ့်ကူးမင်းခေါင်းလောင်းတော်နှင့် အေဒီ ၁၈၄၃ ခုနှစ်တွင် သွန်းလုပ်တော်မူခဲ့သော သာယာဝတီမင်း ခေါင်းလောင်းတော်တို့ကို အသေးစိတ် တင်ပြထားသည်။ ခေါင်းလောင်းစာဟူသည် လှူဒါန်းသူ၏ ကောင်းမှုကုသိုလ်မှတ်တမ်းဟု ဆိုရသော်လည်း ခေတ်စနစ်တစ်ရပ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့မှအစ မြန်မာမှုအထွေထွေကို စာရေးသူက ထင်ဟပ်ဖော်ပြထားသည်။ သမိုင်း အထောက်အကူပြု တစ်နည်းအားဖြင့် သမိုင်းဖြည့်ကွက်ဟု ဆိုကြရပါသည်။

စာရေးသူကိုယ်တိုင်က သမိုင်းပညာရပ်ကို အထူးတလည် လေ့လာလိုက်စားပြီး ကိုယ်တိုင်ရေးအင်္ဂလိပ်စာဖြင့် မြန်မာမှုကို ဖော်ထုတ်ထားပါသည်။ အင်္ဂလိပ်စာ အရေးအသားတွင်လည်း ပညာရပ်ပိုင်းကို ပညာရပ်ဆန်ဆန် တင်ပြခြင်းမဟုတ်ဘဲ သာမန်စာဖတ်သူတစ်ဦး နားလည်ခံစားနိုင်စေသည့် အရေးအသားဖြစ်သည်။ မြန်မာမှု မြန်မာ့ရေးရာကို အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံတကာသို့ ထိုးဖောက်နိုင်စွမ်းရှိသည်" ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားပါသည်။

ဆုရရှိခဲ့သည့်အပေါ် ဆရာကြီးက မှတ်တမ်းစကားပြောကြားရာတွင် "အခု လို စာပေဆုရတာ ဝမ်းသာပါတယ်။ အရင်တုန်းကလည်း စာပေဆုတွေ ရခဲ့တယ်။ ဒါက သုတေသနလုပ်တာ တော်တော်ကြာတယ်။ ခဲရာခဲဆစ် လုပ်ခဲ့ရတာ။ ခေါင်းလောင်းစာက စာတွေဖတ်ဖို့ ငြမ်းဆင်ထားတဲ့အပေါ် တွေတက်ပြီး မှန်ဘီလူးနဲ့ကို ဖတ်ခဲ့ရတယ်။ သိပ်မထင်တဲ့ စာတွေကို ရေဆေးပြီး ဖတ်ခဲ့ရတာ။ တချို့ဆို ထူးထူးဆန်းဆန်း အင်းကွက်တွေ ပါတယ်။ အင်းကွက်တွေကလည်း သူ့အဓိပ္ပာယ်နဲ့သူရှိနေတော့ ဒီစာအုပ်ထဲမှာ မပါဘူး။ ဒါတွေကိုတော့ နားလည်ပေးပါလို့ ပြောချင်တယ်။ အခုလိုဆုရတဲ့အတွက်လည်း ဝမ်းသာတယ်။ ဆရာလည်း စာတွေဆက်ရေးဖို့ ရှိနေပါတယ်။ ကျွန်တော်က သမိုင်းဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့အချိန် ရွှေတိဂုံဘုရားပေါ် ရောက်တဲ့အခါနဲ့ ကျိုက္ကလို့၊ ကျိုက္ကလဲ့ဘုရားတို့ကို ရောက်တဲ့အခါမှာ လျှောက်ပြီး ကြည့်တယ်။ ကျောက်စာတွေဖတ်တယ်။ ခေါင်းလောင်းစာတွေ ဖတ်တယ်။ ခေါင်းလောင်းစာတွေထဲမှာ အလှူအတန်းတွေအကြောင်းကို တွေ့ရတယ်။ အထူးသဖြင့် အင်္ဂလိပ် – မြန်မာစစ်ပွဲတွေ အကြောင်းလည်း တွေ့ရတယ်။ အင်္ဂလိပ်နဲ့မြန်မာ စစ်မဖြစ်မီက မြန်မာရဲ့ အင်ပါယာဟာ အကြီးကြီးဆိုတာ သိရတယ်။ ခေါင်းလောင်းစာတွေမှာ လှူဒါန်းတဲ့ အလှူရှင်တွေရဲ့ ရည်ရွယ်ချက်အမျိုးမျိုးကို တွေ့ရတယ်။ ဆုတောင်းစာတွေလည်း ပါတယ်။ လှူဒါန်းတဲ့ ကြေးဈေးနှုန်းက ဘယ်လောက်ရှိတယ်။ ပိဿာချိန်က ဘယ်လောက်ရှိတယ် ဆိုတာကို တွေ့ရတယ်။ ပန်းတဉ်း ပညာရှင်က ဘယ်သူဆိုတာတွေလည်း ပါတယ်။ ပန်းတဉ်း ပညာရှင်၊ ကြေးပညာရှင်တွေကတော့ မန္တလေးက များတယ်။ ဒါတွေဟာ စီးပွားရေးစစ်တမ်းကောက်လို့ရတဲ့အထိ အရေးပါတာ တွေ့ရတယ်။ ခေါင်းလောင်းတွေမှာ အလှူရှင်တွေရဲ့ နတ်လူသာခုခေါ်ပါစေသော်၊ နိဗ္ဗာန်ရောက်ရပါလို၏ ဆိုတာလောက် မဟုတ်တော့ဘဲ ခေတ်ရဲ့ နိုင်ငံရေး၊ စီးပွားရေးတွေကို ဖော်ပြနေတာ ဖြစ်ပါတယ်။ ခေါင်းလောင်းတွေမှာ ပါဠိလိုရေးတာ ရှိတယ်။ သက္ကတဘာသာနဲ့ ရေးတာရှိတယ်။ သင်္ကေတတွေနဲ့ ထိုးထားတာလည်းရှိတယ်။ သုတေသနပြုလုပ်ရတာ အတော်ကြာခဲ့ပါတယ်။ စဉ့်ကူးမင်း ခေါင်းလောင်းကြီးကတော့ အထင်ရှားဆုံးဖြစ်ပါတယ်။ အင်္ဂလိပ်က စစ်အောင်တဲ့အထိမ်းအမှတ်နဲ့ လန်ဒန်ကိုယူသွားဖို့ ကြိုးစားခဲ့ပေမယ့် ဒေါပုံမြစ်ထဲကို ပြုတ်ကျသွားခဲ့ပါတယ်။ အင်္ဂလိပ်တွေ မဆယ်နိုင်တဲ့ ဒီခေါင်းလောင်းကြီးကို မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ဆယ်ယူပြီး ရွှေတိဂုံဘုရားမှာ ပြန်လည်ချိတ်ဆွဲထားခဲ့ပါတယ်" ဟု ပြောကြားခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

ယခုအပတ် ပရီမီယာလိဂ်ပွဲစဉ် (၂) မှာတော့ အာဆင်နယ်နှင့် ချယ်ဆီးအသင်းတို့ ဆုံတွေ့နေတဲ့ ပွဲစဉ် ပါဝင်နေပါတယ်။ အာဆင်နယ်အသင်းက ပွဲစဉ် (၁) မှာ ဘရန့်ဖို့ဒ်အသင်းကို နှစ်ဂိုး–ဂိုးမရှိနဲ့ ရှုံးနိမ့်ထားပါတယ်။ ချယ်ဆီးအသင်းက ပဲလေ့စ်အသင်းကို သုံးဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိထားပါတယ်။ လက်ရှိမှာ အာတီတာအနေနဲ့ ပွဲစဉ် (၁) မှာ ရှုံးနိမ့်ခဲ့တာကြောင့် ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ချယ်ဆီးအသင်းက ပုံစံကောင်းရရှိနေပြီး မကြာသေးမီကလည်း အင်တာမီလန်တိုက်စစ်မှူး လူကာကူကို ခေါ်ယူထားတာကြောင့် ယနေ့ပွဲစဉ်မှာ ထည့်သွင်းအသုံးပြုလာမလား စိတ်ဝင်စားစရာပါ။ နည်းပြ အာတီတာအနေနဲ့ ယနေ့ပွဲစဉ်မှာ နိုင်ပွဲရရှိဖို့ လိုအပ်နေတာကြောင့် ချယ်ဆီးအသင်းကို အနိုင်ယူသွားနိုင်မလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# ချယ်ဆီးကို အနိုင်ယူပြီး ဖိအားတွေအောက်က အာတီတာ ရုန်းထွက်နိုင်မလား

**အာဆင်နယ် vs ချယ်ဆီး**

L L L D L  Venue – Emirates Stadium  W W D W W

နည်းပြ အာတီတာရဲ့ အာဆင်နယ်အသင်းဟာ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ သရေကျထားပြီး လေးပွဲအထိ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ အသင်းမှ အားထားရတဲ့ လာကာဇက်နဲ့ အူဘာမီယန်တို့ မပါဝင်နိုင်ဘဲ ဘာလိုဂွန်၊ မာတင်နယ်လီ၊ စမစ်ရိုဝီ၊ ပီပီတို့နဲ့ ပွဲထွက်လာခဲ့တာ တွေ့ရတယ်။ အဲဒီပွဲစဉ်မှာ အာဆင်နယ်အသင်းဟာ နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် အသင်းလိုက်ကစားဟန် ကောင်းမွန်ခဲ့ပြီး ဂိုးကန်သွင်းမှု ၂၂ ကြိမ်အထိ ပြုလုပ်ထားနိုင်တာကိုတွေ့ရတယ်။

ချယ်ဆီးအသင်းက ပုံစံကောင်းရရှိနေတဲ့ အသင်းဖြစ်ပြီး ဩဂုတ် ၁၂ ရက် ယူအီးအက်ဖ်အေ စူပါဖလားဗိုလ်လုပွဲမှာ ဗလင်စီယာကို အနိုင်ယူပြီး ဖလားဆွတ်ခူးထားပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာလည်း ပဲလေ့စ်အသင်းကို သုံးဂိုး– ဂိုးမရှိဖြင့် အနိုင်ရရှိထားတာကြောင့် ခြေစွမ်းကျစ်လျစ်နေတာကို တွေ့ရတယ်။ ဒါ့အပြင် ယနေ့ပွဲစဉ်မှာ အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူး လူကာကူကို ထည့်သွင်းအသုံးပြုမလား



စောင့်ကြည့်ရမှာပါ။ သို့သော်လည်း ချယ်ဆီးအသင်းဟာ ယနေ့ပွဲစဉ်ပြီးရင် လီဗာပူးအသင်းနဲ့ တွေ့ဆုံဖို့ရှိနေတာကြောင့် လူစုံထုတ်ကာ အာဆင်နယ်ကို ရင်ဆိုင်လာမလား စိတ်ဝင်စားဖွယ်ရာပါ။

# မက်ဆီမပါတဲ့ ဒုတိယမြောက်ပွဲစဉ်ကို ဘာစီလိုနာ ဘယ်လိုကျော်ဖြတ်မလဲ

ယခုအပတ် စပိန်လာလီဂါပွဲစဉ် (၂) မှာ ဘီလ်ဘာအိုနဲ့ ဘာစီလိုနာအသင်းတို့ ထိပ်တိုက်ဆုံတွေ့နေတဲ့ပွဲစဉ် ပါဝင်ပါတယ်။ ပွဲစဉ် (၁) မှာ ဘီလ်ဘာအို အသင်းက သရေကျထားပြီး ဘာစီလိုနာအသင်းက အနိုင်ရရှိထားပါတယ်။ ဒီနှစ်သင်းတွေ့ဆုံတိုင်း ခက်ခက်ခဲခဲကစားရလေ့ရှိတာကြောင့် ယခုပွဲစဉ်မှာ ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**ဘီလ်ဘာအို vs ဘာစီလိုနာ**

D D W L W  Venue – San Mames Barria  W W L W W




ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းကို အားထားရတဲ့ တိုက်စစ်မှူး မက်ဆီ ပြောင်းရွှေ့သွားပြီးနောက် အသင်းရဲ့ တိုက်စစ်ပိုင်းမှာ လိုအပ်ချက်များစွာ ရှိနေလိမ့်မယ်ဟု ထင်ကြေးပေးပြောဆိုနေမှုများရှိသော်လည်း ပွဲစဉ် (၁) မှာ ဘာစီလိုနာ အသင်းက ဆိုစီဒက် အသင်းကို လေးဂိုး–နှစ်ဂိုးနဲ့ အနိုင်ယူပြထားပါတယ်။ အဲဒီ ပွဲစဉ်မှာ ဘရိတ်ဝိတ်၊ ဒီပေး၊ ဂရစ်ဇ်မန်းတို့ ခြေစွမ်းပြသနိုင်ခဲ့တာကို တွေ့ရတယ်။

ပြိုင်ဘက် ဘီလ်ဘာအိုအသင်းက ပြီးခဲ့တဲ့ပွဲမှာ အယ်ချီအသင်းကို ဂိုးမရှိ သရေကျထားတာကြောင့် ယနေ့ပွဲစဉ်ကို အနိုင်ရရှိအောင် အားစိုက်ကစားလာမှာပါ။ အဆိုပါ ပွဲစဉ်မှာ အသင်းရဲ့ ကစားပုံကောင်းမွန်မှုရှိခဲ့ပေမယ့် အသင်းရဲ့တိုက်စစ်ကစားသမားများ အဆုံးသတ်မသေချာမှုကြောင့် လိုအပ်နေတဲ့ နိုင်ပွဲနဲ့ ဝေးကွာခဲ့ရတာပါ။

**ဘာစီလိုနာအသင်း အသာရထား**

ဘီလ်ဘာအိုအသင်းနဲ့ ဘာစီလိုနာအသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်ကိုကြည့်ရင် ဘာစီလိုနာအသင်းက အသာရထားပြီး နှစ်ကြိမ်စလုံး အနိုင်ရရှိထားတာ တွေ့ရတယ်။ ဒါကြောင့် ဘီလ်ဘာအိုအသင်းအနေနဲ့ ယနေ့ပွဲစဉ်မှာ ဘာစီလိုနာအသင်းကို မဖြစ်မနေ အနိုင်ရရှိဖို့ လိုအပ်နေတာပါ။ ဘာစီလိုနာအသင်းကလည်း မက်ဆီမပါတဲ့ပွဲစဉ်ကို ဒုတိယမြောက် ကစားရမှာပါ။ ဒါကြောင့် ဘာစီလိုနာအသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာလို ခြေစွမ်းပြသကာ ဘီလ်ဘာအိုအသင်းကို ထပ်မံ အနိုင်ယူပြသွားနိုင်မလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

## နောက်ဆုံးရအပြောင်းအရွှေ့သတင်းများ



- အာဆင်နယ်အသင်းသည် ပေါင်သန်း ၃၀ ဝန်းကျင်ဖြင့် ရီးရဲမက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား မာတင်အိုဒီဂတ်ကို အပြီးသတ် ခေါ်ယူလိုက်သည်။ အသက် ၂၂ နှစ် အရွယ်ရှိ နော်ဝေကစားသမားသည် ပြီးခဲ့သည့်ရာသီ ဒုတိယနှစ်ဝက်တွင် အာဆင်နယ် အသင်း၌ အငှားကစားခဲ့သူဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ပွဲ ၂၀ ပါဝင်ကစားထားသည်။
- မန်ယူအသင်းမှ အသက် ၂၈ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား လင်ဂတ်သည် ယခုနှစ်ရာသီတွင် နည်းပြဆိုးလ်ရှား၏ ပထမအသင်း၌ ပုံမှန် ပွဲထွက်ခွင့် မရရှိပါက အပြောင်းအရွှေ့ဈေးကွက်မပိတ်မီ အိုးထရက်ဖို့ဒ်မှ ထွက်ခွာမည် ဖြစ်သည်။
- ဝက်ဖို့ဒ်အသင်းသည် ဖီနာဘာချီအသင်းမှ တူရကီကစားသမား အိုဇန် တူဖန်ကို တစ်ရာသီ အငှားဖြင့် ခေါ်ယူလိုက်သည်။ ၎င်းသည် ဖီနာဘာချီအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၇၄ ပွဲ ပါဝင်ကစားထားကာ ၂၁ ဂိုးသွင်းယူပေးထားသည်။
- လီဗာပူးအသင်းသည် အသင်းမှ အသက် ၂၉ နှစ်အရွယ်ရှိ အီဂျစ်တိုက်စစ်ကစားသမား ဆာလာကို စာချုပ်သစ်ချုပ်ဆိုနိုင်ရေးအတွက် ကမ်းလှမ်းမှုပြုလုပ်ရန် ပြင်ဆင်နေသည်။
- ရှက်ဖီးလ်အသင်းသည် မန်ယူအသင်းမှ အိုင်ဗရီကို့စ်တောင်ပံကစားသမား ဒီယယ်လို (၁၉နှစ်) ကို အငှားခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ပိုလန်တိုက်စစ်ကစားသမား လီဝမ်ဒေါစကီး (၃၂နှစ်)သည် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာကာ စိန်ခေါ်မှုအသစ်များကို ရှာဖွေလိုနေကြောင်း သိရသည်။ ၎င်းသည် ဘိုင်ယန်မြူးနစ်နှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးသည်။

### ပရီမီယာလိဂ် ပွဲစဉ် (၂)

| | |
|---|---|
| ၂၁–၈–၂၀၂၁ | (စနေနေ့) |
| လီဗာပူး – ဘန်လေ | ည ၆:၀၀ |
| ဗီလာ – ကာဆယ် | ည ၈:၃၀ |
| ပဲလေ့စ် – ဘရန့်ဖို့ဒ် | ည ၈:၃၀ |
| လိဒ်စ် – အဲဗာတန် | ည ၈:၃၀ |
| မန်စီးတီး – နော့ဝှစ်ချ် | ည ၈:၃၀ |
| ဘရိုက်တန် – ဝက်ဖို့ဒ် | ည ၁၁:၀၀ |
| ၂၂–၈–၂၀၂၁ | (တနင်္ဂနွေနေ့) |
| ဆောက်သမ်တန် – မန်ယူ | ည ၇:၃၀ |
| ဝုဖ် – စပါး | ည ၇:၃၀ |
| အာဆင်နယ် – ချယ်ဆီး | ည ၁၀:၀၀ |
| ၂၃–၈–၂၀၂၁ | (တနင်္လာနေ့) |
| ဝက်စ်ဟမ်း – လက်စတာ | နံနက် ၁:၃၀ |

### လီဂူးဝမ်း ပွဲစဉ် (၃)

| | |
|---|---|
| ၂၁–၈–၂၀၂၁ | (စနေနေ့) |
| မိုနာကို – လန်းစ် | ည ၉:၃၀ |
| စိန့်အက်တီအန် – လိုင်လီ | နံနက် ၁:၃၀ |
| ၂၂–၈–၂၀၂၁ | (တနင်္ဂနွေနေ့) |
| လိုင်ယွန် – ကလီမွန့် | ည ၅:၃၀ |
| ဘော်ဒိုး – အိန်ဂျား | ည ၇:၃၀ |
| မက်ဇ် – ရိမ်းစ် | ည ၇:၃၀ |
| မောင့်ပယ်လီယာ– လော်ရီရန့် | ည ၇:၃၀ |
| စထရာဘော့ – ထရိုင်းယက်စ် | ည၇:၃၀ |
| ရင်းနက်စ် – နန့်တက်စ် | ည ၉:၃၀ |
| နိုက်စ် – မာဆေးလ် | နံနက် ၁:၁၅ |

### ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂)

| | |
|---|---|
| ၂၁–၈–၂၀၂၁ | (စနေနေ့) |
| ဖရန့်ဖတ် – အော့စ်ဘတ် | ည ၈:၀၀ |
| ဖရိုင်းဘတ် – ဒေါ့မွန် | ည ၈:၀၀ |
| ဘာလင် – ဝုဖ်ဘတ် | ည ၈:၀၀ |
| ဘိုချန် – မိန့်ဇ် | ည ၈:၀၀ |
| ဂရူသာဖက် – ဘီလ်ရယ်ဖီး | ည ၈:၀၀ |
| လေဗာကူဆင် – ဂလာဘတ် | ည ၁၁:၀၀ |
| ၂၂–၈–၂၀၂၁ | (တနင်္ဂနွေနေ့) |
| ဟော့ဖန်ဟိန်း – ယူနီယံ | ည ၈:၀၀ |
| ဘိုင်ယန်မြူးနစ်– ကိုလုံး | ည ၁၀:၀၀ |

### စီးရီးအေ ပွဲစဉ် (၁)

| | |
|---|---|
| ၂၁–၈–၂၀၂၁ | (စနေနေ့) |
| ဗီရိုနာ – ဆက်ဆူ | ည ၁၁:၀၀ |
| အင်တာမီလန် – ဂျီနိုအာ | ည ၁၁:၀၀ |
| အမ်ပိုလီ – လာဇီယို | နံနက် ၁:၁၅ |
| တိုရီနို – အတ္တလန္တာ | နံနက် ၁:၁၅ |
| ၂၂–၈–၂၀၂၁ | (တနင်္ဂနွေနေ့) |
| ဘိုလော့ဂ်နာ – စလာနီတာနာ | ည ၁၁:၀၀ |
| အူဒီးနိစ် – ဂျူဗင်တပ်စ် | ည ၁၁:၀၀ |
| နာပိုလီ – ဗင်နီဇီယာ | နံနက် ၁:၁၅ |
| ရိုးမား – ဖီအိုရင်တီးနား | နံနက် ၁:၁၅ |
| ၂၃–၈–၂၀၂၁ | (တနင်္လာနေ့) |
| ကက်ဂလီ – စပီဇီယာ | ည ၁၁:၀၀ |
| ဆမ်ဒိုးရီယား – အေစီမီလန် | နံနက် ၁:၁၅ |

■ မိုးဇက်–စုစည်းသည်



၂၀၁၉ ခုနှစ်က ကျင်းပခဲ့သော ဂျပန်ဖော်မြူလာဝမ်းကားပြိုင်ပွဲကိုတွေ့ရစဉ်။

လင်းခေတ်ဆန် – စုစည်းသည်

# ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် နာမည်ကြီး ဂျပန်ဖော်မြူလာဝမ်း ကားပြိုင်ပွဲကို ဖျက်သိမ်း

ကိုဗစ်–၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် ၂၀၂၁ ခုနှစ် ဂျပန်ဖော်မြူလာဝမ်းဂရင့်ပရီကားပြိုင်ပွဲကို ဖျက်သိမ်းလိုက်ကြောင်း ပွဲစီစဉ်သူများက ဩဂုတ် ၁၈ ရက်တွင် ပြောကြားလိုက်သည်။

အောက်တိုဘာ ၈–၁၀ တွင် ဂျပန်နိုင်ငံ ဆူဇူကာ ကားပြိုင်ကွင်းတွင် ကျင်းပရန်စီစဉ်ထားသော အဆိုပါ နာမည်ကြီး ကားပြိုင်ပွဲကို ဖျက်သိမ်းပြီးနောက် စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၁–၃ ညဘက်တွင် ကျင်းပမည့် ဖော်မြူလာဝမ်းကားပြိုင်ပွဲကိုလည်း ဖျက်သိမ်းရမည့်အခြေအနေရှိသည်။

သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ဂျပန်အစိုးရက ယခုနှစ်ရာသီအတွက် ကားပြိုင်ပွဲကို ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။ နိုင်ငံအတွင်းဖြစ်ပွားနေသော ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် ဂျပန်အစိုးရက ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း ဖော်မြူလာဝမ်းက ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြလိုက်သည်။

ဖော်မြူလာဝမ်းသည် ပွဲအစီအစဉ်လျာထားချက်ဇယားကို ပြန်လည်သုံးသပ်မှုများပြုလုပ်နေပြီး လာမည့် သီတင်းပတ်များအတွင်း အသေးစိတ်များကို ထပ်မံကြေညာသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ပွဲကြည့်ပရိသတ်မရှိဘဲအိုလံပစ်အားကစားပြိုင်ပွဲကြီးကို တိုကျိုတွင် ကျင်းပခဲ့သည်။ ထို့အတူ ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်သော မသန်စွမ်းအားကစားပြိုင်ပွဲများကိုလည်း ပရိသတ်မရှိဘဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **စီအင်န်အင်န်**

## ဗြိတိန်နံပါတ်တစ်တင်းနစ် ကစားသမားဟောင်း မာရေး ဆင်ဆင်နတီမာစတာပြိုင်ပွဲမှထွက်ရ

ဗြိတိန်နံပတ်တစ်တင်းနစ်ကစားသမားဟောင်း အန်ဒီမာရေးသည် ဩဂုတ် ၁၉ ရက်က ဆင်ဆင်နတီမာစတာတင်းနစ်ပြိုင်ပွဲတွင် ဟူဘတ်ဟာ့ခ်ကတ်ဇ် ကို ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာသွားရပြီဖြစ်သည်။

ချန်ပီယံနှစ်ကြိမ် ဖြစ်ခဲ့သော မာရေးသည် ၎င်း၏ ပိုလန်ပြိုင်ဘက်ကို မယှဉ်သာတော့ဘဲ ရှုံးနိမ့်ခဲ့သည်။ ဟာ့ခ်ကတ်ဇ်သည် ၇–၆ (၇–၄) ၆–၃ ဖြင့်မာရေးကို အနိုင်ရရှိခဲ့သည်။ “ဒီတစ်ပတ်ပွဲစဉ်ကတော့ အတော်လေးကစားရတာကောင်းပါတယ်။ ကျွန်တော် ဝင်ဘယ်ဒန်နဲ့ တခြားပွဲတွေထက် ပိုကောင်းအောင်ကစားခဲ့တယ်”ဟု အသက် ၃၄ နှစ်ရှိ မာရေးကပြောသည်။ ဆုဖလားကိုမျှော်မှန်းနေသည့် အသက် ၂၄ နှစ်ရှိ ဟာ့ခ်ကတ်ဇ်က စပိန်နိုင်ငံသား ပါဘလိုကာရန်နိုဘက်စ်တာနှင့် ကွာတားဖိုင်နယ်မှာ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ဘီဘီစီ**

## အေအိုင်ဂျီ အမျိုးသမီးအိုးပင်းဂေါက်ပြိုင်ပွဲအတွက် ဆုကြေးငွေတိုးမြှင့်



အေအိုင်ဂျီ အမျိုးသမီးအိုးပင်းဂေါက်ပြိုင်ပွဲအတွက် ဆုကြေးငွေတိုးမြှင့်လိုက်ကြောင်း စကော့တလန်ရှိ စိန့်အန်ဒရူးအခြေစိုက် ကမ္ဘာ့ရှေးအကျဆုံး The Royal and Ancient Golf Club (R&A)က ကြေညာလိုက်သည်။ ယခုလို တိုးမြှင့်လိုက်ခြင်းကြောင့် အမျိုးသမီးဂေါက်တံခွန်စိုက် (ချန်ပီယံရှစ်) ပြိုင်ပွဲအတွက် ဆုကြေးငွေအများဆုံး ပွဲတစ်ပွဲဖြစ်လာခဲ့သည်။ ဩဂုတ် ၁၉ရက်တွင် စကော့တလန် ကာနောက်စတီ၌ ကျင်းပခဲ့သည့် ယခုနှစ်ပွဲစဉ်အတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်း ဖြစ်ကာ ယမန်နှစ်ကထက် ပိုများကြောင်းနှင့် စုစုပေါင်းဆုကြေးငွေမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ သန်း (ပေါင် ၄ ဒသမ ၂ သန်း) ဖြစ်ကြောင်း သိရသည်။ အနိုင်ရသူတစ်ဦးအနေဖြင့် ဆုကြေးငွေ အမေရိကန် ဒေါ်လာ ၈၇၀၀၀၀ ခန့် (ပေါင် ၅၈၂၀၀၀) ကို ရရှိနိုင်မည်ဖြစ်သည်။ **ဘီဘီစီ**

## တိုကျိုမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အာဖဂန်အားကစားသမားများ ကဘူးလ်မြို့တွင် ပိတ်မိနေ

ကဘူးလ်မြို့တွင် ပိတ်မိနေသည့် အာဖဂန်နစ္စတန် အားကစားသမားများမှာ တိုကျိုမသန်စွမ်းအိုလံပစ် အားကစားပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ဟု အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစား ကော်မတီဥက္ကဋ္ဌက ဩဂုတ် ၁၈ ရက်တွင် ပြောသည်။ ပါဝင်ယှဉ်ပြိုင်မည့်အမျိုးသမီးအားကစားသမား တစ်ဦးထံမှ တိုကျိုသို့ လာရောက်နိုင်ရေး အကူအညီတောင်းခံသည့် ဗီဒီယိုကိုလည်း တွေ့မြင်ရသည်။ ကဘူးလ်မြို့ လေဆိပ်အခြေအနေမှာ ဆိုးရွားနေပြီး အရပ်ဘက်လေယာဉ်ခရီးစဉ်များလည်းမရှိတော့ကြောင်း ၎င်းကပြောသည်။ ထို့ကြောင့် အာဖဂန်မှ လာရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို တိုကျိုသို့ ခေါ်ဆောင်ရန် မဖြစ်နိုင်တော့ဟု အပြည်ပြည်ဆိုင်ရာမသန်စွမ်းအားကစားကော်မတီ ဥက္ကဋ္ဌအန်ဒရူးပါဆန်က ပြောသည်။



တိုက်ကွမ်ဒို အားကစားမယ် ဇာခီရာခူဒတ်ဒါဒီ

တိုင်းပြည်အတွင်း ဖရိုဖရဲအခြေအနေများကြောင့် ဩဂုတ် ၂၄ ရက် တိုကျိုတွင်ကျင်းပမည့် မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲသို့အာဖဂန် အားကစားသမားများ လာရောက်ယှဉ်ပြိုင်နိုင်တော့မည် မဟုတ်ဟု အာဖဂန် မသန်စွမ်း အားကစားကော်မတီကပြောသည်။ တိုက်ကွမ်ဒိုအားကစားသမား ဇာခီရာခူဒတ်ဒါဒီနှင့် ပြေးခုန်ပစ်အားကစားသမား ဟိုစိန် ရာဆူလီတို့မှာ ဩဂုတ် ၁၇ ရက်တွင် တိုကျိုသို့ ရောက်ရှိရန် စီစဉ်ထားခဲ့သည်။ အိုလံပစ်အားကစားပြိုင်ပွဲမှာ ယခုလ အစောပိုင်းတွင် ပြီးဆုံးသွားခဲ့ပြီး မသန်စွမ်းအားကစားပြိုင်ပွဲကို ပွဲကြည့်ပရိသတ်မပါဘဲ ကျင်းပသွားမည်ဖြစ်သည်။ **စီအင်န်အင်န်**



မက်ထရိုပိုလီတန်နို အားကစားကွင်း

## ချီလီအသင်းနှင့်ယှဉ်ပြိုင်ရမည့် ခြေစစ်ပွဲအတွက် ကိုလံဘီယာတွင် ပရိသတ်များပြန်လည်လက်ခံသွားမည်

ကိုလံဘီယာနိုင်ငံ၏ ဖီဖာကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ချီလီအသင်းနှင့် ယှဉ်ပြိုင်မည့်ပွဲစဉ်တွင် ပွဲကြည့်ပရိသတ်များဖြင့်ကျင်းပခွင့်ပေးမည်ဟု အာဏာပိုင်များက ဩဂုတ် ၁၉ ရက်တွင် ပြောကြားခဲ့သည်။ စီးပွားရေးပြန်လည်ရှင်သန်စေရေး ခြေလှမ်းအဖြစ် ယင်းသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဘာရန်ကီရာမြို့ မက်ထရိုပိုလီတန်နို အားကစားရုံကြီးကို စက်တင်ဘာ ၉ ရက်တွင် ပရိသတ်အင်အား ၅၀ ရာခိုင်နှုန်း ဝင်ရောက်ခွင့်ပေးခြင်းဖြင့် ပြန်လည်လည်ပတ်မည်ဖြစ်သည်ဟု မြို့တော်ဝန် ဂျေမီပူမာရီဟိုက ပြောသည်။ ပြည်တွင်းဘောလုံးပရိသတ်များသည် ၂၀၂၀ ပြည့်နှစ် မတ်လအတွင်းမှစတင်ကာ ကိုဗစ်–၁၉ ကူးစက်မှုများကြောင့် အမျိုးသား ဘောလုံးအသင်းယှဉ်ပြိုင်မှုကို ကွင်းအတွင်းသွားရောက်ကြည့်ရှုခွင့် ပိတ်ပင်ထားခြင်း ခံရသည်။ ကိုလံဘီယာတွင် ကိုဗစ် – ၁၉ကူးစက်မှုများ လျော့ကျလာသည့်တွက် ယခုလိုဖြေလျှော့မှုပေးခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

အောင် – ရေးသားသည်

# တိုးထုတ်၊ လျှော့စား အကျိုးစီးပွားများပြား

**ကိုရင်မောင်**

"ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ" ဟူသည့် ဆိုရိုးစကားသည် ကျွန်တော်တို့ ဘိုးဘွားများ လက်ထက်က အမှန်တကယ်ဖြစ်ခဲ့သည်ကို ဂုဏ်ပြုတင်စား ဆိုထားခြင်းဖြစ်ပါသည်။ ရာသီဥတုမှန်၊ သီးနှံလည်းအထွက်ကောင်းသဖြင့် အညာတစ်ခွင်တွင် ရာဝင်ဆီအိုးကြီးများ အစီအရီရှိကြသည်ကို ညွှန်းဆိုထားဟန်တူပါသည်။ နွေအခါ ရေကျသွားသည့် ချောင်းရိုးတစ်လျှောက်နှင့် ကုန်းစပ်စပ်မြေတွင် တောင်သူဦးကြီးတို့ မြန်မာ့ဆေးရွက်ကြီးများ စိုက်ကြသည်။ ကျေးရွာအုပ်စုတစ်ခုတွင်ပင် ဧက ၁၀၀ ထက်မက စိုက်ကြသည်။ ဒေသ၏ ဆေးတစ်ဧက အထွက်နှုန်းမှာ ပိဿာ ၁၀၀ ခန့်ဖြစ်သည်။

❖ ၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံ၏ ဆီစားသုံးမှုနှုန်းမှာ နှစ်စဉ် တန်ချိန် ၁ ဒသမ ၁ သန်း ခန့်ရှိသည်။ ပြည်ပမှ စားသုံးဆီတန်ချိန် ၇၀၀၀၀ ခန့် လစဉ် တင်သွင်းနေရသည်ဟု မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ထို့ကြောင့် ပြည်ပမှ စားသုံးဆီ တန်ချိန် ၈၄၀၀၀၀ ခန့် နှစ်စဉ် တင်သွင်းနေရသည့် သဘောဖြစ်သည်။ ထိုကာလက ဈေးကွက်တွင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၁၆၅၀ ရှိသဖြင့် နှစ်စဉ် သန်းပေါင်း မြောက်မြားစွာ ငွေယိုပေါက် ဖြစ်နေသည်။ "မြန်မာနိုင်ငံမှာ စားသုံးဆီ စားသုံးမှု အနေနဲ့ တစ်နှစ်လုံးဆို တန်ချိန် တစ်သန်းလောက် စားတယ်။ တန်တစ်သန်းမှာ ၈၀ ရာခိုင်နှုန်း တန်ချိန် ရှစ်သိန်းက စားအုန်းဆီ၊ ကျန်တဲ့ နှစ်သိန်းက ပြည်တွင်းထုတ် မြေပဲဆီနဲ့ ပြည်ပက တင်သွင်းတဲ့ နေကြာဆီ၊ ပဲပုပ်ဆီ စားတယ်။ လူတစ်ယောက်ဟာ တစ်နှစ်ကို ၁၂ ကီလိုလောက် စားတယ်။ ခြောက် ပိဿာ၊ ခုနစ်ပိဿာလောက် စားတယ်။ တစ်လကို လူတစ်ယောက် ၆၀ ကျပ်သား သို့မဟုတ် ၇၅ ကျပ်သားလောက် စားသုံးမှုရှိနေပါတယ်"ဟု မြေပဲဆီထုတ်လုပ်သူ လုပ်ငန်းရှင်တစ်ဦး၏ ပြောပြမှုကို မှတ်သားရသည်

ရှေးအခါက ဗမာများသည် ဖက်ဆေးလိပ်ကို သောက်ကြသည်။ ဆေးရွက်ကြီး တစ်ခေတ်ဖြစ်သည်။ ဆေးအချိန် ၁၀၀ ပေါက်ဈေးမှာ ထိုစဉ်ကာလက ရွှေတစ်ကျပ်သားခန့် တန်ဖိုးနှင့် ညီမျှသည်။ ထို့အပြင် ဆေးခင်းအတွင်း ဆေးရွက်တွေ အလီလီခူးပြီး ကျန်ရစ်သည့် ဆေးရိုးများမှာလည်း တန်ဖိုးမသေးလှပေ။ ဆေးအချိန် ၁၀၀ ထွက်တိုင်း ဆေးရိုး ၅၅ ပိဿာ ရနိုင်သည်။ ဆေးရိုးပေါက်ဈေးမှာ ဆေးအချိန် ၁၀၀ လျှင် ထိုကာလပေါက်ဈေး ရွှေတစ်မတ်သားခန့် တန်ဖိုးနှင့် ညီမျှသည်။ ထို့ကြောင့် ဆီ၊ ဆေးရွက်၊ စပါးတို့ အလျှံပယ်ပေါကြွယ်ဝပုံကို ညွှန်းဆိုခဲ့သည်။ ယခုချိန်မှာမူ ဆီကိုလည်း ရေမချိုးနိုင်၊ ဆေးရိုးကိုလည်း မီးမရှို့နိုင်၊ စပါးအထွက်လည်း လျော့လာ၍ ဆန်ဈေးမှာ မြင့်လာသည်။

### တစ်ချိန်တစ်ခါက

ဆီထွက်သီးနှံဖြစ်သည့် မြေပဲနှင့် နှမ်းကို အဓိကစိုက်ပျိုးသောကြောင့် မကွေးတိုင်းဒေသကြီးကို "မြန်မာနိုင်ငံ၏ ဆီအိုးကြီး"ဟု တင်စားခေါ်ဝေါ်လေ့ရှိကြသည်။ ထိုတင်စားခေါ်ဝေါ်မှုကို လှစ်ဟကြည့်သော် မြေပဲနှင့် နှမ်းသာမက ကြက်သွန်၊ အာလူးပါ စိုက်လေ့ရှိသော အညာတောင်သူများသည် နိုင်ငံ့ဆီအိုးကြီးကို ဖြည့်ပေးခဲ့ကြသူများမှန်ပါသည်။ ထိုစဉ်ကာလ ရေမြေ၊ ဥတု၊ သဘာဝနှင့် နိုင်ငံ့လူဦးရေမှာ လျော်ကန်သင့်မြတ်ခဲ့ပါသည်။ တစ်ချိန်က အညာဒေသတွင် စီမံကိန်းဝင်သီးနှံဖြစ်သော ချည်မျှင်ရှည်ဝါကို ပထမဦးစားပေးစိုက်ကြသည်။ နောက်မှ တောင်သူစိတ်ကြိုက် သီးနှံကို သီးထပ်အဖြစ် စိုက်သည်။ သီးထပ်သီးနှံကား မြေပဲဖြစ်၏။ မြေပိုင်ယာပိုင်မရှိသော တောင်သူမှာ အနည်းဆုံး မြေတစ်ဧကလောက်တော့ ပိုင်သည်။ ထိုမြေတစ်ဧကတွင် ဝါပြီး မြေပဲ၊ မြေပဲပြီး အခြားသင့်ရာတစ်ခုခုစိုက်နှင့် သံသရာလည်သည်။ မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများ၏ စီးပွားရေးဘဝမှာ စိုက်ပျိုးရေးပင်ဖြစ်သည်။

အညာတောင်သူတို့စိုက်သော မြေပဲမှာ ပင်ထောင်မြေပဲဖြစ်၏။ အဆန်ပန်းရောင်မှာ အကောင်းဆုံးဖြစ်သည်။ တစ်ဧကအတွက် မျိုးမြေပဲ ရှစ်တင်း ဝယ်ရသည်။ လုံမပျို ရှစ်ယောက်အား နေ့တွက်စရိတ်ပေး၍ မြေပဲခွံချွတ်ရသည်။ မျိုးမြေပဲ ရှစ်တင်းတွင် မျိုးချရန် နှစ်တင်းသာရသည်။ ဤအချိန်တွင် စိုက်ပျိုးရန် မြေပြင်ရသည်။ မြေအစိုဓာတ်လေးရှိနေစဉ် ထယ်ထိုးပေးရသည်။ ထယ်စာခဲများကို ဒလိမ့်တုံးဖြင့် နာနာချေရသည်။ စိုက်ခင်းတွင် အမှိုက်သရိုက် ကင်းအောင်လည်း ဂရုစိုက်ရသည်။ ထို့နောက် မြေအစို အခြောက်ကိုကြည့်၍ စိုက်သမ သုံးဦးဖြင့် အကွာအဝေးတစ်တောင်ခန့်ခြားကာ တန်းစီစိုက်ရသည်။ ကြားလိုက်၊ ပေါင်းလိုက်၊ မြေဆွ၊ ပေါင်းဖော် စသည့် အလုပ်များကိုလည်း လိုအပ်သလိုပြုပြင်ရသည်။

### သီးထပ်သီးညှပ်စိုက်

စိုက်ရက် သုံးပတ်ကျော်သောအခါ မြေပဲပန်းများ ဝေဝေဆာဆာပွင့်သည်။ မကြာမီ မြေပဲသီးတော့မည်။ ဆွယ်လေးတွေလည်း ထွက်ကြတော့မည်။ ထိုအခါ တောင်သူအဖို့ စိတ်ချသွားပြီး အခြားဥယျာဉ်သီးနှံဘက် ဦးလှည့်ရပြန်သည်။ ယခင်က မြေပဲသိမ်းချိန်တွင် တင်း ၄၀ ရသည်။ တင်း ၄၀ ရသော်လည်း ပဲသိမ်းခစရိတ်မှာ မသေးလှပါ။ သို့သော် မြေပဲဈေးကောင်းလျှင် တွက်ခြေကိုက်သည်။ မြေပဲတစ်ဧက အထွက်ရငွေတွင် ကုန်ကျစရိတ်မှာ တစ်ဝက်ရှိသည်။ မြေပဲဈေးမကောင်း၊ ရာသီဥတုဖောက်လျှင် အရှုံးပေါ်တော့သည်။ ထို့ကြောင့် သီးထပ်သီးညှပ် အပိုစိုက်ကြသည်။ ဝါအပြီး ကြက်သွန်ဖြူစိုက်ကြသည်။ အညာတွင် ချည်မျှင်ရှည်ဝါ တစ်ဧက ပိဿာ ၇၀၀ ထွက်လျှင် မော်ကြွားနိုင်တော့သည်။ ဝါပိဿာ ၇၀၀ ထွက်အောင်လည်း နွားအရှည်းများစွာဖြင့် ထွန်ယက်ရသဖြင့် ကုန်ကျစရိတ်များသည်။ ယခုအခါ ထွန်စက်ဖြင့် ထွန်ယက်ရ၍ ကုန်ကျစရိတ်နည်းသွားသည်။

နွေလကုန်၍ မိုးဦးကျသည်နှင့် နွေအခါက ပြုပြင်ထားသော ထယ်ရေးပေါ်တွင် သီးနှံပက်ကြဲနိုင်ရန် မိုးထယ်ရေးကို ထပ်မံပြင်ဆင်ကြရသည်။ ရာသီပေါ်ချိန်တွင် ပဲဈေး၊ နှမ်းဈေး အေးလေ့ရှိပြီး မိုးဦးကျ၍ စိုက်ပျိုးချိန်ရောက်သည်နှင့် မျိုးစေ့မျိုးဆန်ဖိုး ကြီးမြင့်တတ်သည်။ ဆီထွက်သီးနှံ စိုက်ရေးတွင် မျိုးပဲဆန်ကို ဦးစွာရင်းနှီးရသည်။ ခေတ်ကာလ ပြောင်းလဲလာသည်နှင့် မျိုးပဲဆန်ဈေးမှာ တရိပ်ရိပ်တက်လာသည်။ ယခုမိုးဦးကျအချိန်က မျိုးပဲဆန် တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ကျော်ဈေးရှိခဲ့ပြီး ပဲပေါ်ချိန်တွင် မြေပဲအတောင့် တစ်တင်းလျှင် ငွေကျပ် ၇၀၀၀ ဝန်းကျင်သာ ဈေးရှိ၍ တွက်ခြေမကိုက်လှပေ။ မြေပဲတောင့် တစ်တင်းလျှင် အဆန် သုံးပြည်ခွဲခန့်သာ ထွက်လေ့ရှိသဖြင့် ရှေးကလို တင်း ၄၀ ထွက်အောင် ကြိုးစားရတော့သည်။ ဘယ်အချိန် ရွာမည်မှန်းမသိ၊ ဘယ်အချိန်ခွာမည်မှန်း မသိသည့် မိုးကိုမျှော်၍ စိုက်ကြရသော အညာတောင်သူတို့ဘဝမှာ ဥတုရာသီ၏ စီရင်ချက်ချခြင်းကို ခံစားနေရသည်။

### ယနေ့ဆီထွက်သီးနှံ

မြေပဲနှင့် နှမ်းမှာ မိုးတွင်းတွင်သာ စိုက်ပျိုးရလေ့ရှိသော်လည်း မိုးများသည်ကို မကြိုက်သဖြင့် အညာဒေသနှင့် သင့်လျော်ပါသည်။ နှမ်းများမှာ အပင်ပေါက်စအရွယ်တွင် မိုးများလျှင် အပင်နာတတ်သည့် အလေ့ရှိပြီး အပင်ဖြစ်၍ အပွင့်မြိုင်ချိန်တွင် မိုးများလျှင်လည်း သီးလုံးမထည့်နိုင်ဘဲ ပိုကုန်တတ်ပြန်သည်။ ယခုနှစ်တွင် မိုးများသောကြောင့် နှမ်းထွက်နှုန်း လျော့ကျခဲ့သည်။ သို့သော် မိုးဦးမကျမီက ကြိုကြဲလေ့ရှိသော မကွေးတိုင်းဒေသကြီး တစ်ခွင်တွင် တစ်ဧက နှမ်းတင်း ၃၀ ခန့်အထိ ထွက်အားကောင်းခဲ့သည်။ မိုးဦးနှမ်းထွက်နှုန်း လျော့စေခဲ့သော မိုးများမှုက ပင်ပြန့်မြေပဲများ အလားအလာကောင်းမည်ဟု မျှော်လင့်သော်လည်း မိုးနှောင်းကာလတွင် ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းမိုးများကြောင့် ဥမဆင်းနိုင်သည့် အဖြစ်မျိုးနှင့်လည်းကြုံတတ်သည်။ မိုးဦးကျသည်နှင့် ကြဲခဲ့သော မြေပဲခင်းများ ဥဆင်းချိန် မိုးများသော်လည်း ထွက်နှုန်းသင့်သည်။ နောက်ကျ၍ကြဲခဲ့ရသော မြေပဲခင်းများမှာ ထွက်နှုန်းလျော့သည်။ နှစ်စဉ် ပုံမှန်ထွက်နှုန်းမှာ မျိုးမြေပဲဆန် တစ်တင်းကြဲလျှင် အတောင့်တင်း ၃၀ ဝန်းကျင်ရှိသော်လည်း ရာသီဥတု မမျှော်မှန်းနိုင်မှုကြောင့် အထွက်လျော့ကျခဲ့သည်။

တောင်သူများအတွက် စိုက်ရေးပျိုးရေးမှာ မြေရှိရုံနှင့်မပြီးပေ။ ရာသီဥတုလည်း ကြည့်ရ၊ ရင်းနှီးမြှုပ်နှံမှုလည်းပြုရသည်။ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာဖိုး၊ လုပ်သားခ၊ မျိုးဆန်ဖိုး အပါအဝင် မြေပဲဆန် တစ်တင်းကြဲရန်အတွက် အရင်းအနှီး ငွေကျပ် တစ်သိန်းအထက်ရှိသည်။ မျိုးမြေပဲဆန် တစ်တင်းကြဲမှ မြေပဲတောင့် တစ်တင်း ငွေကျပ် ၇၀၀၀ ကျော် ဈေးသာရလျှင် ရှေးကကဲ့သို့ တင်း ၄၀ ရအောင် ဝိုင်းဝန်းကြံစည် ကူညီဆောင်ရွက်ပေးကြရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဆီအရေးသည် တိုင်းပြည်အရေးဖြစ်နေသည်။ လက်ငင်းဆီစားသုံးမှု မြင့်တက်လာမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးများမှာ ပြည်သူများ မသိမသာနှင့် သိသိသာသာ ခံစားနေကြရသည်။ ပြည်တွင်းဆီ အထွက်လျော့၍ ပြည်ပဆီတင်သွင်းနေရသောကြောင့် ငွေကုန်ကြေးကျများလှပြီ။ ဆီထွက်သီးနှံလည်း တိုးစိုက်၊ ဆီစားသုံးမှုကိုလည်းလျှော့ချမှ တန်ကာကျပေလိမ့်မည်။

### ပြည်ပဆီအားကိုး

ဆီကို ရေချိုးနိုင်ဖို့ အိပ်မက်ကြီးတစ်ခု ၁၉၉၉ ခုနှစ်ခန့်က မက်ခဲ့ဖူးသည်။ တနင်္သာရီတိုင်းဒေသကြီးသည် ဆီအုန်းစိုက်ပျိုးမှု အထူးကောင်းမွန်၍ မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်ရမည်ဟု ဆိုခဲ့ကြသည်။ ယခင်သမ္မတကြီး ဦးသိန်းစိန်လက်ထက် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သတင်းလွှာအမှတ်စဉ်(၈)၌ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတင်ပြချက်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းကုမ္ပဏီများ၏ မြေရယူထားရှိမှုနှင့် စိုက်ပျိုးထားမှုအခြေအနေများကို သိရသည်။ ဆီအုန်းအိပ်မက်သည် ၂၀၀၀ ပြည့်နှစ်လောက်တွင် စတင်လာခဲ့သည်။ ဆီအုန်းစိုက်ခင်းကြီးများတွင် အလုပ်လုပ်လိုသူများအား ခရီးစရိတ် အခမဲ့ပို့ဆောင်ပေးကြောင်း၊ နေစရာအိမ်၊ ဆေးရုံ၊ ကျောင်း၊ ဈေးများပါ စီစဉ်ထားကြောင်း၊ ထိုခေတ်ကာလ လုပ်အားခ တစ်ရက် ငွေကျပ် ၁၀၀၀ ရကြောင်း ကြားသိခဲ့ရဖူးသည်။ သို့သော် ဆီအိုးကြီးအိပ်မက်မှာ လက်တွေ့ ဖြစ်မလာဘဲ တနင်္သာရီဒေသနေအိမ်များ၏ မီးဖိုချောင်တို့တွင် ထိုင်းနိုင်ငံထုတ် ဆီဘူးများသာ မင်းမူနေတော့သည်။

မြန်မာနိုင်ငံသည် တစ်ချိန်က အရှေ့တောင်အာရှ၏ ဆီအိုးကြီး၊ အာရှ၏ ဆန်အိုးကြီးအဖြစ် အသိအမှတ်ပြု တင်စားခေါ်ဝေါ်ခဲ့ကြသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း နည်းပညာခေတ်နောက်ကျမှု၊ ရာသီဥတုပြောင်းလဲမှုများနှင့်အတူ ဆီထုတ်လုပ်မှု ကျဆင်းလာပြီး နိုင်ငံသားများသုံးစွဲမှုမြင့်မားလာသောကြောင့် စားသုံးဆီကို ပြည်ပမှ တင်သွင်းလာရသည်။ ပြည်ပမှ မှာယူတင်သွင်းရာတွင် ဈေးကွက်၌ ဈေးနှုန်းသက်သာသည့်စားအုန်းဆီကို အမြောက်အမြား တင်သွင်းသောကြောင့် စားသုံးသူများ ကျန်းမာရေးကို ထိခိုက်လာသည့်အပြင် ပြည်တွင်း စားသုံးဆီထုတ်လုပ်သူများ ဈေးကွက်ဝေစု နည်းပါးလာသည်။ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းလာမှုတို့ကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်လာရသည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ကြသည်။

### ဆီစားသုံးမှုပိုများ

၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံ၏ ဆီစားသုံးမှုနှုန်းမှာ နှစ်စဉ် တန်ချိန် ၁ ဒသမ ၁ သန်း ခန့်ရှိသည်။ ပြည်ပမှ စားသုံးဆီတန်ချိန် ၇၀၀၀၀ ခန့် လစဉ် တင်သွင်းနေရသည်ဟု မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ထို့ကြောင့် ပြည်ပမှ စားသုံးဆီ တန်ချိန် ၈၄၀၀၀၀ ခန့် နှစ်စဉ် တင်သွင်းနေရသည့် သဘောဖြစ်သည်။ ထိုကာလက ဈေးကွက်တွင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၁၆၅၀ ရှိသဖြင့် နှစ်စဉ် သန်းပေါင်း မြောက်မြားစွာ ငွေယိုပေါက် ဖြစ်နေသည်။ "မြန်မာနိုင်ငံမှာ စားသုံးဆီ စားသုံးမှုအနေနဲ့ တစ်နှစ်လုံးဆို တန်ချိန် တစ်သန်းလောက်စားတယ်။ တန်တစ်သန်းမှာ ၈၀ ရာခိုင်နှုန်း တန်ချိန် ရှစ်သိန်းက စားအုန်းဆီ၊ ကျန်တဲ့ နှစ်သိန်းက ပြည်တွင်းထုတ် မြေပဲဆီနဲ့ ပြည်ပက တင်သွင်းတဲ့ နေကြာဆီ၊ ပဲပုပ်ဆီ စားတယ်။ လူတစ်ယောက်ဟာ တစ်နှစ်ကို ၁၂ ကီလိုလောက် စားတယ်။ ခြောက်ပိဿာ၊ ခုနစ်ပိဿာလောက် စားတယ်။ တစ်လကို လူတစ်ယောက် ၆၀ ကျပ်သား သို့မဟုတ် ၇၅ ကျပ်သားလောက် စားသုံးမှုရှိနေပါတယ်"ဟု မြေပဲဆီထုတ်လုပ်သူ လုပ်ငန်းရှင်တစ်ဦး၏ ပြောပြမှုကို မှတ်သားရသည်။

*စာမျက်နှာ ၂၅ သို့*

# မိုးမောက်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးစပါးစိုက်ဧက ၁၅၀၀ ကျော် ရေကြီးနစ်မြုပ်

**မိုးမောက် ဩဂုတ် ၂၀**

ကချင်ပြည်နယ် မိုးမောက်မြို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တာပိန်မြစ်ရေနှင့် မိုးလဲချောင်းရေ မြင့်တက်လာပြီး ကျေးရွာအုပ်စု ငါးအုပ်စုရှိ မိုးစပါးစိုက်ခင်းများတွင် ဩဂုတ် ၁၉ ရက်မှစ၍ ရေကြီးနစ်မြုပ်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ ရေကြီးနစ်မြုပ်လျက်ရှိသော မြို့သစ်ကျေးရွာအုပ်စု၊ မင်းကျမ်းကျေးရွာအုပ်စု၊ မိုင်းခတ်ကျေးရွာအုပ်စု၊ နှင်းအီကျေးရွာအုပ်စု၊ နောင်းကုန်ကျေးရွာအုပ်စု စသည့် ကျေးရွာအုပ်စု ငါးအုပ်စုမှ ကွင်းပေါင်း ၁၄ ကွင်း၊ တောင်သူပေါင်း ၄၄၉ ဦး၏ စိုက်ဧကပေါင်း ၁၅၄၃ ဒသမ ၅၉ ဧကတို့မှာ ရေကြီး နစ်မြုပ်လျက်ရှိကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ သိရသည်။

မြို့နယ်
(ပြန်/ဆက်)





## မိုင်းငေါ့မြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ပြိုကျ၍ ခေတ္တလမ်းပိတ်ဆို့

**မိုင်းငေါ့ ဩဂုတ် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းငေါ့မြို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကျောက်မဲမှ မိုင်းငေါ့သို့ သွားသောလမ်း၌ တောင်ပြိုကျပြီး လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ကြောင်း မိုင်းငေါ့လမ်းဦးစီးဌာနမှ သိရသည်။

ကျောက်မဲ-မိုင်းငေါ့ လမ်းရှိ (မိုင် ၂၅ / ၂ - ၃) ကြားရှိ တောင်ပြိုကျမှုကြောင့် လမ်းပိတ်ဆို့၍ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ သွားလာ၍ မရကြောင်းသိရသည်။

အဆိုပါ တောင်ပြိုကျမှု နေရာသို့ ကျောက်မဲခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရ၊ မြို့နယ်ဦးစီးအရာရှိ ဦးဝင်းလွင်ဦးနှင့် မိုင်းငေါ့မြို့လမ်းဦးစီးဌာနမှ မြို့အင်ဂျင်နီယာ ဦးဖြိုးဝေအောင်တို့ လာရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းအမြန်ပွင့်နိုင်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက စက်ယန္တရားဖြင့် ဖယ်ရှားရှင်းလင်းခဲ့ရာ ယခုအခါတွင် လမ်းပြန်လည် ပွင့်သွားပြီဖြစ်သောကြောင့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြို့နယ်
(ပြန်/ဆက်)

## ကသာမြို့၌ ဧရာဝတီမြစ်ရေ မြင့်တက် မြေနိမ့်ပိုင်းရှိ ရပ်ကွက်နှင့် ကျေးရွာအချို့တွင် မြစ်ရေများဝင်

**ကသာ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၌ ဧရာဝတီမြစ်ရေသည် ဩဂုတ်၂၀ ရက်တွင် တိုင်းတာချက်အရ ၉၆၈ စင်တီမီတာအထိ မြင့်တက်နေပြီး မြေနိမ့်ပိုင်းရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့တွင် မြစ်ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ကသာမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်နေမှုကြောင့် မြစ်ရေများ ဝင်ရောက်လျက်ရှိသည့် ရပ်ကွက်အချို့နှင့် ကျေးရွာအချို့တွင် သက်ဆိုင်ရာ နယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက မြစ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်ကြသော ပြည်သူများအား အထူးသတိပြုနေထိုင်ကြရန် အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



*စာမျက်နှာ ၂၄မှ*

လက်ရှိတွင် မြန်မာနိုင်ငံ၏ လူဦးရေ ၇၅ ရာခိုင်နှုန်းကျော်သည် စားအုန်းဆီ သို့မဟုတ် စားအုန်းဆီရောသည့် ဆီစားသုံးမှုရှိနေသည်။ ပြည့်ဝဆီ၏ သဘောမှာ ခန္ဓာကိုယ်ထဲ၌ အနည်ကျမည်၊ မပျော်လွယ်။ သွေးကြောထဲ၌ အနည်ကျမည်၊ သွေးကြောကို ကျဉ်းမြောင်းစေသည်။ အသည်းမှ အဆီကို ဖျက်ရသည့် တာဝန်ရှိသည်။ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့ကို အသည်းက ချေဖျက်နိုင်သော်လည်း စားအုန်းဆီကို လွယ်ကူစွာ မချေဖျက်နိုင်ပေ။ ထို့ကြောင့် အသည်းတွင် အဆီဖုံးခြင်း၊ သွေးကြောနံရံများ၌ အဆီကပ်ပြီး သွေးကြောကျဉ်းစေသည်။ ယင်းသည် ပြည့်ဝဆီ၏ သဘာဝဖြစ်သည်။ အရည်အသွေးမမီသည့် မြေပဲဆီတွင် မှိုရှိတတ်သည်။ အရည်အသွေးမီသည့် မြေပဲဆီသည် အနံ့အရသာကောင်းပြီး ပါအောက်ဆိုက်ခဓာတ်၊ အက်စစ်ဓာတ်နိမ့်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည်။ ထို့ကြောင့် ဆီကြိုက်တတ်သော ကျွန်တော်တို့ပြည်သူများ အနေဖြင့် ဆီနှင့်ပတ်သက်၍ သတိပြုသင့်သည်။

### အမျိုးသားအကျိုးစီးပွား

စားသုံးဆီဈေးကွက်ကို နိုင်ငံတော်မှ ခိုင်ခိုင်မာမာ အကာအကွယ်ပေးနိုင်လျှင် ပြည်တွင်း ဆီလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာနိုင်သည်။ ဆီထွက်သီးနှံ စိုက်ပျိုးရေးတွင် မျိုးထုတ်ပေးခြင်း၊ စိုက်ပျိုးစရိတ်ထုတ်ပေးခြင်း၊ သီးနှံပေါ်ချိန် ပြန်ဝယ်ပေးခြင်း စသည်တို့ကို နိုင်ငံတော်နှင့်အတူ လုပ်ငန်းရှင်များက ပံ့ပိုးကူညီနိုင်ကြသလို ဝိုင်းဝန်းဆောင်ရွက်ကြပါက ဆီအိုးကြီးဖြစ်လာနိုင်သည်။ ထိုသို့ဆောင်ရွက်နိုင်ပါက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးလာနိုင်ပြီး ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်များ တိုးပွားမည်။ ကျန်းမာရေးနှင့် ညီညွတ်သည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများ ထုတ်လုပ်လာနိုင်မည်။ ဆီစက်များ ဖွံ့ဖြိုးလာလျှင် ဘေးထွက်ပစ္စည်းများလည်း ထွက်လာမည်။ မြေပဲဖတ်၊ နှမ်းဖတ်များသည် သားငါးမွေးမြူရေး အစားအစာအတွက် ပံ့ပိုးနိုင်မည်ဖြစ်၍ သားငါးဈေးနှုန်းလည်း တည်ငြိမ်ကျဆင်းလာနိုင်သည်။ ထို့အပြင် စိုက်ပျိုးရေး၊ ဆီစက်နှင့် မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးလာသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ရာ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

> **❑ စားသုံးဆီဈေးကွက်ကို နိုင်ငံတော်မှ ခိုင်ခိုင်မာမာ အကာအကွယ်ပေးနိုင်လျှင် ပြည်တွင်းဆီ လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာနိုင်သည်။ ဆီထွက်သီးနှံ စိုက်ပျိုးရေးတွင် မျိုးထုတ်ပေးခြင်း၊ စိုက်ပျိုးစရိတ်ထုတ်ပေးခြင်း၊ သီးနှံပေါ်ချိန် ပြန်ဝယ်ပေးခြင်း စသည်တို့ကို နိုင်ငံတော်နှင့်အတူ လုပ်ငန်းရှင်များက ပံ့ပိုးကူညီနိုင်ကြသလို ဝိုင်းဝန်းဆောင်ရွက်ကြပါက ဆီအိုးကြီးဖြစ်လာနိုင်သည်။ ထိုသို့ ဆောင်ရွက်နိုင်ပါက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးလာနိုင်ပြီး ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်များ တိုးပွားမည်။ ကျန်းမာရေးနှင့် ညီညွတ်သည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီများ ထုတ်လုပ်လာနိုင်မည်။ ဆီစက်များ ဖွံ့ဖြိုးလာလျှင် ဘေးထွက်ပစ္စည်းများလည်း ထွက်လာမည်။ မြေပဲဖတ်၊ နှမ်းဖတ်များသည် သားငါးမွေးမြူရေး အစားအစာအတွက် ပံ့ပိုးနိုင်မည်ဖြစ်၍ သားငါးဈေးနှုန်းလည်း တည်ငြိမ်ကျဆင်းလာနိုင်သည်။ ထို့အပြင် စိုက်ပျိုးရေး၊ ဆီစက်နှင့် မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးလာသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ရာ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည်**

ကမ္ဘာတွင် အကောင်းဆုံး စားသုံးဆီငါးမျိုးတွင် မြန်မာနိုင်ငံမှ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ သုံးမျိုးပါဝင်ပြီး ယင်းတို့ကို ထုတ်လုပ်နိုင်သည့် အနေအထားရှိသည်ဟု ဆီလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ၎င်းဆီသုံးမျိုးကို ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်ကြပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်သည်။ ထိုအခြေအနေ အိပ်မက်သာဖြစ်ရခြင်းသည် ဈေးသက်သာသော စားအုန်းဆီတင်သွင်းမှုကြောင့်ဟု သုံးသပ်ကြသည်။ လယ်ယာကဏ္ဍ၌ ဆီထွက်သီးနှံဖွံ့ဖြိုးမှု ဆုံးရှုံးခဲ့သည်။ ဆီစက်လုပ်ငန်းများ ရပ်ဆိုင်းသွားသည်။ စားသုံးသူပြည်သူများ ဈေးသက်သာသော ပြည့်ဝဆီများ စားသုံးသည့်အတွက် ကျန်းမာရေး ထိခိုက်ကြသည်။ ဆီစက်များ မလည်ပတ်နိုင်သည့်အတွက် တိရစ္ဆာန် အစားအစာ မထုတ်လုပ်နိုင်သဖြင့် အသားငါးဈေးနှုန်းကြီးမြင့်ခြင်းကို ဖြစ်စေသည်။ နိုင်ငံခြားငွေ ကုန်ကျမှုများ များနေသည်။ အလုပ်အကိုင်များ ဆုံးရှုံးစေသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် စားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးရေးသည် အဓိကအချက်ဖြစ်သည်။ ဆီထွက်သီးနှံစိုက်ပျိုးရေးသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်ပေးခြင်းဖြစ်သည်။ တိုင်းပြည်အကျိုးစီးပွားကို ဖော်ဆောင်ခြင်းဖြစ်သည်။ ယင်းကို စကြဖို့အတွက် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ပြီးဖြစ်သည်။ ခိုင်မာသည့် စားသုံးဆီမူဝါဒကောင်းကို အမြန်ဆုံး အကောင်အထည်ဖော်ရေးအတွက် ဆီထွက်သီးနှံ များများစိုက်ရေး ဝိုင်းဝန်းကူညီပေးကာ ဆီစားသုံးမှုကို လျှော့ချပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားတိုးပွားလာမည် ဖြစ်ပါကြောင်း။ ။

## အိမ်ပြင်မထွက်ရ သတ်မှတ်ခံထားရသည့် အိမ်ထောင်စုများထံ စားနပ်ရိက္ခာများထောက်ပံ့

လင်းခေး ဩဂုတ်၂၀

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် နေအိမ်အပြင်မထွက်ရ သတ်မှတ်ခြင်းခံထားရသည့် တောင်ရွာရပ်ကွက်နှင့် ဝမ်လွိုင်ရပ်ကွက်တို့ရှိ အိမ်ထောင်စုများအတွက် အခြေခံစားနပ်ရိက္ခာများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီက ဩဂုတ် ၁၉ ရက်က သွားရောက် ထောက်ပံ့ပေးအပ်သည်။

အဆိုပါ နေအိမ်အပြင်မထွက်ရ သတ်မှတ်ခြင်းခံထားရသည့် ရပ်ကွက် နှစ်ခုအတွင်းရှိ အိမ်ထောင်စု ၇၆ စုမှ လူဦးရေ ၂၅၄ ဦး အတွက် တစ်အိမ်ထောင်လျှင် ဆန် လေးပြည်နှင့် ဆီ တစ်ပိဿာနှုန်းဖြင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ခုနစ်သိန်းကျော်ကို ကော်မတီက ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

လင်းခေးမြို့မှ နေအိမ်အပြင်မထွက်ရ သတ်မှတ်ခြင်းခံထားရသည့် အဆိုပါအိမ်ထောင်စုများသည် ဩဂုတ် ၂၆ ရက်အထိ နေအိမ်အတွင်း၌သာ နေထိုင်ကြရမည်ဖြစ်သကဲ့သို့ လင်းခေးမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်ရေးအတွက် မြို့နယ် စည်ပင်သာယာဈေး၊ ဆေးဝါးပစ္စည်း အရောင်းဆိုင်များနှင့် စားသောက်ကုန်ရောင်းချသည့် ဆိုင်များမှအပ အခြားဆိုင်များကို ဩဂုတ် ၂၆ ရက်အထိ ယာယီပိတ်ထားရန်လည်း မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက သတ်မှတ်ထားကာ ကော်မတီအနေဖြင့် မြို့နယ်အတွင်း ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်းဇော်လတ်(ပြန်/ဆက်)

## ပင်လုံမြို့မဈေး၌ ကိုဗစ်-၁၉ စည်းကမ်းချက်များကို မလိုက်နာသူများအား အရေးယူ

ပင်လုံ ဩဂုတ် ၂၀

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရောဂါကာကွယ်ရေး စည်းကမ်းချက်များကို လိုက်နာခြင်းမရှိသူများအား ဒဏ်ငွေရိုက် အရေးယူမှုများ ပြုလုပ်နေပြီဖြစ်သည်။

ဩဂုတ် ၂၀ ရက်တွင် လွိုင်လင်မြို့နယ် စည်ပင်သာယာရေးဌာနမှ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် ပင်လုံမြို့ စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ ပင်လုံမြို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီ ဒု-ဥက္ကဋ္ဌ ဦးလောယုံနှင့် ပင်လုံမြို့ ဈေးကော်မတီမှ တာဝန်ရှိသူများက ပင်လုံမြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးပြီးနောက် ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် လွိုင်လင်မြို့နယ် စည်ပင်သာရေးဌာနတို့မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ဈေးရောင်းချသူများ၊ ဈေးဝယ်သူများအား တစ်ဦးလျှင် ငွေကျပ် ၅၀၀ စီ ဒဏ်ငွေရိုက် အရေးယူခဲ့ရာ ဈေးရောင်းချနေသူ ၁၀ ဦးနှင့် ဈေးဝယ်သူ ငါးဦးတို့အား အရေးယူခဲ့ရကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ညောင်ဦးမြို့ရှိ အောက်ဆီဂျင်စက်သစ် စတင်လည်ပတ်ထုတ်လုပ်

ညောင်ဦး ဩဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦးမြို့နေ ပြည်သူများနှင့် ပတ်ဝန်းကျင်မြို့များရှိ ပြည်သူများ၏ အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ရည်ရွယ်လျက် တည်ဆောက်ခဲ့သည့် အောက်ဆီဂျင်စက်ကို ဩဂုတ် ၂၀ ရက်တွင် စတင် လည်ပတ်ခဲ့ပြီး တစ်ရက်လျှင် လီတာ ၄၀ ဆံ့အိုး အလုံးရေ ၈၀ အထိ ထုတ်လုပ်ပေးနိုင်ပြီဖြစ်သည်။



အောက်ဆီဂျင်စက်သစ်ကို ဩဂုတ် ၁၉ ရက်က တပ်ဆင်နေစဉ်။

အဆိုပါ အောက်ဆီဂျင်စက်ကို ညောင်ဦးမြို့နယ် ဝက်ကြီးအင်းရပ်ရှိ အနန္တဟိုတယ်ရှေ့တွင် တည်ထားပြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ပိုးတွေ့လူနာများနှင့် အောက်ဆီဂျင်လိုအပ်သူများ၊ ပုဂံ၊ ငါ့သရောက်နှင့် အခြားမြို့များမှ အောက်ဆီဂျင်လိုအပ်သူများ အလွယ်တကူရရှိစေရန်အတွက် အောက်ဆီဂျင်စက်ကို မင်းဒင် ဖောင်ဒေးရှင်းက လှူဒါန်းပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအောက်ဆီဂျင်စက် လည်ပတ်နိုင်ရန်အတွက် ဩဂုတ် ၁၉ ရက်မှစတင်၍ မြေနေရာရှင်းလင်းပြီး တည်ဆောက်ရာ ဩဂုတ် ၂၀ ရက်တွင် စတင်လည်ပတ်၍ အောက်ဆီဂျင်ထုတ်လုပ်နိုင်ကြောင်းနှင့် ယခုအခါ လိုအပ်သူများအား စတင်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ညောင်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါအတည်ပြုပြီး ဆေးကုသမှုခံယူဆဲလူနာ ၆၆ ဦးရှိနေပြီး ရောဂါကြောင့် သေဆုံးသူ ၈၂ ဦးနှင့် ကျန်းမာရေးကောင်းမွန်လာသဖြင့် ဆေးရုံဆင်းခွင့်ပြုခဲ့သူ ၁၁၈ ဦးရှိကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

## စကုမြို့ပြည်သူ့ဆေးရုံအတွက် အသက်ရှူစက်များဝယ်ယူရန် ပြည်သူများက အလှူငွေများလှူဒါန်း

မင်းဘူး ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စကုမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသည့် ကိုဗစ်-၁၉ လူနာများနှင့် အောက်ဆီဂျင် အရေးပေါ်လိုအပ်သော လူနာများအတွက် အသက်ရှူစက်(Oxygen Concentrator)များ ဝယ်ယူနိုင်ရန်အတွက် စကုမြို့ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများက အလှူငွေများ စုပေါင်းထည့်ဝင် လှူဒါန်းလျက်ရှိကြောင်း စကုမြို့ အုပ်ချုပ်ရေးမှူး ဦးကြည်မင်းထံမှ သိရသည်။

အသက်ရှူစက်များ ဝယ်ယူနိုင်ရန်အတွက် တစ်ဦးချင်း အလှူရှင်များနှင့် စကုမြို့အနီး ပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများဖြစ်သည့် ဥယျာဉ်ဇင်၊ လက်ခုပ်ပင်၊ ဖြူကုန်း၊ မင်းရွာ၊ ရေပုတ်၊ ပေကုန်း၊ ကဘဲ့မကြီးချောင်း၊ ပင်လယ်သက်နှင့် ကြီးကန်စသည့် ကျေးရွာအုပ်စုများရှိ ပြည်သူများထံမှ စုစုပေါင်း အလှူငွေ ကျပ်သိန်း ၄၀ ကျော် ရရှိထားကာ ယင်းငွေများဖြင့် ဆေးရုံသို့ စက်လေးလုံး လှူဒါန်းနိုင်ပြီဖြစ်ကြောင်း၊ စက်များ၏တန်ဖိုးမှာ ဝယ်ယူသည့် အမျိုးအစားအလိုက် ငွေကျပ် ၁၇ သိန်းခန့်ရှိကြောင်း သိရသည်။

စကုမြို့ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာအေးကြွယ်ကြွယ်စိုးက "စကုမြို့ပြည်သူ့ဆေးရုံမှာ မူလက Oxygen Concentrator နှစ်လုံးရှိပါတယ်။ အခု လာရောက် လှူဒါန်းထားတဲ့ စက်လေးလုံးနဲ့ဆိုရင် စုစုပေါင်း ခြောက်လုံး ရှိသွားပြီဖြစ်ပါတယ်။ အခုကာလမှာ ဆေးရုံအတွက် အမှန်တကယ်လိုအပ်နေတဲ့ အသက်ရှူစက်ကို ဝိုင်းဝန်းလှူဒါန်းပေးကြတဲ့အတွက် အလှူရှင်မိသားစုများအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။

စကုမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့်အတူ အောက်ဆီဂျင်ရရှိရေးလုပ်ငန်းများကို မြို့အုပ်ချုပ်ရေးမှူး ဦးဆောင်ကာ ရန်ပုံငွေရှာဖွေရေးအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် စကုမြို့ မြတ်စေတနာ နာရေးကူညီမှုအသင်းဝင်များက ကြိုပမ်းဆောင်ရွက်နေပြီး လှူဒါန်းလိုသူများအနေဖြင့် မြို့အုပ်ချုပ်ရေးမှူး ဦးကြည်မင်း-ဖုန်း ၀၉-၄၀၁၆၇၈၆၉၈ နှင့် စကုမြို့ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာအေးကြွယ်ကြွယ်စိုး-ဖုန်း ၀၉-၄၀၀၀၂၉၀၂၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

## ဘူးသီးတောင်မြို့၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်မှု ၃၅ ရာခိုင်နှုန်းပြီးစီး

ဘူးသီးတောင် ဩဂုတ် ၂၀

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရာတွင် အောက်ဆီဂျင်ပြတ်လပ်မှု အခက်အခဲမရှိစေရေးအတွက် ဘူးသီးတောင်မြို့နယ်အတွင်းမှ စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ဆီဂျင်စက်ရုံကို မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်လျက်ရှိသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို အလျား ပေ ၄၀၊ အနံ ၂၄ ပေရှိ အဆောက်အအုံအဖြစ် ဆောက်လုပ်မည်ဖြစ်ကာ ဇူလိုင် ၃၁ ရက်က စတင် အုတ်မြစ်ချ တည်ဆောက်ခဲ့ရာ ယခုအချိန်အထိ ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် စက်တင်ဘာလအတွင်း အပြီးဆောက်လုပ်မည်ဖြစ်ကြောင်း မြို့နယ် အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

တည်ဆောက်နေသည့် အဆောက်အအုံအတွင်း ထားရှိမည့် အောက်ဆီဂျင်စက် အမျိုးအစားမှာ ရန်ကုန်မြို့ KTK ကုမ္ပဏီမှဝယ်ယူမည့် Cangas အမျိုးအစားဖြစ်ကာ စက်တန်ဖိုးမှာ ငွေကျပ်သိန်း ၇၇၀ ဖြစ်ပြီး တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုးအလုံးရေ ၈၀ မှ ၁၂၀ အထိ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အောက်ဆီဂျင်ဖြန့်ဝေပေးရန်အတွက် ဆက်စပ်ပစ္စည်းများဖြစ်သည့် အောက်ဆီဂျင် ဆလင်ဒါအိုးကြီး ၁၅၀၊ ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ မီးစက်နှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်း မှာယူထားပြီးဖြစ်ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးတွင် မြို့နယ်သံဃာတော်များက ဦးဆောင်နာယကအဖြစ်ဆောင်ရွက်ကာ အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီတွင် အဖွဲ့ဝင် ၁၆ ဦး ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အောက်ဆီဂျင်စက် တည်ဆောက်ရန်အတွက် ဩဂုတ် ၁၉ ရက်အထိ စုစုပေါင်းအလှူရှင် ၄၁၉ ဦးထံမှ လှူဒါန်းငွေကျပ် သိန်းပေါင်း ၂၁၀၀ ကျော်ကိုလည်း ရရှိပြီးဖြစ်သည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးပါက မြို့နယ်အတွင်းမှ လူမျိုးဘာသာမရွေး အရေးပေါ်လူနာများနှင့် လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအတွက် လိုအပ်သည့် အောက်ဆီဂျင်ကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်စက်ရုံတည်ဆောက်ခြင်းဖြင့် ယခုအချိန်တွင် ကိုဗစ်-၁၉ ဝေဒနာရှင်များအတွက်လည်းကောင်း၊ နောင်တွင် မြို့နယ်၏ ကျန်းမာရေးကဏ္ဍကိုလည်းကောင်း များစွာအကျိုးပြုနိုင်မည်ဟု မျှော်လင့်ကြောင်း မြို့နယ် အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေး ကော်မတီဝင် ဦးဇော်ဝင်းက ပြောသည်။

မြို့နယ်(ပြန်/ဆက်)

# “ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး” ခေါင်းစဉ်နှင့် “ ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ ” ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြည်သူများအသိပညာပေး လုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရေး အတွက်လည်းကောင်း **“ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး”** ခေါင်းစဉ်နှင့် **“ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ”** ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုး ကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို **“ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့် ပြိုင်ပွဲကို **“ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲသို့ ကိုဗစ်-၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေးဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ စသည့်အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ် နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀-၉-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ ( ရန်ကုန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ ) သို့ ဆက်သွယ်ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိ

**သာပေါင်း**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လေ့ကြီးတတ်ကျေးရွာရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)ခန်းမ၌ ဩဂုတ် ၂၀ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အရ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၄၄ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၁၄၈ စောင် ပေးအပ်ပွဲကျင်းပသည်။

အခမ်းအနားတွင် လူမှုရေးရာဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းက ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နှင့်အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုရေးရာဝန်ကြီး၊ ပုသိမ်ခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဧရာထိုက်နှင့် တာဝန်ရှိသူများက စက်ရုံဝန်ထမ်း၊ ဝန်ထမ်းမိသားစုများ နှင့် လေ့ကြီးတတ် ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**လင်းခေး**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လင်းခေးမြို့နယ်ဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် ဟိုမိန်းမြို့ ပြည်သူ ၃၂ ဦးအတွက် အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ပေးသည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့ဆောင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးထွန်းလှကျော်တို့က ကတ်ပြားနှင့် အိမ်ထောင်စုစာရင်း လျှောက်ထားသည့် ဟိုမိန်းမြို့ ပြည်သူ ၃၂ ဦးတို့အတွက် ပေးအပ်ခဲ့ကြရာ လျှောက်ထားကြသူများ၏ကိုယ်စား ဟိုမိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဦးငွေးအောင်က လက်ခံယူသည်။ **(အပေါ်ပုံ)**



မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သောကတ် တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများအနေဖြင့် အိမ်ထောင်စုစာရင်းများနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများပြုလုပ်နိုင်ရေး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဖုန်း - ၀၉-၄၂၇၃၁၃၃၃၈ သို့ ဆက်သွယ်ပြုလုပ်နိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**လားရှိုး**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်ရှိ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အခက်အခဲမရှိစေရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ပန်းခင်းစီမံချက်ဖြင့် တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သောကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် ၂၀၂၁-ခုနှစ် ဩဂုတ်၃ ရက်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**လှိုင်ကော်**

ကယားပြည်နယ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးရေး ပန်းခင်းစီမံချက်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပန်းခင်းစီမံချက်အရ ကယားပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ ရပ်ကွက်၊ ကျေးရွာများနှင့် တပ်ရင်းတပ်ဖွဲ့များတွင် ဆောင်ရွက်ပေးသည်။

ကယားပြည်အတွင်းရှိ မြို့နယ်ခုနစ်ခုတွင် ဩဂုတ် ၁၉ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်း ရှစ်ခု၊ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ၅၀၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ၁၂ ခု၊ အသက် (၁၀) နှစ်မှ (၁၈)နှစ်ပြည့် လဲလှယ် ၇၀၊ မိတ္တူ ၁၄ ဦးစုစုပေါင်း နိုင်ငံသားစိစစ်ရေးကတ် ၁၄၆ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)**

- ❖ မြို့နယ်လဝကရုံးများရှိ ရုံးလက်ခံအိမ်ထောင်စုစာရင်းများမှ (၃-၁၁-၂၀၂၂) ရက်တွင် အသက် (၁၈) နှစ် ပြည့်လာမည့်သူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူ တစ်ဦးချင်း အမည်စာရင်းကို ရပ်ကွက်/ကျေးရွာအလိုက် ကောက်ယူစာရင်းပြုစုခြင်း၊
- ❖ ပြုစုထားရှိသည့် အမည်စာရင်းနှင့် ရွှေ့ပြောင်းလျှောက်လွှာပုံစံများအား သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့၍ အမှန်တကယ်နေထိုင်မှုရှိ/မရှိ၊ လူကျန်ခြင်း ရှိ/မရှိ စိစစ်ဖြည့်စွက်ပြီး ရွှေ့ပြောင်းလျှောက်လွှာများအား မြို့နယ်လဝကရုံးများသို့ ပြန်ကြားခြင်း၊
- ❖ မြို့နယ်လဝကရုံးများ၏ တစ်နေ့တာဆောင်ရွက်ပေးနိုင်မည့်ဦးရေနှင့် အမည်စာရင်းကို (၃)ရက် ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့ထားပြီး ယူဆောင်လာရမည့် စာရွက်စာတမ်းနှင့် လိုအပ်ချက်များကို စာဖြင့် အကြောင်းကြားခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊
- ❖ ရုံးလက်ခံ အိမ်ထောင်စုစာရင်းနှင့် ကာယကံရှင်လက်ဝယ်ရှိ အိမ်ထောင်စုစာရင်းများတွင် ရေးသွင်းခြင်း၊

**ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)**

- ❖ အကြောင်းအမျိုးမျိုးကြောင့် ပုံစံ (၁၀) မပါရှိဘဲ ရွှေ့ပြောင်းအခြေချနေထိုင်သူများအား ရပ်ကွက်/ ကျေးရွာအလိုက် စာရင်းကောက်ယူပြီး မူလဒေသရှိ မြို့နယ်ရုံးများနှင့် ဆက်သွယ်မေးမြန်းစိစစ်ခြင်း၊ မှန်ကန်သော အိမ်ထောင်စုများအား မူလမြို့နယ်စာရင်းမှလျှော့ခြင်းနှင့် ပြောင်းရွှေ့ပုံစံ (၁၀) ထုတ်ပေး ခြင်း၊ မိမိမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းတရားဝင်ပြောင်းရွှေ့ရောက်ရှိပြီးမှ လက်ရှိဒေသတွင် ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ဆောင်ရွက်ပေးခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့တိုက်ရိုက်ထုတ်ပေး ခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းအား လက်ရှိဒေသသို့ မပြောင်းရွှေ့လိုသူများအတွက် လူကိုယ်တိုင် အိမ်ထောင်စုလူဦးရေစာရင်းရှိရာမူလဒေသသို့သွားရောက်၍ ကိုင်ဆောင်သင့်သည့်ကတ်ပြား တစ်မျိုးမျိုးရရှိရေး ဆောင်ရွက်ခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့်အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊

# မင်းကင်းမြို့နယ် လောင်းပြည့်ကျေးရွာရှိ ကောဝိသရာမဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား PDF အကြမ်းဖက်လက်နက်ကိုင်များက အကြောင်းမဲ့သတ်ဖြတ်

နေပြည်တော် ဩဂုတ် ၂၀

**အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH နှင့် NUG အဖွဲ့တို့သည် ပညာရေးအဆောက်အအုံများကို နည်းမျိုးစုံဖြင့် ဖျက်ဆီးခြင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အကြမ်းဖက်တိုက်ခိုက်ခြင်းသာမက ၎င်းတို့အဖွဲ့အစည်းအပေါ် ထောက်ခံခြင်းမရှိသည့် လက်နက်မဲ့ အပြစ်ကင်းသည့် ပြည်သူလူထုကိုပါ သတ်ဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။**

ယခုအခါ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသူများသည် ရတနာသုံးပါးတွင် အပါအဝင်ဖြစ်သည့် ရဟန်းတော်များကိုပင် ကိုးကွယ်ဆည်းကပ်ရာအဖြစ် မသတ်မှတ်တော့ဘဲ အကြမ်းဖက်သတ်ဖြတ်မှုကိုပါ လုပ်ဆောင်လာကြကြောင်း တွေ့ရှိရသည်။

### ဒလန်ဟုစွပ်စွဲ

ထိုသို့ ကိုးကွယ်ရာ ရဟန်းတော်ကိုပင် သတ်ဖြတ်အကြမ်းဖက်မှုပြုလုပ်ခဲ့ရာတွင် ဩဂုတ် ၁၈ ရက် ည ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် သံပေါက်ကျေးရွာအုပ်စု လောင်းပြည့်ကျေးရွာရှိ ကောဝိသရာမဘုန်းတော်ကြီးကျောင်းသို့ ဦးဂေါ်ရာ(ခ)ဦးအောင် ဦးဆောင်သည့် PDF အကြမ်းဖက် လက်နက်ကိုင်အဖွဲ့အင်အား ၃၀ ခန့် ရောက်ရှိလာပြီး ကျောင်းထိုင်ဆရာတော် ဉူးကောဝိသ (၇၄)နှစ် ဝါတော်(၅၄)ဝါအား ၎င်းတို့၏ လုပ်ဆောင်ချက်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များသို့ သတင်းများပေးပို့နေသည်၊ ဒလန်ဖြစ်သည်ဟု စွပ်စွဲကာ တူမီးသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ကျောင်းထိုင်ဆရာတော် ဉူးကောဝိသတွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ ပျံလွန်တော်မူခဲ့ရကြောင်း သိရသည်။

အထက်ပါ အကြမ်းဖက်သတ်ဖြတ်ခံရသည့် ဆရာတော်သည် ဘာသာ၊ သာသနာ တိုးတက်စေရေးနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် တက်ကြွစွာဆောင်ရွက်ခဲ့သည့်အပြင် လူမျိုး၊ ဘာသာ၊ အဖွဲ့အစည်း မခွဲခြားဘဲ ကူညီစောင့်ရှောက်ပေးလျက်ရှိသည့် သံဃာတော်တစ်ပါးဖြစ်ကြောင်း၊ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်ရန် အဆိုပါကျေးရွာသို့ရောက်ရှိခဲ့ပြီး ၎င်းလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ကျောင်း၏ ဝေယျာဝစ္စလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခွင့်ပေးခဲ့သည့်အတွက် ဆရာတော်အား ယခုကဲ့သို့ သတင်းပေးဒလန်အဖြစ် စွပ်စွဲ၍ သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

အလားတူ အဆိုပါ PDF အကြမ်းဖက်အဖွဲ့သည် ဇွန် ၁၆ ရက်တွင် မင်းကင်းမြို့နယ် ပင်တင်း(တောင်)ကျေးရွာမှ ကျောင်းထိုင်ဆရာတော် ဉူးသုမင်္ဂလ သက်တော်(၆၃)နှစ် ဝါတော်(၄၃)ဝါကိုလည်း ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီး ဖမ်းဆီးသတ်ဖြတ်ခြင်းကို လုပ်ဆောင်ခဲ့သည်။




စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက တူမီးသေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျောင်းထိုင်ဆရာတော် သေဆုံးမှု နေရာပြပုံ။

### လုံခြုံစိတ်ချရသည့်မြို့ရွာသို့ တိမ်းရှောင်

မင်းကင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သံဃာအချို့ကို ၎င်း PDF အကြမ်းဖက်အဖွဲ့များက လူမှုကွန်ရက်များမှတစ်ဆင့် သူလျှိုဒလန်များအဖြစ် စွပ်စွဲခြင်း၊ အင်အားပြ၍ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းတို့ကြောင့် ဆရာတော်၊ သံဃာတော်များမှာ မိမိတို့၏ ကျောင်းထိုင်သည့် ဘုန်းတော်ကြီးကျောင်းအသီးသီးတွင် ဝါတွင်းကာလ၌ ဝါဆိုဝါကပ်ခြင်း မပြုလုပ်နိုင်ဘဲ အခြားလုံခြုံစိတ်ချရသည့်မြို့/ရွာအသီးသီးသို့ တိမ်းရှောင်ဝါဆိုနေကြရကြောင်း သိရှိရသည်။

ထိုသို့ ရဟန်းသံဃာကိုပင် ရက်စက်စွာ အကြမ်းဖက်သတ်ဖြတ်ခဲ့သူများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိပြီး တရားဥပဒေအရ ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖော်ထုတ်လျက်ရှိသည်။ မိဘပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများ၊ ၎င်းတို့နှင့်ဆက်စပ်သူများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေပြည်သာမြို့နယ်၌ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ပေးသူတစ်ဦး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ရှောင်တိမ်းရန် တိုက်နှစ်လွှာမှ ခုန်ချထွက်ပြေးစဉ် ထိခိုက်သေဆုံး

**နေပြည်တော် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ပေးသူတစ်ဦး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကိုရှောင်တိမ်းရန် တိုက်နှစ်လွှာမှ ခုန်ချထွက်ပြေးစဉ် ထိခိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့မရဲစခန်းတွင် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေပုဒ်မဖြင့် ဖမ်းဆီးစစ်ဆေးလျက်ရှိသည့် နေလင်းထွန်း၏ ဝန်ခံထွက်ဆိုချက်အရ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးပစ္စည်းများကို အင်းစိန်မြို့နယ်ဖော့ကန်ရပ်ကွက် အထက်မင်္ဂလာလမ်း အမှတ် (၁၆၃) နေ လင်းလင်းထွန်း(ခ) ဘိုဖြူ (၂၀နှစ်)(ဘ) ဦးထွေးအောင်မှ ပြုလုပ်ပေးခြင်းဖြစ်ပြီး လင်းလင်းထွန်းမှာ ရွှေပြည်သာမြို့နယ် အမှတ်(၁/၁၇)ရပ်ကွက်၊ ဓမ္မသုခ(၆)လမ်းရှိ “တော်ဝင်ပီတောက်” အဆောင်တွင် တိမ်းရှောင်ပုန်းအောင်းနေထိုင်ကြောင်း သိရသည်။



လင်းလင်းထွန်း(ခ) ဘိုဖြူ



မနှင်းအိခိုင်

ထိုကဲ့သို့ သိရှိရသည့်အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၃ နာရီတွင် “တော်ဝင်ပီတောက်” အဆောင်သို့ သွားရောက်ရှာဖွေခဲ့ရာ လင်းလင်းထွန်းမှာ အဆောင်၏ နှစ်လွှာ ညာဘက်အခန်း၌ နေထိုင်ကြောင်း သိရှိရသဖြင့် အဆိုပါအခန်းအတွင်း ဝင်ရောက်စဉ် လင်းလင်းထွန်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းမခံဘဲ အခန်း၏အနောက်ဘက်သို့ ပြေးထွက်သွားပြီး ပြတင်းတံခါးမှ ခုန်ချခဲ့ရာ အဆောက်အအုံအောက်ရှိ ကွန်ကရစ်ပေါ်သို့ ပက်လက်ပြုတ်ကျခဲ့သဖြင့် ဦးခေါင်း၊ နား၊ နှာခေါင်းနှင့် ပါးစပ်တို့မှ သွေးများထွက်ကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လင်းလင်းထွန်း နေထိုင်ခဲ့သည့် အခန်းအတွင်း ရှာဖွေခဲ့ရာ ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းရရှိခဲ့ခြင်းမရှိဘဲ ၎င်းနှင့်အတူနေသည့် အမျိုးသမီးတစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ရှောင်တိမ်းရန် တိုက်ပေါ်မှ ခုန်ချစဉ် သေဆုံးခဲ့သည့် လင်းလင်းထွန်း၏ ရုပ်အလောင်းကိုတပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့ပြီး ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကျော်ကျော်ဖုန်း အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

# မြစ်ကြီးနား၊ မြဝတီနှင့် မော်လမြိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီခွဲတွင် မြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက်တွင် ကျော်ကျော်ဖုန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၅ ကီလိုကို လည်းကောင်း၊ ထိုနေ့ ည ၇ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်တွင် ကိုကိုလွင် မောင်းနှင်ပြီး နေထက်လင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၃၀ ကိုလည်းကောင်း။

အလားတူ ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီခွဲတွင် မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက်တွင် စောကျော်ထူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၆ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မော်လမြိုင်မြို့ မောင်ငံရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

### သံဃနာယက ဥက္ကဋ္ဌ (မဟာဒွါရ)

## ဆရာတော် ဘဒ္ဒန္တ နာဂိဿရ

### သက်တော် (၈၅)နှစ်၊ သိက္ခာတော် (၆၅)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာရပ်ကွက်၊ နန္ဒာရာမစာသင်တိုက်၏ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တနာဂိဿရသာသနဓဇဓမ္မာစရိယ၊ သာသနဇောတိကဓဇ၀ိနယာမိက ဓမ္မာစရိယ၊ သဒ္ဓမ္မဇုတိန္ဓရအနုနာယက၊ သဃ်န်းကျွန်းမြို့နယ်၊ သံဃနာယက ဥက္ကဋ္ဌ (မဟာဒွါရ) သက်တော် (၈၅)နှစ်၊ သိက္ခာတော် (၆၅)ဝါ၊ မဟာထေရ်မြတ်သည် (၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်) ၂၀-၈-၂၀၂၁ရက် (သောကြာနေ့) နံနက် ၈:၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း သိစေအပ်ပါသည်။

ဒါယကာ၊ ဒါယိကာမများ

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးခင်မောင်တာ (ကသာမြို့)

### B.Sc, Engg: (Mechanical)

### (လက်ထောက်ညွှန်ကြားရေးမှူး စက်မှု/စားကုန်၊ စက်မှု (၁) (ငြိမ်း)

### အသက် (၈၇)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နေ (ဦးထွန်းလှိုင်-ဒေါ်ကြည်)တို့၏သား၊ (ဒေါ်တင်မေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်စိုး-ဒေါ်ဝင်းဝင်းမာ၊ ဦးအောင်ကြီး (ဦးစီးအရာရှိ၊ စ.စ.စ၊ ရန်ကုန်တိုင်းဒေသကြီး)၊ ဦးအောင်လေး-ဒေါ်မိမိခိုင်၊ ဗိုလ်မှူးကျော်ဌေးဝင်း (ငြိမ်း) - ဒေါ်ထွေးထွေးမာ၊ ဒု-ဗိုလ်မှူးကြီးအောင်ထွေး(ငြိမ်း)-ဒေါက်တာဝင်းဝင်းမြင့် (အထွေထွေအထူးကုသမားတော်ကြီး၊ ဘားအံဆေးရုံကြီး)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၀-၈-၂၀၂၁ ရက် မွန်းလွဲ ၂:၂၀ နာရီတွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### (၁) လပြည့် လွမ်းဆွတ်သတိရအမျှဝေခြင်း

## ဦးမောင်မောင်ဇင်

### စက်မှု (၁)၊ ဌာနမှူး(ငြိမ်း)

### အင်းစိန်မြို့နယ်၊ စာရေးဆရာအသင်းဥက္ကဋ္ဌ

### ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင် (GEC) ဒု-ဥက္ကဋ္ဌ

### အသက် (၇၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် (၅၃၁/က)နေ (ဦးဘရှင်-ဒေါ်ခင်မြမြ) တို့၏သား၊ (ဦးသောင်းညွန့်)-ဒေါ်စိန်ရင်တို့၏ သားသမက်၊ ဒေါ်ယဉ်ယဉ်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသက်နိုင်ကျော်-ဒေါ်ယဉ်လှိုင်ဇင်၊ ဦးရဲဝင့်ဇင်-ဒေါ်မြကေခိုင်(ခ)အိတုံတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး မစင်သီယာကျော်၏ ချစ်လှစွာသောအဘိုး၊ ဒေါ်ခင်လေး၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဦးမောင်မောင်ကျော်လွင်၏ ချစ်လှစွာသော ဦးလေး ဦးမောင်မောင်ဇင်အားရည်စူး၍ ဒါနကုသိုလ် ကောင်းမှုအစုစုကို ရေစက်သွန်းချအမျှကုသိုလ်ပေးဝေပါသည်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှာ ရရှိခံစားနိုင်ပြီး သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ပါစေ။

အမျှ...အမျှ...အမျှ

| | | | |
|---|---|---|---|
| ကျန်ရစ်သူ - | ချစ်ဇနီး | - | ဒေါ်ယဉ်ယဉ်အေး |
| | ချစ်သမီး | - | ကိုသက်နိုင်ကျော်-မယဉ်လှိုင်ဇင် |
| | ချစ်သား | - | ကိုရဲဝင့်ဇင်-မမြကေခိုင်(ခ)အိတုံ |
| | ချစ်ညီမ | - | ဒေါ်ခင်လေး |
| | တူ | - | ကိုမောင်မောင်ကျော်လွင် |

---

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးစိုင်းလောင်(ဝ်)ဆိုင်

## အသက် (၆၀) နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း စာရင်းစစ် **ဦးစိုင်းလောင်(ဝ်)ဆိုင် အသက် (၆၀) နှစ်** သည် ၂၀-၈-၂၀၂၁ရက် (သောကြာနေ့) နံနက်ပိုင်းတွင် (ဇွဗ်)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်**
**မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း**

---

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးညိုပြာ

### (ဝါဇီ စက်ရုံ-ငြိမ်း)

### အသက်(၇၆)နှစ်

ဒုတိယဗိုလ်မှူးကြီး ရန်ကျော်နှင့်ဇနီး ဒေါ်ငြိမ်းငြိမ်းအိ တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးညိုပြာ(ဝါဇီ စက်ရုံ-ငြိမ်း)သည် ၂၀-၈-၂၀၂၁ရက် နံနက် ၅:၃၀ နာရီခန့်တွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လေယာဉ်မောင်းသင်တန်း အမှတ်စဉ်(၆၃)မှ သူငယ်ချင်းများ

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတိုးမြင့်

### အသက်(၅၈)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးမြင့်သည် ၁၉-၈- ၂၀၂၁ ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

---

### ဘုရား၊ ရဟန်း၊ ကျောင်း အလှူဒါယိကာမကြီး

## ဒေါ်သိန်းမြင့်

### (ရန်ကုန်မြို့)

### အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်မြင့်-ဒေါ်ကုလားမ)တို့၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကွန်းမြို့နေ (ဦးစိန်ခို-ဒေါ်နန်းပေါ)တို့၏ သမီးချွေးမ၊ ဦးဘတင့် တပ်မတော်(ရေ-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဦးကျော်ကျော်ဦး-ဒေါ်မွန်မွန်အောင်၊ ဦးကျော်ကျော်စိုး-ဒေါ်ဥမ္မာမြင့်၊ ဦးကျော်ကျော်တင့်-ဒေါ်ခင်သွယ်သွယ်ဝင်း၊ ဦးတိုးတိုး-ဒေါ်အေးအေးထွေးတို့၏ မိခင်ကြီး၊ မြေး (၅)ယောက်တို့၏ ဘွားဘွားသည် ၁၇-၈-၂၀၂၁ရက် (အင်္ဂါနေ့)နံနက်၁၀:၄၅နာရီတွင် (ဇွဗ်)ပါးသော ရောဂါဖြင့် ရန်ကုန်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၈-၂၀၂၁ရက် ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြသောင်း

### (ရန်ကင်းဆောက်လုပ်ရေး)

### အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ် (၁၁)၊ ၄(လွှာ)၊ ရတနာလမ်းနေ (ဦးဘိုးရင်-ဒေါ်ရီ)တို့၏သား၊ [ဦးတင်ထွန်း (မြို့နယ်မီးသတ်ဦးစီးမှူး)]-ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်သီသီထွန်း၏ခင်ပွန်း၊ (ဦးချစ်-ဒေါ်မြသန်း)တို့၏မောင်၊ (ဦးစိုးဝင်းဦး)-ဒေါ်မြင့်သိန်းတို့၏အစ်ကို၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ် (၁၅)၊ ဥသျှဖရားလမ်းနေ ဦးစံထူး-ဒေါ်တင်နီလာဦး (စံပြရန်ကင်းဈေး)တို့၏ဘကြီးသည် ၁၇-၈-၂၀၂၁ ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ကြည်း ၁၅၁၂၄ ဒုတိယဗိုလ်မှူးကြီး မြင့်စိန်(ငြိမ်း)

### တေဇ(၆)

### အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဦးဘိုနီ)-ဒေါ်သန်းကြည်တို့၏သား၊ မကွေးမြို့နေ (ဦးညွန့်လှိုင်-ဒေါ်ညိုညိုလှိုင်)တို့၏သားသမက်၊ ရွှေပြည်သာမြို့နယ်၊ (၄) ရပ်ကွက်၊ နှင်းဆီ (၄)လမ်း၊ အိမ်အမှတ်(၆၈)နေ ဒေါ်နွယ်နီလှိုင်၏ခင်ပွန်း၊ ဦးဝင်းမင်းသိန်း - ဒေါ်လှိုင်မြင့်သူ၊ ဦးလှိုင်မြင့်ထွန်း-ဒေါ်လဲ့လဲ့အောင်၊ ဒေါက်တာ သန့်ထိုက်စိန်၊ ဒေါက်တာ ချမ်းငြိမ်းစိန်-ဒေါက်တာ ဇာနည်ဖြိုးတို့၏ဖခင်ကြီး၊ မယွန်းမြမင်းအေး၊ မောင်မင်းဟန်ကောင်း၊ မောင်စိန်အဲရိုးတို့၏အဘိုးသည် ၁၅-၈-၂၀၂၁ ရက် ညနေ ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ ဒါယကာကြီး

## ဦးဌေးလှိုင် (မြောင်းမြ)

### ရွှေပြည့်စုံ ဆန်စပါး ရောင်းဝယ်ရေး

### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ်(၁၀)ပထမထပ်(ဝဲ)နေ (ဦးစုံကြီး-ဒေါ်ကြင်မြိုင်)တို့၏သား၊ (ဦးလှရွှေ-ဒေါ်မဲစိန်)တို့၏သားသမက်၊ ကိုဖြိုးမင်းဟန်-မစုပြည့်လှိုင်၊ မောင်မင်းထက်နိုင်တို့၏ဖခင်၊ ဒေါ်ဖြူဖြူရွှေ၏ ချစ်လှစွာသောခင်ပွန်း ဦးဌေးလှိုင် သည် ၂၀-၈-၂၀၂၁ရက် နံနက် ၀၀:၁၀နာရီတွင် ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### အောက်မေ့သတိရ(၁)လပြည့်အလှူ

## ဦးဥက္ကါ (မုံရွာ)

### OTS(11)

### ရဲမှူးကြီး(ငြိမ်း)

### ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊

### ရှေးဟောင်းသုတေသနဦးစီးဌာန

### အသက်(၉၇)နှစ်

၂၁-၇-၂၀၂၁ ရက်တွင် ဇွဗ် ပါးရောဂါဖြင့် ကွယ်လွန်သွားသော ဖခင်ကြီးအား ရည်စူး၍ တစ်လပြည့်ဆွမ်းကုသိုလ်နှင့်အတူ ပြုပြုသမျှသော ကုသိုလ်အဝဝတို့ကို ဖခင်ကြီး အမျှရပါစေ။

သမီး
ကျန်ရစ်သူမိသားစု
ဦးခင်မောင်မောင်အုန်း၊ ဒေါ်ဂီဂီဂါ
ရန်ကင်း

---

## ဒေါ်ချစ်ချစ်(ခ)ဒေါ်ချစ်ချစ်စံ (လီလီညွန့်မောင်)

### BA (Burmese)

### (စိန်ဂျွန်းကွန်ဗင့်ကျောင်းသူဟောင်း) (ခရမ်းမြို့)

### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် (၁၁၁/၁၂လွှာ)၊ ဗိုလ်တထောင်ဘုရားလမ်းနေ (ဦးညွန့်မောင်-ဒေါ်ခင်စော)တို့၏သမီး၊ (ဦးမြင့်စိုး၊ စက်မှုစီမံကိန်းဦးစီးဌာန)၏ဇနီး၊ ဒေါ်မြင့်မြင့် B.Sc (Hons), M.sc (Botany)၊ NCEA ဌာနစုမှူး-ငြိမ်း)၊ ဦးအောင်အောင်(ဆက်ထောက်အရာရှိ၊ ကြယ်ငါးပွင့်-ငြိမ်း)-ဒေါ်ခင်စုမော်၊ ဦးသက်နိုင် (Director ATR Singapore Center)-ဒေါ်နွယ်နီဝင်း၊ ဒေါက်တာကျော်ဝဏ္ဏ-ဒေါက်တာခိုင်ခိုင်စု၊ ဒေါ်ခင်ခင်စု (AIB Ltd.)၊ ဦးသီရိမောင် (AIB Ltd.)-ဒေါ်နီလာကိုကြီးတို့၏မွေးသမိခင်၊ ဦးဝေဖြိုး (Shwe Pyi Travel & CarRental Services)-ဒေါ်အေးစန္ဒာ၊ ဦးအောင်ကျော်၊ ဦးညီထူး (2/0 F.G)-ဒေါ်ဆု၊ မဖြူစင်သက်နိုင်၊ မောင်ချစ်ဖုန်းသက်နိုင်၊ မမေဖြူ ဖြူမောင်တို့၏အဘွား၊ မြစ် ငါးယောက်တို့၏အဘွား ဒေါ်ချစ်ချစ်သည် ၁၉-၈-၂၀၂၁ရက် ညနေ ၅:၁၀ နာရီတွင် ကွယ်လွန်အနိစ္စရောက် သွားပါ၍ ယင်းနေ့ညနေ ၆:၄၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဗိုလ်မှူး ဒေါ်ကြည်ကြည်အေး (ငြိမ်း)N.182

### စစ်သူနာပြုအရာရှိသင်တန်းအပတ်စဉ်(၂)

### စန္ဒီဒေဝီ အမျိုးသမီး ကျန်းမာရေးဝန်ဆောင်မှုအသင်းဥက္ကဋ္ဌဟောင်း

### ပုသိမ်အသင်း၏ ရာသက်ပန်အသင်းဝင်

### အသက်(၈၆)နှစ်

ပုသိမ်မြို့နေ(ဦးစံရှား-ဒေါ်အေးကြွယ်)တို့၏သမီးငယ်၊ ရန်ကုန်မြို့နေ (ဦးကျော်ညိမ်း-ဒေါ်လှအေး)တို့၏သမီးချွေးမ၊ (ဦးကျော်လွင်)-ဒေါ်လှသိန်း၊ (ဦးအောင်ဒင်-ဒေါ်နွဲ့ရီ)တို့၏ညီမ၊ တူ၊ တူမ ၁၁ ယောက်တို့၏ ချစ်လှစွာသော အဒေါ်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ ခြံအမှတ် (၁၅)နေ [ ဦးမောင်မောင်(ခ) ဦးအေး] ၏ဇနီး ဗိုလ်မှူးဒေါ်ကြည်ကြည်အေး(ငြိမ်း)သည် ၂၀-၈-၂၀၂၁ရက် (သောကြာနေ့) နံနက် ၃:၂၀နာရီတွင် (ဇွဗ်)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးကြီး ဇော်ဝင်းထွန်း

### အသက် (၅၀) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးအောင်ငြိမ်း-ဒေါ်သိန်းတီတို့၏သား၊ (ဗိုလ်မှူးချုပ် စိန်ဝင်း) (ငြိမ်း) စစ်ဥပဒေချုပ် - ဒေါ်ကြည်ကြည်ဝင်းတို့၏သားသမက်၊ ဒေါ်စန္ဒာဝင်း (တွဲဖက်ပါမောက္ခ၊ ဂျပန်ဘာသာဌာန(MUFL) ၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၀-၈-၂၀၂၁ ရက် (သောကြာနေ့) နံနက် ၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် တပ်မတော် စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## Alliance Myanmar(Mahamate)NGO

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

Alliance Myanmar(Mahamate) ရုံးမှ အောက်ဖော်ပြပါ ပစ္စည်းများကို ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Laptop(Core i5-10th Generation CPU@1.6GHz~4.2GBz, 8GBRAM, SSD 512GB | (33)Pcs |
| ၂။ | Printer(Canon LBP2900B, Black & White Laser Printer) | (10)Pcs |

| | | |
|---|---|---|
| (၁) | **တင်ဒါလျှောက်လွှာတင်ရမည့် ရက်/အချိန်** - | ၂၃-၈-၂၀၂၁ရက် (နံနက် ၉:၃၀နာရီမှညနေ၅နာရီ ရုံးချိန်အတွင်း) |
| (၂) | **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - | ၆-၉-၂၀၂၁ရက် (နံနက် ၉:၃၀နာရီမှ ညနေ၅နာရီရုံးချိန်အတွင်း) |

(၃) တင်ဒါလျှောက်လွှာပုံစံကို Alliance Myanmar(Mahamate) ရုံးတွင် လာရောက် ထုတ်ယူရမည်ဖြစ်ပါသည်။

တင်ဒါတင်ရမည့်နေရာ-အမှတ်-၂၄၊ လှိုင်ရတနာမွန်အိမ်ရာ၊(၂)လမ်း၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၄၃၁၅၁၇၃၂၊ ၀၉-၈၆၃၅၇၀၇၂၅၊ ၀၉-၄၃၁၅၂၁၈၄၊ ၀၁-၅၀၀၆၁၉ Alliance Myanmar(Mahamate)ရုံး။

---

**သွေးသည် အသက် သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဩဂုတ် ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၀၀၉ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၁၅၁ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၄၀၉၆ ဦးရှိ**

(၂၀-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကိုမကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ◆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ရွှေ့လျားဈေးကား Mobile Market စနစ်ဖြင့် အခြေခံစားကုန်ပစ္စည်းများ လှည့်လည်ရောင်းချ အခြေခံအိမ်သုံးဆေးဝါးများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများတွင် အခက်အခဲအမျိုးမျိုး ကြုံတွေ့ရလျက်ရှိပြီး စားရေးအခက်အခဲများနှင့် အခြေခံ အိမ်သုံးဆေးဝါးအခက်အခဲများလည်း ရင်ဆိုင်ရလျက်ရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူလူထု ရင်ဆိုင်ကြုံတွေ့နေရသည့် စားရေးနှင့် အခြေခံအိမ်သုံး ဆေးဝါးများ အလွယ်တကူဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက်လည်း လုပ်ဆောင်ပေးလျက်ရှိသည်။ ထိုသို့ လုပ်ဆောင်ပေးလျက်ရှိရာ လူဦးရေထူထပ်ပြီး ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေးအခက်အခဲ မရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာ နိုင်ငံဆန်စပါးအသင်းချုပ်တို့၏ ဦးဆောင်မှုနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ အစီအစဉ်ဖြင့်



ရွှေ့လျားဈေးကား Mobile Market စနစ်ဖြင့် အခြေခံစားကုန်များ ရောင်းချပေးစဉ်။

*စာမျက်နှာ ၁၆ ကော်လံ ၁* ❑

## အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ မြန်မာအသင်း ဗီယက်နမ်၊ တရုတ်(တိုင်ပေ)တို့နှင့် တစ်အုပ်စုတည်း ယှဉ်ပြိုင်ရမည်

၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်၊ တရုတ် (တိုင်ပေ) အသင်းတို့နှင့် တစ်အုပ်စုတည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဘောလုံး အဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲမှ မြောက်ကိုရီးယားအသင်း နုတ်ထွက်သွားသောကြောင့် အုပ်စု (K)တွင် အသင်းတစ်သင်း အစားထိုးရန် မဲနှိုက်ရွေးချယ်ခဲ့ရာ ဟောင်ကောင်အသင်း ကျရောက်ခဲ့သည်။ ဟောင်ကောင်အသင်းသည် ယခင်က မြန်မာအသင်းပါဝင်သော အုပ်စု (I) တွင် ပါဝင်ခဲ့သည့် အသင်းဖြစ်ပြီး အုပ်စု (K) သို့ ပြောင်းလဲကစားရမည်ဖြစ်သောကြောင့် သုံးသင်းသာကျန်ရှိတော့သည်။

ဇူလိုင် ၉ ရက်က ပြုလုပ်ခဲ့သည့် အုပ်စုမဲခွဲပွဲတွင် အုပ်စု (K) ၌ ကျရောက်ခဲ့သည့် မြောက်ကိုရီးယားအသင်းသည် ယခုလဆန်းပိုင်းတွင် နုတ်ထွက်ကြောင်း အကြောင်းကြားခဲ့ရာ ယင်းအုပ်စုတွင် ဂျပန်နှင့် ကမ္ဘောဒီးယားအသင်းတို့သာ ကျန်ရှိတော့သဖြင့် အခြားအရှေ့အာရှဇုန်မှ အသင်းတစ်သင်းဖြင့် အစားထိုးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ပြောင်းလဲရာတွင် အရှေ့အာရှဇုန် အုပ်စုများဖြစ်သာအုပ်စု (G၊ H၊ I၊ J) မှ တစ်သင်းဖြင့် အစားထိုးမည်ဖြစ်သော်လည်း အုပ်စုမဲခွဲရာတွင်

*စာမျက်နှာ ၁၁ ကော်လံ ၁* ○

## အသိပေးကြေညာချက်

Radio NUG အမည်ဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် စမ်းသပ်ထုတ်လွှင့်ခဲ့သည့် ရေဒီယိုလိုင်းသည် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်လွှင့်ခွင့်ပြုထားသည့် ရေဒီယိုလိုင်းမဟုတ်ပါ။ ခွင့်ပြုချက်မရရှိဘဲ မည်သူမဆိုလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
၂၀-၈-၂၀၂၁

## ယနေ့ သတင်းအညွှန်း

**နိုင်ငံတကာ အားကစား မြင်ကွင်း**

စာ - ၂၂



**ရွှေပြည်သာမြို့နယ်၌ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ပေးသူတစ်ဦး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ရှောင်တိမ်းရန် တိုက်နှစ်လွှာမှ ခုန်ချထွက်ပြေးစဉ် ထိခိုက်သေဆုံး**

စာ - ၂၈